## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## (၃၆)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

[အင်္ဂါနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ရဲ့ (၃၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၄၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်။ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၃၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး (၃)၊ ကျန်းမာရေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကျန်းမာရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကျန်းမာရေး။ ဦးနိန်ခင်းပေါင်း၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်တွင်း၌ ထုတ်လုပ်သော၊ ပြည်ပမှ တင်သွင်းဖြန့်ချိသော ဆေးလိပ်ဘူးများတွင် ကျန်းမာရေး အသိပညာပေးရုပ်ပုံများ ရိုက်နှိပ်ဖော်ပြစေရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က ပြည်တွင်း၌ ထုတ်လုပ်သော၊ ပြည်ပမှ တင်သွင်းဖြန့်ချိသော ဆေးလိပ်ဘူးများတွင် ကျန်းမာရေး အသိပညာပေးရုပ်ပုံများ ရိုက်နှိပ်ဖော်ပြစေရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့ အစည်းအဝေးကို ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နဲ့ မေးမြန်းမယ့် မေးခွန်းကတော့ ပြည်တွင်းမှာထုတ်လုပ်တဲ့ ဆေးလိပ်ဘူးတွေပဲဖြစ်စေ၊ ဒါမှမဟုတ်ရင် ပြည်ပကနေ တင်သွင်း

ဖြန့်ချီတဲ့ ဆေးလိပ်ဘူးတွေမှာပဲဖြစ်စေ ကျန်းမာရေးအသိပညာပေးရုပ်ပုံတွေ ရိုက်နှိပ်ဖော်ပြဖို့ အစီအစဉ် ရှိမရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆေးလိပ်နဲ့ ဆေးရွက်ကြီး တိုက်ဖျက်ရေး လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်။ ဆေးလိပ်နဲ့ ဆေးရွက်ကြီးဥပဒေကို ပြဋ္ဌာန်းထားပေမယ့် လည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အပိုင်းမှာ လုံလောက်ပြည့်စုံမှု မရှိသေးပါဘူး။ အဲဒီ အခါမှာ ဆေးလိပ်က ကျွန်တော်တို့ လွယ်လင့်တကူဝယ်ယူရရှိနေတဲ့ အနေအထား ဖြစ်ပါတယ်။ ဒီအထဲ မှာမှ ဒီဆေးလိပ်ဘူးတွေမှာ ကျွန်တော်တို့ ဆေးလိပ်ဘူးတွေက ရွှေရောင်လေးတွေ ရှိတယ်။ အဝါ ရောင်လေးတွေ၊ အနီရောင်လေးတွေ၊ အဖြူရောင်လေးတွေ၊ စိမ်းပြာရောင်လေးတွေ အစရှိသဖြင့် သောက်ချင်စဖွယ် အနေအထားနဲ့ ဆေးလိပ်ဘူးတွေက ရှိနေတဲ့အခါကျတော့ ဆေးလိပ်သောက်သုံးသူတွေ အတွက်ကလည်း သောက်ချင်စရာလေး ဖြစ်နေပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကိုယ်တိုင်လည်း ဆေးလိပ်သောက်သုံးသူ တစ်ယောက်ဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဆေးလိပ်သောက်သုံးမှုကို အတော်လေးလျှော့ချထားပါတယ်။ ဒါပေမယ့်လည်း ဒီဘူးလေးတွေကိုက သောက်ချင်စိတ် ဖြစ်အောင်လို့ (Attraction) ဖြစ်နေသလို ဖြစ်နေပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးလည်း၊ ဒုတိယဝန်ကြီးများလည်း တွေ့ကြုံဖူးမှာ ပါ။ ကျွန်တော်တို့ ပြည်ပခရီးစဉ်တွေ သွားတဲ့အခါမှာ ဘန်ကောက်လောက်ရောက်လိုက်ပြီ ဆိုရင်ကို ဆေးလိပ်ဘူးက လက်ထဲမှာ ကြာကြာကိုင်မထားရဲဘူးခင်ဗျား။ ကိုင်ထားရင် ဒီပုံကြီးတွေ ကြည့်ပြီးတော့ ကို လန့်လန့်လာတယ်။ ဒီမှာ တစ်ခါတည်း ကျွန်တော်တို့ ဆေးလိပ်ဘူးရဲ့ မျက်နှာပြင်မှာ ရိုက်နှိပ်ဖော်ပြ ထားတဲ့ ဓာတ်ပုံတွေပါခင်ဗျား။ စာသားထက် ရုပ်ပုံက ပိုပြီးတော့ ထိရောက်ပါတယ်။ အထူးအားဖြင့် မြန်မာနိုင်ငံမှာ ကင်ဆာဖြစ်ပွားမှုနှုန်းမှာ ခံတွင်းကင်ဆာက အဆင့်(၅)နေရာမှာ ရှိပါတယ်။ ဆေးလိပ် သောက်သုံးခြင်းအားဖြင့် ခံတွင်းကင်ဆာဖြစ်ဖို့ (Chance)က အခြေအနေဟာ အမြောက်အမြားကို ရှိပါတယ်။ ကျွန်တော်တို့ Cancranoris လို့ခေါ်တဲ့ ဒီပါးကြီးတစ်ခုလုံး ပေါက်ထွက်နေတဲ့ အနာမျိုးကြီးတွေ၊ နောက်တစ်ခါ အကျိတ်ကြီးတွေ၊ အဖုကြီးတွေ၊ နှုတ်ခမ်းကြီးတစ်ခုလုံး ပြတ်ကျနေတဲ့ ပုံကြီးတွေ၊ နောက်တစ်ခါ ကျွန်တော်တို့ အဆုတ်ကင်ဆာမှာဆိုလည်း အဆုတ်က မွစိတက်ပြီးတော့ကို အဆုတ်ကြီးက ဖောင်းယောင်နေတဲ့ပုံကြီးတွေ ဒါတွေကို ဆေးလိပ်ဘူးများပေါ်မှာ ပုံနှိပ်ထားခြင်း အားဖြင့် သောက်သုံးမယ့်သူဟာ တော်တော်တော့ လက်တွန့်သွားပါတယ်ခင်ဗျား။ ဆေးလိပ်တစ်လိပ် ထုတ်ပြီးရင်တောင် ဘူးကိုဟိုနားထည့်၊ ဒီနားထည့်ပေါ့နော် ပြန်ပြီးတော့ဖွက်ရတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။

အခုကျွန်တော်တို့ မြန်မာနိုင်ငံမှာကတော့ လက်ရှိမှာတော့ ဆေးလိပ်သောက်သုံးခြင်းသည် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်နိုင်သည်ဆိုတဲ့ စာတမ်းလေးတော့ ပါပါတယ်။ ဒီစာတမ်းလေးလောက် နဲ့တော့ လုံလောက်မှုမရှိလောက်ဘူးလို့ပဲ ရိုးသားစွာ တင်ပြလိုပါတယ်။ ဒီလို ဆေးလိပ်ကြောင့်ဖြစ် မယ့် ဆိုးကျိုးတွေ၊ ဝေဒနာဆိုးတွေရဲ့ ရုပ်ပုံတွေကို ကျကျနနဒီလိုရိုက်နှိပ်ပြီး ဖော်ပြလိုက်မယ်ဆိုရင်တော့ ဆေးလိပ်သောက်သုံးမှု အများကြီး လျော့ကျသွားဖွယ်ရာ ရှိပါတယ်။ ဆေးလိပ်တို့၊ အရက်တို့ကို နိုင်ငံ တကာမှာလည်း အကောက်ခွန်နှုန်းထားတွေ တိုးမြှင့်ပြီးတော့ ကျွန်တော်တို့ ဒါထိန်းချုပ်တာမျိုးရှိပါ တယ်။ ဒီမှာလည်း ကျွန်တော်တို့ အကောက်ခွန်နှုန်းထားတွေ တိုးမြှင့်ထားပါတယ်။ သို့သော် ဆေးလိပ်

ကို ကြိုက်နှစ်သက်တဲ့သူ၊ ဆေးလိပ်သောက်လေ့သောက်ထရှိတဲ့ ဆေးလိပ်စွဲနေတဲ့ သူကတော့ ဈေးမြင့်ရင်လည်း သူကနည်းနည်းလျှော့သောက်တာတော့ရှိမယ်။ ဆေးလိပ်ကို ဖြတ်လိုက်ဖို့က မလွယ်ပါဘူး ခင်ဗျား။

ဒါကြောင့်မို့လို့ အိမ်နီးနားချင်းနိုင်ငံတွေမှာ ကျင့်သုံးနေတဲ့နည်းတူ ပြည်တွင်းမှာထုတ်လုပ်တဲ့ ဆေးလိပ်ပဲဖြစ်ဖြစ်၊ ပြည်ပကနေ တင်သွင်းဖြန့်ချိတဲ့ ဆေးလိပ်ပဲ ဖြစ်ဖြစ်၊ ဆေးလိပ်ဘူးတွေရဲ့ မျက်နှာပြင်ရဲ့ (၈၀)ရာခိုင်နှုန်းမှာ ဆေးလိပ်ဆိုးကျိုးကြောင့် ရရှိမယ့်ရောဂါဆိုးတွေရဲ့ ဓာတ်ပုံတွေကို ကွင်းကွင်းကွက်ကွက်နဲ့ ဒီအန္တရာယ်ဆိုးတွေကို ပြတ်ပြတ်သားသားမြင်ပြီးတော့ ဆင်ခြင်နိုင်ဖို့ အတွက် ဒီကျန်းမာရေးအသိပညာပေးရုပ်ပုံတွေကို ရိုက်နှိပ်ပြီးတော့ ဖော်ပြပေးဖို့ အစီအစဉ် ရှိမရှိနဲ့ မရှိဘူးဆိုရင်လည်း ဘာကြောင့်မို့လို့ ဒီလိုမျိုး ပြဋ္ဌာန်းသတ်မှတ်နိုင်ခြင်း မရှိဘူးဆိုတာကို သိရှိလိုပါတဲ့ အတွက် ကြောင့်မို့လို့ အများပြည်သူအကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အပြုသဘောလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမြတ်ဉာဏစိုး က ဒီမေးခွန်းမေးဖို့အတွက်ကို အရေးပေါ် ဆေးလိပ်ဖြတ်ပြီး မေးရရှာတာဖြစ်ပါတယ်။ ဒါကို မေးခွန်းနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာသန်းအောင် ၊ (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးခွန်းအား ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား မိမိဒုတိယဝန်ကြီးမှ ပြန်လည်ရှင်းလင်းတင်ပြခွင့် ပြုပါရန် တင်ပြအပ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပါတယ်။ ကွန်ဗင်းရှင်းပါ အချက်များအပေါ် အခြေခံသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ ခုနှစ်၊ မေလတွင် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ တင်ပြပါ ဥပဒေအခန်း(၅)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (င)အရ ဆေးလိပ်ထုပ်တွင် ဖော်ပြပါရှိရမည့် ဆေးလိပ်သောက်သုံးခြင်းကြောင့် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတမ်းများကိုလည်းကောင်း၊ တခြားလိုအပ်သော သတိပေးချက်များကိုလည်းကောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးရမည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် အာဆီယံဒေသအတွင်းရှိ နိုင်ငံများနည်းတူ ဆေးလိပ်ဘူး၊ ဆေးလိပ်ထုပ်နှင့် ဆေးရွက်ကြီးထုပ်များပေါ်တွင် ကျန်းမာရေးသတိပေးစာတမ်းနှင့် ရုပ်ပုံများကို ဖော်ပြသတိပေးနိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပခဲ့သော အမျိုးသား

ကျန်းမာရေးကော်မတီသို့ နမူနာရုပ်ပုံများ၊ စာတမ်းနှင့်တကွ တင်ပြအတည်ပြုချက်ရယူခြင်း၊ ပြည်သူလူထု၏ သဘောထားအမြင်ကို လေ့လာဆန်းစစ်ခြင်းနှင့် ဒေသနှင့်သင့်လျော်သော ဓာတ်ပုံများကို ရိုက်ကူး စုဆောင်း ဆောင်ရွက်ခြင်းများ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အာဆီယံနိုင်ငံအတွင်း နိုင်ငံများနည်းတူ အရွယ်အစားသတ်မှတ်၍ အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အလားတူစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း ပြည်ပမှတင်သွင်းခွင့်မပြုသော ပစ္စည်းများမှာ အရက်၊ ဘီယာ၊ စီးကရက်နှင့် တည်ဆဲဥပဒေအရ ကန့်သတ်ထားသော ပစ္စည်းများဖြစ်ကြောင်း အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၃ ဖြင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ထိုသို့ တင်သွင်းရန် ကန့်သတ်ထားသော်လည်း ပြည်တွင်းဈေးကွက်လိုအပ်ချက်ရှိခြင်း၊ ပြောင်းလဲလာသော အခြေအနေအရ နိုင်ငံခြားသားဝင်ထွက်မှုများပြားခြင်းတို့ကြောင့် နိုင်ငံတကာတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော အကောက်ခွန်လွတ် အရောင်းဆိုင်များတွင် ရောင်းချနိုင်ရန်အတွက် ဟိုတယ်များတွင် အသုံးပြုနိုင်ရန်အတွက်လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြုလျက်ရှိပါတယ်။ သို့ရာတွင် စားသုံးသူ ဥပဒေ၊ ကာကွယ်ရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲငယ်(ဂ)တွင် အမည်၊ အရွယ်အစား၊ အသားတင် အလေးချိန်၊ ထုထည်၊ ဖွဲ့စည်းပုံ၊ ညွှန်ကြားချက် ထုတ်လုပ်သည့် ရက်စွဲနဲ့ ထုတ်လုပ်သည့် အမှတ်စဉ် နောက်ဆုံးသုံးစွဲရမည့်ရက်၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ထုတ်လုပ်သည့် ကုမ္ပဏီအမည်နှင့် လိပ်စာ၊ ရောင်းချဖြန့်ဖြူးသူအမည်၊ အမှတ်တံဆိပ်၊ သတင်းအချက်အလက်နှင့် ကြိုတင်သတိပေးချက် မပါရှိသော ပစ္စည်းတို့ကို စီးပွားရေးလုပ်ငန်းရှင်များသည် ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း ဆောင်ရွက်ခြင်းမပြုရန် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

အလားတူစွာပဲ စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၈ တွင် ဖော်ပြထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက အောက်ဖော်ပြပါ အရေးယူမှုတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အရေးယူမှုကိုဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်နိုင်သည်ဟု ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ တင်ပြပါအချက်များကတော့ (က) သတိပေးခြင်း၊ (ခ) ပြင်းထန်စွာ သတိပေးခြင်း၊ (ဂ) လျော်ကြေးပေးစေခြင်း၊ (ဃ) အငြင်းပွားလျက်ရှိသော ကုန်စည်ကို ရောင်းချဖြန့်ဖြူးခြင်းအားကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း၊ (င) ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းခြင်း၊ (စ) စားသုံးသူ၏ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော ကုန်ပစ္စည်းကို ဖျက်ဆီးစေခြင်းနှင့် (ဆ) လုပ်ငန်းလိုင်စင်ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်းပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

ထို့အပြင် မြန်မာနိုင်ငံကုန်အမှတ်အသားများ အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၁)တွင် ကုန်အမှတ်တံဆိပ်ဆိုသည်မှာ တစ်ဦးတစ်ယောက်သူ၏ ထုတ်လုပ်ကုန်ပစ္စည်းကို လည်းကောင်း၊ အရောင်းအဝယ်ကုန်ပစ္စည်း ဖြစ်ကြောင်းကိုလည်းကောင်း ဖော်ပြအသုံးပြုသည့် အမှတ်အသားကို ခေါ်သည်ဟု ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၇၈ တွင် ဖော်ပြပါသည်။ မြန်မာနိုင်ငံကုန်စည် အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂ တွင်လည်း ကုန်သွယ်မှုဖော်ပြချက်ကို မမှန်မကန်လိမ်လည်ဖော်ပြ၍ အသုံးပြုသူသည် လိမ်လည်ရန်ကြံရွယ်ချက်မရှိကြောင်း သက်သေ အထင်အရှား

မပြနိုင်လျှင် ထောင်ဒဏ် (၃)လဖြစ်စေ၊ ငွေဒဏ်(၅၀၀၀၀)ကျပ် ဖြစ်စေ ချမှတ်ရမည်။ ထို့အပြင် နောက်ထပ်ကျူးလွန်မှု အသီးသီးအတွက် ထောင်ဒဏ်(၁)နှစ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြပါသည်။

ဆက်လက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေတွင် အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များကိုလည်း ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါ တယ်။ (က) ပုဒ်မ ၈(င)တွင် ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်ထုပ်တွင် ဖော်ပြပါရှိရမည့် ဆေးလိပ်သောက်သုံးခြင်းကြောင့် ကျန်းမာရေးကို ဆိုးဝါးစွာထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတမ်းကို လည်းကောင်း၊ အခြားလိုအပ်သော သတိပေးချက်များကိုလည်းကောင်း သတ်မှတ်ရမည်ဟု ပါရှိပြီး ဖြစ်ပါတယ်။ (ခ) ပုဒ်မ ၁၃ (က)တွင် မည်သူမဆို ဆေးလိပ်ထုပ်တွင် ဖော်ပြ ရမည့် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာ ဖြင့် သတိပေးစာတမ်းနှင့် အခြားသတိပေးချက်များကို သတ်မှတ်ချက်များနှင့်အညီ ဖော်ပြခြင်း မရှိဘဲ ဆေးလိပ်ထုပ်ကို ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်(၁၀၀၀၀)မှ အများဆုံးကျပ်(၃၀၀၀၀)အထိ လည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှု ကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ်(၃၀၀၀၀)မှ အများဆုံး (၁၀၀၀၀၀)အထိ ချမှတ်ရမည်ဟု ပါရှိပြီး ဖြစ်ပါတယ်။

ပုဒ်မ ၁၅(က)တွင် ဆေးလိပ်ရောင်းချသူဖြစ်ပါက ဆေးလိပ်သောက်သုံးခြင်းကြောင့် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတမ်းကို ဆေးလိပ် ရောင်းချသည့် နေရာတွင် ထင်ရှားမြင်သာစွာ ဖော်ပြရန် ပျက်ကွက်ခြင်းအပေါ် ပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ်(၁၀၀၀)မှ အများဆုံး (၃၀၀၀)အထိလည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှုကျူးလွန်ပါက ထိုသူအား ငွေဒဏ် အနည်းဆုံးကျပ်(၃၀၀၀)မှ အများ ဆုံး ငွေဒဏ်(၁၀၀၀၀၀)အထိ လည်းကောင်းချမှတ်ရမည်ဟု ဖော်ပြပါရှိသည်။

သို့ဖြစ်ပါ၍ ဆေးလိပ်၊ ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ တွင် ဖြန့်ဖြူးခြင်း၊ ရောင်းချမှုပြုလုပ်ရာတွင် လိုက်နာရမည့် စည်းမျဥ်း၊ စည်းကမ်းများကို ပြဋ္ဌာန်းထား သော်လည်း တင်သွင်းခြင်း ကိစ္စအတွက် ပြဋ္ဌာန်းထားခြင်း မရှိပါ။ ၎င်းအပြင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် စီးကရက်တင်သွင်းခြင်းကိုလည်း ပိတ်ပင်ထားဆဲ ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများဖြစ်သည့် တီထွင်မှု ပိုင်ဆိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း ဥပဒေ၊ ကုန်အမှတ်တံဆိပ်နှင့်ဝန်ဆောင်မှုအမှတ်တံဆိပ် ဥပဒေနှင့် မူပိုင်ခွင့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရေး နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများဖြစ်သည့် တီထွင်မှု ပိုင်ဆိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်း

ဥပဒေ၊ ကုန်အမှတ်တံဆိပ်နှင့်ဝန်ဆောင်မှုအမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အမှူးပြုတဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများဖြစ်တဲ့ တီထွင်မှုပိုင်ဆိုင်မှုဥပဒေ၊ စက်မှုဒီဇိုင်းဥပဒေ၊ ကုန်သွယ်မှုအမှတ်တံဆိပ်နဲ့ ဝန်ဆောင်မှုအမှတ်တံဆိပ်ဥပဒေနဲ့ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရေးနဲ့ စပ်လျဉ်းပြီးတော့ မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေပြုလွှတ်တော်များက ဒီဥပဒေတွေကို မြန်မြန်ဆန်ဆန် ပြဋ္ဌာန်းပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံသားအားလုံး စစ်မှန်ပြီး ဘေးကင်းတဲ့ ဆေးဝါးပစ္စည်း အသုံးအဆောင်တွေကို သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူ တွေလည်း ဥပဒေအရ အကာအကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင်ကျွန်တော်တို့ရဲ့ ပြည်သူချစ်တဲ့ အနုပညာရှင်တွေဖြစ်တဲ့ စာပေ၊ သဘင်၊ ဂီတ၊ ရုပ်ရှင်စတဲ့ အနုပညာလုပ်ငန်းဆောင်ရွက်သူများရဲ့ အခွင့်အရေးများကို ဥပဒေနဲ့အညီ အကာအကွယ် ပေးနိုင်မှာဖြစ်တဲ့အတွက် တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ပြောင်းလဲလာတဲ့ နိုင်ငံရေး၊ စီးပွားရေးစနစ်များနဲ့အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေများဖြစ်တဲ့ ဖော်ပြပါဥပဒေများကို စပ်လျဉ်းတဲ့အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနဲ့ ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ဗိုလ်မှူးမောင်မောင်ကြီး က ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ ဒီအစီရင်ခံစာအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် က ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ ထောက်ခံဆွေးနွေးခဲ့ပြီးတော့ လွှတ်တော်ရဲ့ဆန္ဒကို ရယူခဲ့ပါတယ်။

ထောက်ခံမဲ(၁၄၃)မဲ၊ ကန့်ကွက်မဲ မရှိ၊ ကြားနေမဲ (၃)မဲနဲ့ အတည်ပြုနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အသိဉာဏ်ပစ္စည်းအခွင့်အရေးများနှင့် စပ်လျဉ်းပြီး တည်ဆဲဥပဒေတွေကို လေ့လာတဲ့အခါမှာ မူပိုင်ခွင့် ကဏ္ဍမှာ မူပိုင်ခွင့်အက်ဥပဒေ The copy right act 1914 တီထွင်ပိုင်ဆိုင်ခွင့်ကဏ္ဍမှာ မြန်မာနိုင်ငံတီထွင်မှုပိုင်ဆိုင်ခွင့်နှင့် ဒီဇိုင်း အရေးပေါ်ပြဋ္ဌာန်းချက်များအက်ဥပဒေ The Myanmar Patent And Design Emergency Proficiency Act 1946 ရှိကြောင်းကို တွေ့ရှိရပါတယ်။ ကုန်အမှတ်တံဆိပ်နဲ့ ဝန်ဆောင်မှုအမှတ်တံဆိပ်ကဏ္ဍနဲ့ စက်မှုဒီဇိုင်းကဏ္ဍတို့မှာ သီးသန့်ဥပဒေ Particular Law ပြဋ္ဌာန်းခြင်းမရှိကြောင်းတွေ့ရပါတယ်။ ၁၉၁၄ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ မူပိုင်ခွင့် အက်ဥပဒေဟာ ယခုအခါမှာ နှစ်တစ်ရာကြာမြင့်ပြီ ဖြစ်ပြီးတော့ ခေတ်နဲ့မလျော်ညီတာကို တွေ့ရှိရပါတယ်။ မူပိုင်ခွင့် ချိုးဖောက်မှုအတွက် ယင်းဥပဒေပုဒ်မ ၇ အရ ငွေဒဏ်ကျပ် (၅၀၀)အထိ ချမှတ်နိုင်ပါတယ်။ မူပိုင်ခွင့်ချိုးဖောက်ပြီးတော့ မိတ္တူကူးရန် လက်ဝယ်ထားရှိမှုအတွက် ယင်း အက်ဥပဒေ

ပုဒ်မ ၈ အရ ငွေဒဏ်ကျပ် (၅၀၀)အထိ ချမှတ်နိုင်ပါတယ်။ ဒီပုဒ်မ ၇ နဲ့ ပုဒ်မ ၈ ပါ ပြစ်မှုတစ်ခုခုကို ဒုတိယအကြိမ်ကျူးလွန်မယ်ဆိုလို့ ပြစ်မှုထင်ရှားစီရင်ခြင်းခံရမယ်ဆိုရင် ပုဒ်မ ၉ အရ ထောင်ဒဏ် (၁)လ ဖြစ်စေ၊ ငွေဒဏ်ကျပ် (၁၀၀၀) အထိဖြစ်စေ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင် ပါတယ်။

ယင်းပြစ်ဒဏ်များဟာလည်း ခေတ်နဲ့မလျော်ညီတော့ကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတီထွင်ပိုင်ဆိုင်ခွင့်နှင့်ဒီဇိုင်းအရေးပေါ်ပြဋ္ဌာန်းချက်များ အက်ဥပဒေဟာလည်း မြန်မာနိုင်ငံတီထွင်ပိုင်ဆိုင်ခွင့် နှင့် ဒီဇိုင်းအက်ဥပဒေများဟာ အာဏာသက်ဝင်ခြင်းမရှိသေးလျှင် အိန္ဒိယနိုင်ငံ တီထွင်မှုပိုင်ဆိုင်ခွင့်နှင့် ဒီဇိုင်းအက်ဥပဒေကိုလိုက်နာရန် ပြဋ္ဌာန်းထားတဲ့ဥပဒေဖြစ်ပါတယ်။ မြန်မာနိုင်ငံတီထွင်မှု ပိုင်ဆိုင်ခွင့်နှင့် ဒီဇိုင်းအက်ဥပဒေများအာဏာသက်ဝင်ရန် ယင်းအက်ဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ ၂ အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာမထုတ်ပြန်ခဲ့တဲ့အတွက် ယနေ့တိုင်အောင်ပဲ မြန်မာနိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံရဲ့တီထွင်ပိုင်ဆိုင်ခွင့်နဲ့ ဒီဇိုင်းဥပဒေကို လိုက်နာရမယ့်သဘော ဖြစ်နေတဲ့အတွက် အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့ နိုင်ငံတော်အနေဖြင့် အခြားနိုင်ငံတစ်ခုရဲ့ဥပဒေကို လိုက်နာရန်မသင့်တဲ့အတွက် ယင်းဥပဒေများကို အမြန်ပြဋ္ဌာန်းရန်လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်မှာ ကုန်အမှတ်တံဆိပ်နဲ့ ဝန်ဆောင်မှုအမှတ်တံဆိပ်များနဲ့စပ်လျဉ်းပြီး သီးသန့်ဥပဒေပြဋ္ဌာန်းထားခဲ့ခြင်း မရှိသေးပါ။ ကုန်အမှတ်တံဆိပ်ဆိုင်ရာ အသိဉာဏ်အခွင့်အရေးအရလည်းကောင်း ရာဇသတ်ကြီးအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း အရေးယူခြင်းများ ရှိခဲ့ပါတယ်။ တရားမကြောင်းအရလည်း အရေးယူခွင့်ရှိပါတယ်။

ကုန်အမှတ်တံဆိပ်နှင့် ဝန်ဆောင်မှုအမှတ်တံဆိပ်များကို ဥပဒေအရခိုင်မာစွာ အကာအကွယ်ပေးမှသာလျှင် စစ်မှန်တဲ့ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းတို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ စားသုံးသူတွေဘက်ကလည်း စစ်မှန်တဲ့ကုန်စည်၊ ဆေးဝါး၊ အစားအစာတွေကို အန္တရာယ်ကင်းကင်းနဲ့ သုံးစွဲခွင့်ရမှာ ဖြစ်ပါတယ်။ နာမည်ကောင်း ရပြီးတဲ့ကုန်စည်တွေ၊ ဝန်ဆောင်မှုတွေ အတုအပပြုလုပ်နေမယ် ဆိုရင်လည်း ထိရောက်စွာ အရေးယူနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဥပဒေအရ အကာအကွယ်ပေးနိုင်ရန် ကုန်အမှတ်တံဆိပ်နဲ့ ဝန်ဆောင်မှုအမှတ်တံဆိပ်ဥပဒေများ အမြန် ပြဋ္ဌာန်းပေးဖို့ လိုအပ်ပါတယ်။ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတုအပပြုလုပ်ခြင်းများ ထိရောက်စွာကာကွယ်နိုင်ရန် စက်မှုဒီဇိုင်း ဥပဒေကို ပြဋ္ဌာန်းရန်လိုအပ်ပါတယ်။ ၂၀၀၅ ခုနှစ်က သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြန်ကြား ရေးဝန်ကြီးဌာနတို့ဟာ ကမ္ဘာ့အသိဉာဏ် ပစ္စည်းအဖွဲ့ World Intellectual Property Organization (WIPO) နဲ့ညှိနှိုင်းပြီးတော့ မူကြမ်း ရေးဆွဲခဲ့ကြောင်း သိရှိရပါတယ်။ ကမ္ဘာ့ကုန်သွယ်အဖွဲ့ရဲ့ ကုန်သွယ်ရေးဆိုင်ရာအသိဉာဏ် ပစ္စည်းများ ကော်မတီ WTO Trade Council က မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေကို မိမိတို့နိုင်ငံမှာ အသိဉာဏ်ပိုင်ဆိုင်ခွင့်ဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းဖို့ ၁-၁-၂၀၁၆ အထိ ခွင့်ပြုပေးထား ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ စားသုံးသူများအနေနဲ့ စစ်မှန်ပြီးဘေးအန္တရာယ်ကင်းသော ဆေးဝါး၊ အစားအစာနဲ့ ပစ္စည်းနဲ့ဝန်ဆောင်မှုများကို မှန်ကန်စွာသုံးစွဲနိုင်ရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဥပဒေအရ အကာအကွယ်ပေးနိုင်၍ အသိဉာဏ်ပစ္စည်းများနဲ့ စပ်လျဉ်းပြီး အသက်မွေးဝမ်းကြောင်းပြုတဲ့ သဘင်၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာလုပ်ငန်းဆောင်ရွက်သူများရဲ့ အခွင့်အရေးများကို

ဥပဒေနဲ့အညီ အကာအကွယ်ပေးနိုင်ဖို့အတွက် အဆိုပါအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေကြမ်းများကို မည်သည့်အချိန်ကာလတွင် ပြဋ္ဌာန်းပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အများပြည်သူကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာဘရွှေ (ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဘရွှေ ဖြစ်ပါတယ်။ ဒီနေ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်းမှ တင်သွင်းသည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေများ ဖြစ်သည့် တီထွင်မှုပိုင်ခွင့်ဥပဒေ၊ စက်မှု ဒီဇိုင်းဥပဒေ၊ ကုန်အမှတ်တံဆိပ်နှင့် ဝန်ဆောင်မှု အမှတ်တံဆိပ် ဥပဒေ၊ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်း ဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အနေဖြင့် ရှင်းလင်းဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် တင်ပြလာတဲ့ အင်္ဂလိပ်ဘာသာစကား အချို့ကို ထည့်သွင်းတင်ပြခွင့်ပြုပါရန်နှင့် သတ်မှတ်ချိန်ထက်အနည်းငယ် ပိုမိုခွင့်ပြုနိုင်ပါရန် ကြိုတင်ပန်ကြားအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) သို့ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ(၁) ရက် နေ့တွင်လည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သို့ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်တွင်လည်းကောင်း၊ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အသင်း (World Intellectual Property Organization-WIPO) သို့ (၁၇၆) နိုင်ငံမြောက်အဖွဲ့ဝင်အဖြစ် ၂၀၀၁ ခုနှစ်၊ မေလ(၁၅)ရက်တွင်လည်းကောင်း ဝင်ရောက်ခဲ့ပါတယ်။ WTO နှင့် WIPO တို့၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်သည့် အားလျော်စွာ ကုန်သွယ်မှုနှင့်ဆက်နွယ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ် (Trade Related Aspect of Intellectual Property Rights-TRIPS) ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ASEAN အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ ASEAN Framework Agreement on Intellectual Property Co-operation ပါအချက်အလက် များကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန်တာဝန်ရှိနေပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ ၁၉၉၆ ခုနှစ် စတင်တည်ထောင်စဉ်ကာလမှစ၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း ခံရပြီးတော့

၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO)၏ Focal Ministry အနေဖြင့် ဆောင်ရွက်လျက် မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းဆောင်ရွက်နေပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊ ထိရောက်ခိုင်မာသည့် မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်း အကာအကွယ်ပေးခြင်းအားဖြင့် စာပေအနုပညာနှင့် သိပ္ပံနှင့်နည်းပညာနယ်ပယ်များတွင် တီထွင် ဖန်တီးမှုများ တိုးတက်လာစေရန်၊ ပြည်တွင်း၊ ပြည်ပ မူပိုင်ခွင့်ပိုင်ရှင်များ၏ အခွင့်အရေးများကို အကာအကွယ် ပေးနိုင်စေရန်နှင့် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်သော သဘောတူညီ ချက်များပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေဖြစ်သည့် တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

၂၀၀၂ ခုနှစ်မှစတင်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများပူးပေါင်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ WIPO မှ စံပြဥပဒေ (Model Laws)များ၊ အာဆီယံနိုင်ငံများ အပါအဝင် အခြား ကမ္ဘာ့နိုင်ငံ အချို့မှ မိမိနိုင်ငံအတွက်အထောက်အကူဖြစ်စေမည့် ပြဋ္ဌာန်းချက်များနှင့် TRIPS သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကိုလေ့လာ၍ မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများ ရေးဆွဲခဲ့ပါတယ်။ အဆိုပါပြုစုထားသော ဥပဒေမူကြမ်းများအပေါ် အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြား၍ ပြည်တွင်းဆွေးနွေးပွဲများကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးပွဲများမှ ရရှိလာတဲ့ အကြံပြုချက် များကို ထည့်သွင်းစဉ်းစား၍ မူကြမ်းများကို အဆင့်ဆင့်ပြင်ဆင်ရေးဆွဲကာ ဥပဒေမူကြမ်းများကို အစိုးရအဖွဲ့ရုံးသို့ တင်ပြနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဆိုင်ရာဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏အခြေအနေနှင့်သင့်လျော် သည့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး ဖွဲ့စည်းပုံမူကြမ်းကို WIPO မှ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များကိုရယူပြီး ရေးဆွဲခဲ့ပါတယ်။

၂၀၀၆ ခုနှစ်တွင် အဆိုပါ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး ဖွဲ့စည်းပုံ(မူကြမ်း)ကို ဥပဒေမူကြမ်း များနှင့်အတူ အစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါတယ်။ သို့ရာတွင် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့မှာ TRIPS ကောင်စီ၏ ဆုံးဖြတ်ချက်အရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ TRIPS ပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ရမည့် အချိန်ကာလကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လသို့ တိုးမြှင့်ပေးခဲ့သောကြောင့် ဥပဒေများအား အတည်ပြုပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပါ။

လက်ရှိအစိုးရတာဝန်ယူသည့်ကာလတွင် အဆိုပါ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး ပြန်လည်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ဥပဒေမူကြမ်းများ အပေါ် WIPO မှ ပေးပို့လာသော အကြံပြုချက်များနှင့်စပ်လျဉ်း၍ အစည်းအဝေးတစ်ရပ် ကျင်းပပြီး အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေ(မူကြမ်း)အား ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း များသို့ပေးပို့၍ သဘောထားမှတ်ချက်နှင့် အကြံဉာဏ်များ တောင်းခံခဲ့ပါတယ်။ ပေးပို့လာတဲ့ သဘောထားမှတ်ချက်များနှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ဥပဒေအပေါ်၌ လည်းကောင်း၊

ကုန်အမှတ် တံဆိပ်ဥပဒေ၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေတို့၌ လည်းကောင်း ပြည်တွင်း အစည်းအဝေးများ ကျင်းပ၍ ဥပဒေမူကြမ်း အပေါ် ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း များကို ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါ မူကြမ်းများအပေါ်တွင် WIPO အပါအဝင် ပြည်ပရှိ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် အဖွဲ့အစည်းများမှ အကြံပြုချက်များကိုလည်း ရယူခဲ့ပါတယ်။ အဆိုပါ ပြည်တွင်း၊ ပြည်ပမှ အကြံပြုချက်များအား ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အဖွဲ့အဝင်များ၊ ပညာရှင်များ အားဖိတ်ကြား၍ WIPO မှ ကျွမ်းကျင်ပညာရှင်များတို့ဖြင့် ၂၀၁၃ ခုနှစ်တွင် ဥပဒေမူကြမ်းတစ်ခုချင်းစီ အလိုက် အစည်းအဝေးများ ကျင်းပခဲ့ပါတယ်။

အဆိုပါ အစည်းအဝေးများ၏ ရလဒ်များကို ထည့်သွင်းပြင်ဆင်၍ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာဥပဒေ(မူကြမ်း)ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် အချောသတ်ပြုစုရေးဆွဲပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့ထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သဘောထား မှတ်ချက်များရရှိပါက အချောသတ်ပြင်ဆင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေ(မူကြမ်း) များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ လွှတ်တော်သို့ ဆက်လက်တင်သွင်းနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထို့အပြင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများအား စီမံဆောင်ရွက်မည့် အသိဉာဏ် ပစ္စည်း မူပိုင်ခွင့်ရုံးတည်ထောင်နိုင်ရေးနှင့် စပ်လျဉ်း၍ WIPO မှ ကျွမ်းကျင်သူ ကိုယ်စားလှယ် အဖွဲ့ လာရောက်ပြီး ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပညာရှင်များအား ဖိတ်ကြား၍ မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး တည်ထောင်နိုင်ရေး အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပါတယ်။ အစည်းဝေးတက်ရောက်လာသူများအားလုံးမှ ဆွေးနွေးသုံးသပ်၍ မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးဖွဲ့စည်း တည်ထောင်နိုင်ရေးကို အဆိုပြုပြင်ဆင်ခဲ့ပါတယ်။ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာနအနေဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေမူကြမ်းများ ရေးဆွဲပြုစုခြင်းအပြင် ဥပဒေများအတွက် လိုအပ်မည့် နည်းဥပဒေများ ရေးဆွဲနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခြင်း၊ ဥပဒေများ စီမံဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ တာဝန်ယူဆောင်ရွက်နိုင်မည့် လူ့အရင်း အမြစ်များ လေ့ကျင့်ပျိုးထောင်ခြင်း၊ ပြည်သူများသို့ IPဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပတွင် ကျင်းပပြုလုပ်သည့် IP ဆိုင်ရာ အစည်းအဝေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများအား ကျင်းပခြင်း၊ ပါဝင်တက်ရောက်ခြင်းစသည့် IP ဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်လျက် ရှိပါတယ်။

ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ASEAN Working Group on Intellectual Property Committee-AWGIPC) ၏ ဂျပန်တီထွင်မှုမူပိုင်ခွင့်ရုံး (Japan Patent Office-JPO) နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ JICA၊ ကိုရီးယား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး (Korea Intellectual Property Office-KIPO) အမေရိကန် ပြည်ထောင်စု တီထွင်မှုမူပိုင်ခွင့်နှင့် ကုန်အမှတ် (United States Patent and Trademark

Office-USPTO)၊ ဥရောပသမဂ္ဂနိုင်ငံများ၏ ကုန်အမှတ်တံဆိပ်နှင့် ဒီဇိုင်းဆိုင်ရာ ဒေသတွင်းညှိနှိုင်းမှု ဖော်ဆောင်ရေးရုံး ( Office for Harmonization in the Internal Market-OHIM) တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျှက်ရှိပါတယ်။

မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်း၊ ပြည်ပရှိ တီထွင်သူများ၊ ပိုင်ရှင်များအား အကာအကွယ်ပေးနိုင်မည့် နိုင်ငံတကာအဆင့်မီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် တစ်ခု ပေါ်ပေါက်လာစေရန် မိမိနိုင်ငံ၏ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိမည့် အသိဉာဏ် ပစ္စည်းမူပိုင်ခွင့် ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ဦးစားပေး ဆောင်ရွက်လျက် ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ Focal Ministry အနေနဲ့ WIPO ပေါ့နော်။ ဒီ WIPO နဲ့ရော ပြည်တွင်း၊ ပြည်ပ ပညာရှင်များကရော ဘာသာရပ်ဆိုင်ရာဆွေးနွေးပြီးတော့မှ ရှေ့နေချုပ်ရုံးကိုပေးပို့ထားတာ ဘယ်လောက်ကြာပြီလဲ။

**ဒေါက်တာဘရွှေ၊ (ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ စက်မှု ဒီဇိုင်းမူပိုင်ခွင့်ဥပဒေကို ဝင်ခွင့်ပြောင်းလိုက်တာ ၉-၆-၂၀၁၄ ရက်နေ့မှာ ပေးပို့ပါတယ်။ တီထွင်မှု ကုန်အမှတ်တံဆိပ်မူတွေကို ၁၈-၆-၂၀၁၄ ခုနှစ်မှာ တင်ပြပေးပို့ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ၂၀၁၄ မှာပေါ့နော်။

**ဒေါက်တာဘရွှေ၊ (ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ ဟုတ်ပါတယ် ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခုနက ပြောတော့ ၂၀၁၃ ဆို။

**ဒေါက်တာဘရွှေ၊ (ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ ၂၀၁၄ ပါ။

**လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်မှ ယနေ့အထိ သမဝါယမဝန်ကြီးဌာနတွင် တရားဝင် မှတ်ပုံတင်၍ လုပ်ငန်းလုပ်ကိုင်နေသည့် သမဝါယမအသင်း မြေနေရာကို လေလံတင်ရောင်းချထားခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်မှ ယနေ့အထိ သမဝါယမဝန်ကြီးဌာနတွင် တရားဝင် မှတ်ပုံတင်၍ လုပ်ငန်းလုပ်ကိုင်နေသည့် သမဝါယမအသင်း မြေနေရာကို လေလံတင် ရောင်းချထားခြင်းနဲ့ စပ်လျဉ်း တဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းနဲ့ပတ်သက်တဲ့ နောက်ခံအကြောင်းကို ကျွန်တော် အနည်းငယ် တင်ပြပါရစေခင်ဗျာ။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်း(၅၀)ကျော်၊ ၁၉၆၂ ခုနှစ်က အစိုးရသစ်တစ်ရပ် ပေါ်ပေါက်ခဲ့ပါတယ်။ ဒီအစိုးရသစ်က အဲဒီအချိန်တုန်းက စီးပွားရေး Road Map

အနေနဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးမယ်ဆိုတဲ့အကြောင်း သူကပြောကြားပြီးတော့ လက်တွေ့လည်း အကောင်အထည်ဖော်ခဲ့ပါတယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ရဲ့အခြေခံမူအရ နိုင်ငံရေးထုတ်ကုန်တွေကို အစိုးရက ကြီးမှူးထုတ်လုပ်ပြီးတော့ ဒီရဲ့ထုတ်ကုန်တွေကို ပြည်သူ ပြည်သားတွေကို ကုန်သွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် ဖြန့်ဖြူးခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ အဲဒီအစိုးရအဖွဲ့က ဒီကုန်သွယ်ရေးဝန်ကြီးဌာနက ဖြန့်ဖြူးရာကတစ်ဆင့် ဒီအခြေခံသမဝါယမ အသင်းတွေကို ဖွဲ့စည်းပြီးတော့ အခြေခံသမဝါယမကနေ ဖွဲ့ခဲ့ပါတယ်။ ဖြန့်ဝေခဲ့ပါတယ်။ အခြေခံ သမဝါယမတွေကို အိမ်ထောင်စုတစ်ဦးကို အသင်းသူ၊ အသင်းသားပဲ ဖြစ်ဖြစ် သတ်မှတ်ပြီးတော့ ရပ်ကွက်တွေမှာ အခြေခံသမဝါယမအသင်းက အများကြီးဖွဲ့ခဲ့ပါတယ်။ ဒါယခင် လမ်းစဉ်ပါတီအစိုးရ လက်ထက်က မူဝါဒပါ။

အဲဒါကြောင့် ဒီအခြေခံသမဝါယမပေါ်ခဲ့တာ လွန်ခဲ့တဲ့လမ်းစဉ်ပါတီ ခေတ်မှာပဲ လမ်းစဉ်ပါတီ ကလည်း ဒီအစိုးရကလည်း အခြေခံသမဝါယမကို အားပေးအားမြှောက်ပြုတဲ့အနေနဲ့ နိုင်ငံတော်ရဲ့ ဒုတိယမဏ္ဍိုင်အဖြစ် သတ်မှတ်ပြီးတော့ ၁၉၇၀ ခုနှစ်မှာ သမဝါယမဥပဒေတစ်ခု ကိုတောင် ရေးဆွဲ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၈၈ ခုနှစ်မှာ အစိုးရသစ်ပေါ်လာတဲ့အခါမှာ စီးပွားရေး Road Map အနေနဲ့ ကတော့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမယ်ဆိုတာကြီး ဖြစ်သွားပါတယ်။ အဲဒီလို ဖြစ်သွားတဲ့ အခါမှာ ဒီအခြေခံသမဝါယမအသင်းတွေက နိုင်ငံတော်ပစ္စည်းတွေကို အမြတ် နည်းနည်းနဲ့ ပြည်သူတွေကို ဖြန့်ဖြူးတဲ့စနစ်ကနေပြီးတော့ ဟုတ်လား၊ အဲဒီစနစ်မရှိဘဲနဲ့ ကိုယ်ထူကိုယ်ထ ရပ်တည်တဲ့အဆင့် ရောက်လာပါတယ်။ ကိုယ့်ဟာကို အခြေခံစားကုန်လေး ရောင်းဖို့ လေးတွေ၊ အငှားချထားတာလေးတွေနဲ့ အနိုင်နိုင်ရပ်တည် ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရန်ကုန်မြို့မှာရှိတဲ့ အခြေခံသမဝါယမတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀)ကျော်ကနေပြီးတော့ အစဉ်တစိုက် ရှိခဲ့တာပါ။ ဒါပေမဲ့ ဒီစနစ်ရဲ့ အမျိုးမျိုးသော အားနည်းချက်တွေကြောင့် ဒီအဆောက်အဦတွေဟာ တစ်ဖြည်းဖြည်း ယိုယွင်းလာပါတယ်။ ဒီအဆောက်အဦတွေဟာ ပြုပြင်မှုမရှိခဲ့ပါဘူး။ ဒီအဆောက်အဦပြုပြင်ဖို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို တင်ပြတဲ့အခါမှာ ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီဟာ ငြင်းပယ်ပါတယ်။ သူတို့ရဲ့ အကြောင်းပြချက်က ဒီအခြေခံသမဝါယမအသင်းက ပိုင်ဆိုင်မှုနဲ့ ပတ်သက်လို့ တည်ရှိတာတော့ လက်ခံပါတယ်တဲ့။ ဒါပေမဲ့မြေပိုင်ဆိုင်မှုနဲ့ပတ်သက်လို့ ဒီအဆောက် အထား မြေငှားဂရံမရှိဘူး။ မရှိတဲ့အတွက် ပြင်ဆင်မှုမပေးနိုင်ပါဘူးလို့ပြောပါတယ်။ အဲဒီအခါမှာ ကျွန်တော့်မဲဆန္ဒနယ်မြေမှာရှိတဲ့ သမဝါယမဆိုင် တချို့က အမိုးလန်သွားတာတွေ၊ အကာကြီး ပြုတ်သွားတာတွေ ရှိပါတယ်။ အဲဒါကိုတောင် ပြင်ဆင်ခွင့်မပေးခဲ့ပါဘူး။ ပလတ်စတစ် မိုးကာပြီးတော့ ဖြစ်သလို နေခဲ့ရပါတယ်။ ဒါဟာအခြေခံသမဝါယမမှာမြေဂရံများမရရှိလို့ပါ။ ဒါပေမဲ့လည်း ဒီတပ်မတော် အစိုးရလက်ထက်မှာလည်း ဒီသမဝါယမဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေ ဖြစ်အောင်ဆိုပြီး ၁၉၉၂ မှာတော့ သမဝါယမဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။

ဆက်လက်တင်ပြရမယ်ဆိုလို့ရှိရင် အခုနကပြောတဲ့ မြေဂရံ၊ ငှားဂရံ မရှိတာနဲ့ပတ်သက်လို့ ဆိုင်ပြုပြင်လို့တောင် မရတဲ့အတွက် ကျွန်တော်ဟာ ဒီအခြေအနေကို သိတဲ့အတွက် ကျွန်တော် စတုတ္ထအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးမှာ အခြေခံသမဝါယမအသင်းတွေ မြေဂရံ

ရရှိရေးကိစ္စကိုမေးပါတယ်။ မေးတဲ့အခါမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက အဲဒီတုန်းကတော့ ဦးကျော်လွင်ပါ။ ဒုတိယဝန်ကြီးပါ။ အခုတော့ ပြည်ထောင်စုဝန်ကြီးဦးကျော်လွင်က လာဖြေပါတယ်။ ဒီကျွန်တော်တို့လွှတ်တော် မှတ်တမ်းမှာလည်း အမျိုးသားလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးမှာ၊ စာမျက်နှာ(၉၉)မှာ ကျွန်တော့်မေးခွန်းနဲ့ ဖြေထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဦးကျော်လွင် ရဲ့ အဖြေရှိပါတယ်။ ဦးကျော်လွင်ကို အခြေခံသမဝါယမမြေဂရံမရရှိတဲ့ကိစ္စကို မေးတဲ့အခါမှာ ဦးကျော်လွင်ကဖြေပါတယ်။ သမဝါယမအသင်းရဲ့ မြေငှားဂရံ (၃)နှစ်ချထားပေးမယ် ဆိုတဲ့အကြောင်းဖြေပါတယ်။ ကျွန်တော်တော်တော် ဝမ်းသာခဲ့ရပါတယ်။ ဒါပေမဲ့ ဦးကျော်လွင်က ဆောက်လုပ်ရေးဝန်ကြီးက ဆက်လက်ပြောတာ ဘာပြောလဲဆိုရင် ဒီအခြေခံ သမဝါယမအမှုဆောင် အဖွဲ့တွေဟာ အသင်းအောင်မြင်မှုမရှိလို့ ဖျက်သိမ်းတဲ့အခါမှာဆိုရင် နိုင်ငံတော်က ပေးထားတဲ့မြေကိုတောင်မှ ရောင်းစားသွားပါတယ်ဆိုပြီး ကျွန်တော့်ကို အဲဒီ မေးခွန်းနဲ့အတူ တစ်လက်စတည်းဖြေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်မေးခဲ့တဲ့မေးခွန်းကတော့ အခြေခံသမဝါယမ ဦးဆောင်တဲ့အဖွဲ့ဟာ အသင်းမအောင်မြင်လို့ စာရင်းရှင်း ဖျက်သိမ်းပြီး မြေတွေပါရောင်းသွားတာ မဟုတ်ပါဘူး။ အမှုဆောင်အဖွဲ့က ရောင်းတာမဟုတ်ပါဘူး။ အခုမေးခဲ့တဲ့မေးခွန်းကတော့ အစိုးရအဖွဲ့ကိုယ်တိုင်ကိုက ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်တိုင်ကိုက ရောင်းပစ်လိုက်တာပါ။ ဒီအသင်းကတော့ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက် ပါရမီရောင်းဝယ်ရေးသမဝါယမအသင်းပါပဲ။ ကျွန်တော်တို့ ယခု လက်ရှိဒီနောက်ပိုင်းမှာဆိုလို့ရှိရင် ပါရမီဆိုတာမျိုးကလည်း ရန်ကုန်မြို့ရဲ့တကယ့်ဒိတ်ဒိတ်ကြဲနေရာမျိုး ဖြစ်လာပါတယ်။ အဲဒီတော့ ဒီသမဝါယမအသင်းလေးဟာဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း(၄၀)ကျော်ကနေပြီးတော့ အခြေခံသမဝါယမအသင်း သမဝါယမဝန်ကြီးဌာနဆီမှာ တရားဝင်မှတ်ပုံတင်ပြီးတော့ အစဉ်တစိုက်ရပ်တည်ခဲ့တဲ့ အသင်းလေးပါ။

ကျွန်တော်တို့ အခြေခံကုန်စုံဆိုင်လေးတွေလည်းဖွင့်ထားပါတယ်။ ကျွန်တော်တို့ တချို့ကားပစ္စည်းဆိုင်လေးတွေလည်း အငှားချထားပြီး အနိုင်နိုင်ရပ်တည်နေရတာပါ။ ဒီသမဝါယမ အသင်းဟာ သူတို့သမဝါယမအဖြစ်သာ သူတို့ ဆက်လက်လုပ်ကိုင်ပေမယ့် သူတို့နေရာကို သူတို့ရောင်းလိုက်တယ်ဆိုတာ မသိပါဘူး။ သူတို့သိတဲ့အချိန်ကတော့ ဒီသက်ဆိုင်ရာအစိုးရအဖွဲ့က ဒီဆောက်လုပ်ရေးဝန်ကြီးဌာနကနေ စည်ပင်သာယာကနေပြီးမှ ခင်ဗျားတို့ဒီနေရာက ထွက်သွားရလိမ့်မယ် ဆိုပြီးတော့မှ၊ ဆိုတော့မှ သူတို့သိရတာပဲ။ ကျွန်တော်တို့ ဒီနေရာက ဘာလို့ထွက်သွားရမှာလဲ ဆိုတဲ့အခါကျတော့မှ ခင်ဗျားတို့နေရာကို ကျွန်တော်တို့အဖွဲ့ကနေလာရောက်ပြီး ကျွန်တော်တို့က ရောင်းလိုက်ပြီ။ ဘယ်သူဘယ်သူကို ဘယ်လောက်ဘယ်လောက်နဲ့ ရောင်းလိုက်ပြီ။ ဒါကြောင့် ဒီနေရာတွေကို သူတို့ရောင်းလိုက်တဲ့ သူတွေယူဖို့အတွက် ခင်ဗျားတို့ထွက်သွားပါလို့ဆိုပြီးတော့ ဖိအားပေးခံရပါတယ်။ အဲဒါဟာ ၂၀၁၂ ပါ။ ကျွန်တော့်ကို ဆောက်လုပ်ရေး ဒီသမဝါယမကနေ ဂရန် ပေးမှာကလည်း ဒီ ၂၀၁၂ ပါပဲ။ ဒီကျွန်တော်တို့ အနှင်ခံရတာလည်း ၂၀၁၂ ပါပဲ။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ဘာဖြစ်သလဲဆိုလို့ရှိရင်တော့ အခြေခံသမဝါယမအသင်းတွေနဲ့ပတ်သက်လို့ မြေငှားဂရန် ပေးမယ်ဆိုတာကတော့ လွှတ်တော်တွေထဲမှာ ဝေဝေဆာဆာဖြစ်ခဲ့တယ်။ နိုင်ငံတော်သမ္မတကြီးကလည်း ဒီဆင်းရဲမှုပပျောက်ရေးနဲ့ ပတ်သက်လို့ သမဝါယမအင်အားနဲ့ ရပ်တည်မယ်ဆိုပြီးတော့ ကျွန်တော်တို့ အများကပြောလာတဲ့အတွက် နိုင်ငံတော်တော်

များများအဆင့်တွေမှာ ဝေဝေဆာဆာ ဖြစ်ပေမယ့် လက်တွေ့မှာတော့ အခြေခံသမဝါယမအသင်းဟာ ကိုယ့်ဆိုင်တွေကိုယ်ဖျက်ပြီးတော့ ထွက်ပြေးရမယ့်အခြေအနေတွေဖြစ်နေပါပြီ။ နောက်လွှတ်တော်မှာ ကတိကဝတ်ပြုထားတဲ့ အခြေခံသမဝါယမအသင်းကို မြေဂရန်ပေးမယ်ဆိုတာလည်း ကတိကဝတ်ကို ဖောက်ဖျက်ရာရောက်နေ ပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော် ဒီယခု ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ပါရမီရောင်းဝယ်ရေး သမဝါယမအသင်းဟာ နှစ်ပေါင်း(၄၀)ကျော် အသင်းအဖြစ် မှတ်ပုံတင်ရှိပေမယ့် အခုအနှင်ခံနေရပါပြီ။ ရောင်းချထားတယ်လို့ ပြောပါတယ်ပေါ့နော်။ ဒါနဲ့ပတ်သက်လို့ ဘယ်လိုဖြေရှင်းနိုင်မလဲဆိုတာကို သိချင်တဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သမဝါယမဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၁။**

**ဦးသန်းထွန်း၊ (ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်း ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ပါရမီရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်ဟာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ နှင်းဆီလမ်း (၈)ရပ်ကွက်၊ ပါရမီရိပ်သာမှာ တည်ရှိပြီးတော့ ၁၉၇၀ ပြည့်နှစ် သမဝါယမအသင်းဥပဒေအရ ၁၄-၅-၁၉၇၀ မှာ ဖွဲ့စည်းခဲ့တဲ့အသင်းဖြစ်ပါတယ်။ အသင်းတည်ရှိရာ မြေနေရာကို ၁၉၇၈ ခုနှစ်လောက်ခန့်က နိုင်ငံတော်ကောင်စီဝင်ဟောင်း ဗိုလ်မှူးကြီးလှမောင်က အသင်းကို လှူဒါန်းခဲ့တယ်လို့ အသင်းကတင်ပြထားပြီး စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်း မရှိခဲ့ပါ။ ပါရမီ ရောင်းဝယ်ရေးသမဝါယမအသင်း အသုံးပြုလျက်ရှိသည့် မြေကွက် အမှတ် ၁-မ အပါအဝင် အစိုးရမြေအမည်ပေါက် မြေကွက်ပေါင်း(၆)ကွက် စုစုပေါင်းမြေ ဧရိယာ (၀.၆၂၀)ဧက အား နိုင်ငံပိုင်အဆောက်အဦများ ရောင်းချရေးကော်မတီမှ လေလံတင်ရောင်းချရန် ၃-၂-၂၀၁၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာ လေလံအမှတ်စဥ် (၁၃၆)မှာ ထည့်သွင်းဖော်ပြ ကြေညာထားကြောင်း၊ ဝယ်ယူလိုကြောင်း အဆိုပြုသူ(၁၁)ဦးရှိခဲ့ပြီး ပါရမီရောင်းဝယ်ရေးသမဝါယမ အသင်းမှ ဝယ်ယူခွင့်အတွက် တင်ပြခဲ့ခြင်း၊ ကန့်ကွက်ခဲ့ခြင်းမရှိကြောင်း၊ မြေကွက်အမှတ် ၁-မ အား နိုင်ငံပိုင်ရောင်းချရေးကော်မတီကရောင်းချမည်ဖြစ်၍ မြေပေါ်မှာနေထိုင်သူများနဲ့ အဆောက်အဦများကို ပြောင်းရွှေ့ဖယ်ရှားရေးအတွက်လည်း ပါရမီရောင်းဝယ်ရေး သမဝါယမအသင်းသို့ အသိပေးအကြောင်းကြားခဲ့ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဖြေကြားချက်ပေးပို့ထားပါတယ်။

အသင်းကတင်ပြရာမှာ ပါရမီရောင်းဝယ်ရေး သမဝါယမအသင်းကို ကြိုတင်အသိပေးအကြောင်းကြားခြင်းမရှိဘဲ လေလံတင်ရောင်းချပြီး အသင်းကိုဖယ်ရှားခိုင်းမှသာ သိရှိခဲ့ရကြောင်း

တင်ပြထားပါတယ်။ ညှိနှိုင်းဆွေးနွေးမှုနောက်ဆုံးအခြေအနေကို ဆက်လက်ရှင်းလင်းဖြေကြားရရင် ၁-မ အပါအဝင် မြေကွက်(၆)ကွက်ကို လေလံအောင်မြင်သူက နိုင်ငံတော်သို့ ငွေအကြေပေးသွင်းပြီး ဖြစ်သော်လည်း မြေလက်ရောက်မရသေးသဖြင့် လက်ရောက်အပ်နှံပေးနိုင်ရေး အကြိမ်ကြိမ် တင်ပြလျက် ရှိတဲ့အတွက် ပါရမီရောင်းဝယ်ရေး သမဝါယမအသင်းကို မြေနေရာအစားပေးပြီး ရွှေ့ပြောင်းနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ခဲ့ရာ မြေကွက်အမှတ် ၁-မ နဲ့ တစ်ဆက်တည်းဖြစ်သော ရှေ့မျက်နှာစာ (၁၇) ပေ၊ နောက်မျက်နှာစာ(၂၀)ပေ၊ အနံ(၁၁၀)ပေ၊ ဧရိယာ(၀.၀၄၇)ဧကရှိ မြေနေရာမှာ နေရာချထား ပေးနိုင်ကြောင်း မြေပြင်တိုင်းတာတွေ့ရှိသဖြင့် ၎င်းမြေနေရာကို ပါရမီရောင်းဝယ်ရေး သမဝါယမ အသင်းက တာဝန်ရှိသူများကို ပြသပြီးဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဖြေကြားချက် ပေးပို့ထားသလို ပါရမီရောင်းဝယ်ရေး သမဝါယမအသင်းက တင်ပြရာမှာလည်း အိုးအိမ်ဦးစီးဌာန၏ ကမ်းလှမ်းချက်အရ ၁၀-၇-၂၀၁၄ မှာ အသင်းအမှုဆောင်အဖွဲ့ အမှတ်(၈)ရပ်ကွက် ရပ်မိရပ်ဖများနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး အသင်းစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် (၂၅)ပေ၊ (၁၁၀)ပေရှိသော မြေကွက် အကျယ်အဝန်းရရှိမှသာ လက်ခံရန် ဆုံးဖြတ်ခဲ့ကြောင်း တင်ပြခဲ့ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဖြေကြားချက်နဲ့ အသင်းမှတင်ပြချက်များအရ သက်ဆိုင်ရာ အသင်းအမှုဆောင်များကို သမဝါယမဝန်ကြီးဌာနသို့ခေါ်ပြီး သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဦးဆောင်၍ အသင်းမှလက်ခံနိုင်မည့် အခြေအနေများနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်မှုများကို ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ၎င်းအစည်းအဝေးမှာ ပါရမီရောင်းဝယ်ရေး အသင်းအမှုဆောင်အဖွဲ့မှ အသင်းအတွက်လည်းကောင်း၊ အသင်းသားများအတွက်လည်းကောင်း နစ်နာမှုမရှိစေရန် မည်ကဲ့သို့ဆက်လက်ဆောင်ရွက်သွားရမည်ကို သက်ဆိုင်ရာဝန်ကြီးဌာန(၂)ခုမှ ညှိနှိုင်းဆောင်ရွက်ပေးပါရန်နဲ့ ညှိနှိုင်းပေးချက်အတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းချက်ရရှိမှသာ ညှိနှိုင်းချက်မှရရှိလာသောရလာဒ်ကို အသင်း၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးခေါ်ယူ၍ အသင်းသားများကိုချပြပြီး အသင်းအကျိုးကိုရှေးရှု၍ အသင်းရဲ့စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမှုဆောင်အဖွဲ့အနေနဲ့ အသင်းနဲ့ ပတ်သက်တဲ့ ကိစ္စအဝဝကို အသင်းသားများ၏ဆန္ဒအရသာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြခဲ့ပါတယ်။

သို့ဖြစ်၍ နိုင်ငံတော်ပိုင် အဆောက်အဦများ ရောင်းချရေးကော်မတီက လေလံတင် ရောင်းချခဲ့ပြီးဖြစ်တဲ့ ပါရမီရောင်းဝယ်ရေး သမဝါယမအသင်း အသုံးပြု ၁-မ မြေနေရာနှင့်စပ်လျဉ်း၍ အသင်း၏စီးပွားရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် မြေနေရာအစားရရှိရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး အသင်းသို့ အကြောင်းကြားဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်မံတင်ပြရလို့ရှိရင် ကျွန်တော်တို့မြေယာ ဥပဒေအရဆိုလို့ရှိရင် မြေရောင်းမယ်ဆိုလို့ရှိရင် (ဗေးကန့်Position) ရှိရပါမယ်။ နိုင်ငံတော်က မြေရောင်းမယ်ဆိုလို့ရှိရင် ဒီမြေတွေပေါ်မှာရှိတဲ့

သူတစ်ယောက်ကို ရှင်းလင်းပြီးတော့မှ ရှင်းလင်းဖယ်ရှားမှုပြုပြီးကာမှ သူကမြေရောင်းတာပြုတာဖြစ်ရပါမယ်။ အခုဟာ ကျလို့ရှိရင် ဒီသမဝါယမဆိုင်ကြီးရှိတယ်ဆိုတာတောင်မှ ကျွန်တော်တို့အရင်လမ်းစဉ်ပါတီခေတ် ကတည်းကနေ နှစ်ပေါင်းများစွာ ရှိနေတဲ့အစိုးရပါ။ ပြီးတော့ ဒီဥစ္စာ ရပ်ကွက်ဆွမ်းလောင်းအသင်းကို အစိုးရအဖွဲ့ မသိနိုင်တဲ့ရပ်ကွက် ဆွမ်းလောင်းအသင်း မဟုတ်ပါဘူး။ အစိုးရအဖွဲ့ဆီမှာ တရားဝင် မှတ်ပုံတင်ထားတဲ့အသင်းပါ။ ဒီတရားဝင်မှတ်ပုံတင် ထားတဲ့အသင်းကို ဒီလိုအကြောင်းမကြားဘဲနဲ့ရောင်းတာဟာ ရောင်းသူရဲ့ တာဝန်ပါပဲ။ သူတို့ရောင်းပြီးတော့မှ တစ်ခါကျွန်တော်တို့ ကျန်ခဲ့တဲ့သူက၊ သူတို့အရင်နေခဲ့တဲ့သူက ရွှေ့ရမယ်ဆိုတာ ကျွန်တော်တို့ ချက်ချင်းတော့မဆီလျော်ပါဘူးခင်ဗျား။ ဒါကြောင့် မူလဥက္ကဋ္ဌကြီးလည်း တစ်ခေါက်ပြောဖူးပါတယ်။ ရန်ကုန်-မန္တလေးလမ်းဖောက်လုပ်တဲ့အခါမှာ မောင်ဦးကိုအရင် ဦးစားပေးရမယ်ဆိုတဲ့အတိုင်းပဲ။ ကျွန်တော်တို့သမဝါယမဆိုင်က အရင်ဦးနေပါပြီ။ အရင်တည်ရှိနေပါပြီ။ အရင်လည်းတရားဝင်အဖြစ် မှတ်ပုံတင်ထားတဲ့အသင်းပါ။ ဒီအသင်းကိုရှိရင်သားနဲ့ကို သူတို့မကြည့်ဘဲနဲ့ရောင်းပြီးတော့မှ ရောင်းတဲ့သူနဲ့ဝယ်တဲ့သူတွေ အဆင်ပြေအောင် သမဝါယမရွှေ့ပေးရမယ် ဆိုတာဟာလည်း ကျွန်တော်တို့ကြောင်းကျိုးဆီလျော်မှုမရှိပါဘူး။ နောက်ပြီးတော့ ဒီအမှုဆောင်အဖွဲ့ကိုခေါ်ညှိတယ်ဆိုတာကလည်းဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအမှုဆောင် အဖွဲ့က ဒီသမဝါယမကို (Function) လုပ်ဖို့ပါပဲ။ ဒီဆိုင်ကြီးကိုပြောင်းဖို့ရွှေ့ဖို့က သူတို့ပိုင်တဲ့ အမှုဆောင်အဖွဲ့ပိုင်တဲ့နေရာ မဟုတ်ပါဘူး။ အသင်းသူ အသင်းသားတွေပိုင်တာပါ။ သမဝါယမဥပဒေ အရဆိုလို့ရှိရင် အသင်းသူ၊ အသင်းသားပိုင်တဲ့ အသင်းနေရာ တစ်ခုကိုအမှုဆောင်အဖွဲ့ သဘောတူချက်နဲ့ ရောင်းတာ၊ ဝယ်တာ၊ ရွှေ့တာ၊ ပြောင်းတာ၊ ရွှေ့တာတွေ မလုပ်နိုင်ပါဘူးခင်ဗျား။ ဒါကြောင့် ရောင်းတာ၊ ဝယ်တာနောက်မှဖြစ်တဲ့ သူတို့ဟာသူတို့ မှားယွင်းမှု တစ်စုံတစ်ရာကြောင့် မှားယွင်းပြီးရောင်းချနေကြတာလား။ ကျွန်တော်တို့ မူလရှိခဲ့တဲ့အသင်းကို မပြောင်းရွှေ့နိုင်ရေးအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်လက်တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ**။ ။ အသင်းက ဂရန်ရထားပြီးသားလား။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီအခြေခံသမဝါယမအသင်းတွေက အများစုက၊ ရန်ကုန်မြို့မှာရှိတဲ့ သမဝါယမအသင်းအများစုက ဂရန်မရှိပါဘူး။ နှစ်ပေါင်းများစွာပဲရှိခဲ့တာပါ။

**ဥက္ကဋ္ဌ**။ ။ ဂရန်ရအောင်ကြိုတင်လုပ်ထားဖို့ အသင်းမှာတာဝန်ရှိတာပေါ့။ ဂရန်မရှိတဲ့အခါကျတော့ အစိုးရအမည်ပဲပေါက်နေတာပေါ့။ ပေါက်တော့ သတင်းစာမှာကြော်ငြာလို့ရှိရင် ဒါကန့်ကွက်မယ်ဆိုရင်တော့ စဉ်းစားလို့ရတာပေါ့။ အဲဒါဟာ အသင်းဖက်ကလိုအပ်ချက်ပဲ။ ဂရန်လုပ်ထားရမှာပဲ။ မြေဆိုတာတော့ ငှားရမ်းသုံးရင် သမဝါယမပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကပဲဖြစ်ဖြစ် ငှားရမ်းသုံးတယ်ဆိုရင် ဂရန်နဲ့လုပ်ရမှာပဲ။ အဲဒီအားနည်းချက်ရှိတာပေါ့။

**ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ရော်ဘာအစေးပြားများ ဈေးနှုန်းမတန်တဆကျဆင်းခြင်းကို နိုင်ငံတော်အစိုးရအနေဖြင့် ဈေးနှုန်းထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ရော်ဘာအစေးပြားများ ဈေးနှုန်းမတန်တဆကျဆင်းခြင်းကို နိုင်ငံတော်အစိုးရအနေဖြင့် ဈေးနှုန်းထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနဲ့တကွ ကြွရောက်လာကြသော ဒုတိယဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ၏ ခွင့်ပြုချက်အရ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရော်ဘာအစေးပြားများ ဈေးနှုန်းမတန်တဆကျဆင်းခြင်းကြောင့် ရော်ဘာစိုက်တောင်သူများ စားဝတ်နေရေး ကျပ်တည်းခြင်းကိစ္စမေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂-၂၀၁၃ ခုနှစ် အစေးလှီးရာသီတွင် ရော်ဘာအစေးပြား တစ်ပေါင်လျှင် အနည်းဆုံး(၇၃၀)ကျပ်တွင်ရှိပြီး၊ အများဆုံးဈေးနှုန်းမှာ တစ်ပေါင်လျှင်သိန်း (၁၂၀၀)ကျပ်အထိရှိပြီး မွန်ပြည်နယ်နှင့် အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သော တောင်သူများ စားဝတ်နေရေး အသင့်အတင့် အဆင်ပြေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ရော်ဘာစေးပြားထုတ်လုပ်သည့် ရာသီတွင် ရော်ဘာစေးပြားဈေးနှုန်းများ အနည်းဆုံးတစ်ပေါင်လျှင်(၅၀၀)ကျပ်အောက်သို့ ကျဆင်းပြီး၊ အများဆုံး (၈၅၀)ကျပ် အထိသာတက်ခဲ့ပါတယ်။ ထို့ကြောင့် ၂၀၁၃-၂၀၁၄ ခုနှစ် ရော်ဘာစေးပြား ထုတ်လုပ်သည့် ရာသီတွင် ရော်ဘာစိုက်တောင်သူများ စားဝတ်နေရေး အထူးကြပ်တည်းခဲ့ပါတယ်။ သာမန်အားဖြင့် ရော်ဘာအစေးပြား တစ်ပေါင်လျှင် (၈၅၀)ကျပ်နှင့် (၁၀၀၀)ကျပ် ပတ်ဝန်းကျင်အတွင်း တည်ငြိမ်နေပါက ရော်ဘာစိုက်တောင်သူများ စားဝတ်နေရေး အဆင်ပြေနိုင်ပါတယ်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ အနေဖြင့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ရော်ဘာစိုက်ပျိုး ထုတ်လုပ်သည့် တောင်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဈေးနှုန်းထိန်းသိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိကို သိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံ အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးမျိုးအောင်၊ (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား၍ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပြီးတော့ စက်မှုဝန်ကြီးဌာနရဲ့ကိုယ်စား ဒီအစည်းအဝေးမှာ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံရဲ့ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ရော်ဘာစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများစားဝတ်နေရေး အဆင်ပြေစေရန် နိုင်ငံတော်အစိုးရအနေဖြင့် ဈေးနှုန်းထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနဲ့ ပတ်သက်ပြီး စပ်လျဉ်းရှင်းလင်း ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

မြန်မာနိုင်ငံမှာ ရော်ဘာစိုက်ဧက (၁၅)သိန်းကျော်ရှိပြီး အစေးလှီးဧက(၅)သိန်းကျော်ရှိရာ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန ကျိုက်ထိုကြီးကြပ်မှုအောက်တွင် ရော်ဘာစိုက်ဧက (၂၂၀၅၃)ဧက ရှိပြီး အစေးလှီးဧရိယာ(၁၁၂၇၂)ဧက ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရော်ဘာအစေးလှီးရာသီမှာ ရော်ဘာဈေးနှုန်းများဟာ တစ်ပေါင်လျှင် ကျပ်(၅၀၀)မှ ကျပ်(၈၅၀)အထိသာ ရှိခဲ့သည့်နည်းတူ လက်ရှိအခြေအနေမှာလည်း ဌာနပိုင် ရော်ဘာခြံများမှလည်း မိမိလုပ်ငန်းနဲ့ ရော်ဘာတာယာနဲ့ ရော်ဘာပစ္စည်းများ ထုတ်လုပ်နိုင်ရန် ရော်ဘာတစ်ပေါင်လျှင် ကျပ်(၅၀၀)မှ ကျပ်(၇၉၀)အတွင်း ဈေးနှုန်းအဖြစ်သာ ထုတ်လုပ်ရောင်းချပေးလျက်ရှိပါတယ်။ ထို့အပြင် ရော်ဘာဈေးကွက်မှာ ပြည်တွင်းလိုအပ်ချက်နည်းပါး၍ ပြည်ပဈေးကွက်ကို မှီခိုနေရသော အခြေအနေဖြစ်နေသော်လည်း ယခုအခါ ဝယ်လိုအား လျော့နည်းလာသည်ကို သိရှိရပါသဖြင့် နိုင်ငံတော်က ဈေးနှုန်းထိန်းသိမ်းပေးရန် အခက်အခဲများစွာရှိသည့်အပြင် မြန်မာနိုင်ငံအတွင်း မိရိုးဖလာအစေးထုတ်ရော်ဘာလုပ်ငန်းဖြစ်သည့် နေလှန်းပြားနှင့် ရော်ဘာမှိုင်းခံပြားများသာ ထုတ်လုပ်လျက်ရှိရာ အဆင့်မြင့်ရော်ဘာလုပ်ငန်းဖြစ်သည့် Technically Specified Rubber (TSR) ထုတ်လုပ်မှုနည်းပါးပြီး Rubber Product အသင့်အတင့်သာ ထုတ်လုပ်နိုင်သေးကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရော်ဘာ အရည်အသွေးအဆင့်အတန်း မြင့်မားလာရေးအတွက် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် အများစုထုတ်လုပ်နေသော မှိုင်းခံရော်ဘာအစား ပိုမိုရရှိနိုင်သည့် အဆင့်မြင့် TSR ရော်ဘာများ ပြောင်းလဲထုတ်လုပ်နိုင်ရေးအတွက် ဒေသခံရော်ဘာစိုက်ပျိုးမှု တောင်သူလယ်သမားများကို စည်းလုံးဆွေးနွေးဆောင်ရွက်သင့်ပြီး လတ်တလောအခြေအနေတွင် နိုင်ငံတော်အစိုးရအနေနဲ့ ဈေးနှုန်းထိန်းသိမ်းပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြို့ငယ်လေးများ၏ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေပြည်တော်စည်ပင်နည်းတူ ပြည်ထောင်စု သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး ရန်ပုံငွေမှ ကျခံသုံးစွဲရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း က မြို့ငယ်လေးများ၏ မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နေပြည်တော်စည်ပင်နည်းတူ ပြည်ထောင်စု သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး ရန်ပုံငွေမှကျခံသုံးစွဲရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၃။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ဖြစ်ပါတယ်။ ယခုလို မေးမြန်းခွင့်ပြုတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကိုလည်းပဲ အထူးကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။ မေးခွန်းကတော့ ပြည်ထောင်စုအတွင်းရှိ မြို့ငယ်လေးများ၏ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေပြည်တော်စည်ပင်နည်းတူ ပြည်ထောင်စု သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး ရန်ပုံငွေမှကျခံသုံးစွဲရန် အစီအစဉ်ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းမေးရခြင်းရဲ့အကြောင်းဟာ ကျွန်တော်တို့ လွှတ်တော်နားတဲ့အချိန်မှာ မိမိရဲ့ မြို့နယ် ဝိုင်းမော်မြို့နယ်မှာရှိတဲ့ ဌာနဆိုင်ရာအဖွဲ့များနဲ့ ပေါင်းစပ်ညှိနှိုင်းတဲ့ အစည်းအဝေးက နေပြီးတော့ ထွက်ပေါ်လာတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူများရွေးချယ်တင်မြှောက်လိုက်တဲ့ လက်ရှိအစိုးရ လက်ထက်တွင် ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်းကြောင့် ပြည်သူများ အတိုင်းအတာတစ်ခုအထိ အားရကျေနပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အလားတူပဲ နယ်မြို့တွေရဲ့ မြို့ပြစည်ပင်သာယာရေး လုပ်ငန်းတွေကိုလည်းပဲ လစ်လျူရှုထား၍မရသလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် မဖြစ်မနေ အကောင်အထည်ဖော်နေတာလည်းပဲ မိမိအနေနဲ့ လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်များရဲ့ မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများဆောင်ရွက်ရာမှာ စည်ပင်၏ဝင်ငွေတစ်ခုတည်းဖြင့်သာ ကျခံသုံးစွဲဆောင်ရွက်နေတာကို သိရှိရပါတယ်။ စည်ပင်ဘတ်ဂျက်ဆိုတာလည်းပဲ သက်ဆိုင်ရာမြို့မှ ပြည်သူများအပေါ်သာ ကောက်ခံရရှိတဲ့ စည်ပင်၏ဝင်ငွေသာ ဖြစ်တယ်ဆိုတာလည်း ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ ဥပမာ ပြည်နယ်ကို ကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ ဝင်ငွေမရှိတဲ့ ဝေးလံခေါင်းပါးတဲ့ မြို့များဖြစ်တဲ့ အတွက် စည်ပင်သာယာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကောင်းမွန်စွာ မဆောင်ရွက်နိုင်ဘဲ ထိုမြို့ငယ်များရဲ့ လစာ

ထောက်ပံ့ကြေးများကိုပင်လျှင် ပြည်နယ်တွင်းမှ အခြားမြို့ကြီးများမှ ကျခံပေးနေတယ်ဆိုတာ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ နေပြည်တော်ရဲ့ အနေအထားကိုပြန်ကြည့်မယ်ဆိုလျှင် မြို့တော်စည်ပင်ရဲ့ဝင်ငွေအပြင် နိုင်ငံတော်မှ ဘတ်ဂျက်လုံလောက်စွာ ခွဲဝေချထားပေးတဲ့အတွက် နေပြည်တော်ကြီးဟာ လျှင်မြန်စွာဖွံ့ဖြိုးတိုးတက်လာတာကို မျက်ဝါးထင်ထင် တွေ့မြင်နေရတဲ့အတွက် အားရကျေနပ်ဖွယ်ကို တွေ့ရှိရပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင်မှ ကျွန်တော်တို့ မြို့ပြစည်ပင်သာယာရေးအတွက် အသုံးစရိတ်ကို နိုင်ငံတော်မှ အကုန်အကျခံပြီးတော့မှ သုံးစွဲနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ မြို့ရွာများ လှပဖွံ့ဖြိုးတိုးတက်ရခြင်းဟာလည်း အင်မတန်မှပဲ တင့်တယ်လျှောက်ပတ်တဲ့အနေအထားကို တွေ့ရှိရပါတယ်။ ဒါကြောင့်မိုလို့ မြို့နယ်တွေရဲ့ ကိုယ့်အား ကိုယ်ကိုး လုပ်နေရတဲ့ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းတွေကို ကြည့်နိုင်မယ်ဆိုရင် မြို့နယ်ငယ်၊ မြို့ငယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းထားဟာ ထူးခြားတိုးတက်လာမှာ မဟုတ်ကြောင်းကိုလည်းပဲ ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ ဒါကြောင့်မိုလို့ ဝင်ငွေနည်းတဲ့ ဝေးလံခေါင်းပါးသော မြို့ငယ်များနဲ့ မြို့ကြီးများ ဆူကြံ့နိမ့်မြင့် နည်းနိုင်သမျှနည်းအောင် ဖြစ်စေချင်တဲ့ ဆန္ဒဖြင့် မြို့ငယ်လေးများ၏ မြို့ပြစည်ပင်သာယာရေး လုပ်ငန်းဆောင်ရွက်ရာတွင် နေပြည်တော်စည်ပင်နည်းတူ ပြည်ထောင်စု သို့မဟုတ် ပြည်နယ်၊ တိုင်းဒေသကြီးရန်ပုံငွေမှ ကျခံသုံးစွဲရန် အစီအစဉ်ရှိ၊ မရှိကို သိလိုတဲ့အတွက် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၁၇။**

**ဒေါက်တာလင်းအောင်၊ (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂမ်ဆိုင်းရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ခု ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွေကို ခွဲခြားရေးဆွဲခဲ့ပါတယ်။ ဒီ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းမှာပါဝင်တဲ့ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့ ရငွေထက်ပိုတဲ့ အသုံးစရိတ်တွေကို ထောက်ပံ့ငွေအဖြစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့

ပေးခဲ့ပြီးတော့ စည်ပင်သာယာရေးအဖွဲ့များရဲ့ ရငွေထက်ပိုတဲ့ အသုံးစရိတ်တွေကို ပြည်ထောင်စုမှ ချေးငွေအဖြစ် ခွင့်ပြုပေးခဲ့တာရှိပါတယ်။ ဒီတိုင်းဒေသကြီး၊ ပြည်နယ်များရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး နဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုမှ နှစ်စဉ်ထောက်ပံ့ ငွေများ ခွင့်ပြုပေးလျက်ရှိပြီးတော့ ဒီထောက်ပံ့ငွေတွေကို တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ကျေးလက် ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစီမံကိန်းများကို အထောက်အကူပြုစေမယ့် စီးပွားရေး ကုန်ထုတ်လုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ပညာရေး၊ကျန်းမာရေးလုပ်ငန်းများကို အဓိကထား ပြီးတော့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်သုံးစွဲကြဖို့ ထောက်ပံ့ပေးခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်တို့မှာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအမည်စာရင်းအရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင်မွေးမြူရေးနဲ့ရေလုပ်ငန်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့လည်း တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကို စီမံကိန်း ဥပဒေနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်နေတာရှိပါတယ်။ ဒါ့အပြင် နယ်စပ်ရေးရာဝန်ကြီး ဌာနလက်အောက်မှာရှိတဲ့ ပြည်ထောင်စုအဆင့် နယ်စပ်ဒေသနဲ့ တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့လည်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ လမ်းတံတားများ တည်ဆောက်ရေး၊ ရေရရှိရေးနဲ့ ကျေးလက်မီးလင်းရေးစတဲ့ လုပ်ငန်းများကိုလည်း စီမံကိန်းဥပဒေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်များအနေနဲ့လည်း မြို့ငယ်များရဲ့ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည် ပြီးတော့မှ ဦးစားပေးအလိုက် ဆောင်ရွက်ပေးလျက်ရှိတာကို တွေ့ရှိရပါတယ်။ နေပြည်တော် စည်ပင် သာယာရေး ကော်မတီဟာ ပြည်ထောင်စုရသုံးခန့်မှန်းခြေငွေစာရင်းမှာ ပါဝင်ပေမယ့်လည်း သူတို့ရဲ့ ကိုယ်ပိုင်ရန်ပုံငွေ၊ ဘဏ္ဍာရန်ပုံငွေအပေါ်မှာ ရပ်တည်ပြီးတော့ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှာ တိုင်းဒေသကြီး၊ ပြည်နယ်များလို ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတွေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ဖို့ပြည်ထောင်စုမှထောက်ပံ့ပေးခြင်းနဲ့ကျေးလက်မီးလင်းရေး၊ရေရရှိရေးနဲ့ လမ်းတံတားများ တည်ဆောက်ရေး စတဲ့တည်ဆောက်ရေးစတဲ့ လုပ်ငန်းများအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း များမှာ ရန်ပုံငွေများလျာထားပြီး ဆောင်ရွက်ပေးခြင်းမျိုးမရှိပါဘူး။ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဟာ သူတို့ရရှိတဲ့ရငွေထက် အသုံးစရိတ်ကို ပိုမိုသုံးစွဲဖို့လိုအပ်လို့ရှိရင် နေပြည်တော် စည်ပင် သာယာရေး ကော်မတီရဲ့ ဥပဒေအရ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေက ထောက်ပံ့ငွေတောင်းခံပြီးတော့ သုံးစွဲနိုင်ပါတယ်။

ဒီထောက်ပံ့ငွေကို ဘဏ္ဍာရေး ကော်မရှင်ရဲ့ ထောက်ခံချက်နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးတော့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးမှသာ သုံးစွဲရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စု နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ဒီပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွေ အချိုးသင့်တင့်မျှတမှုရှိစေဖို့ အခွန်အကောက် ရငွေများနဲ့ ဆောင်ရွက် မှုမှရငွေတွေကို ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ တွေကို အချိုးကျခွဲဝေ လျက်ရှိပါတယ်။ ဥပမာတင်ပြရရင် ကျွန်တော်တို့ အခွန်တံဆိပ်ခေါင်းခွန်

(၂)ရာခိုင်နှုန်းနဲ့ ပတ်သက်ပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်များကိုသာ ခွဲဝေပေးတာရှိပါတယ်။ နောက်တစ်ခုက ဝင်ငွေခွန်နဲ့ပတ်သက်လို့လည်း (၅)ရာခိုင်နှုန်း ကျွန်တော်တို့ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေက ခွဲဝေပေးတာရှိပါတယ်။ နောက်ဆုံး ၂၀၁၄ ပြည်ထောင်စုရဲ့အခွန်အကောက် ဥပဒေ အရလည်း ကျွန်တော်တို့က ကုန်သွယ်ခွန်ကို ရာခိုင်နှုန်းတစ်ခုပေးဖို့အတွက်ကို ဒါစီစဉ်ဆောင်ရွက် နေတာရှိပါတယ်။ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များရဲ့ ရငွေထက်ပိုမိုတဲ့ အသုံးစရိတ်များကို ထောက်ပံ့ပေးရာမှာလည်းကောင်း၊ စောစောကကျွန်တော်တင်ပြခဲ့တဲ့ အခွန်ခွဲဝေ ပေးရေး (Tax Sharing) ခွဲဝေပေးတဲ့အခါမှာလည်းကောင်း ဒီယခုထက်ပိုမိုပြီးတော့မှ စနစ်ကျနစွာ ထောက်ပံ့ပေးနိုင်ရေးအတွက်ကိုလည်း ဒါပညာရှင်များအကူအညီရယူပြီးတော့မှ ကျွန်တော်တို့ သုတေ သနပြုဆောင်ရွက်လျက်ရှိပါတယ်။ သို့မှသာ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များအကြားမှာ ဘဏ္ဍာငွေခွဲဝေရရှိမှု၊ သုံးစွဲမှုများဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုပီပြင်စွာနဲ့ လျော်ကန်သင့်မြတ်တဲ့ပုံစံ ဖြစ်လာမှာဖြစ်ပါတယ်။ မြို့ငယ်လေးများရဲ့ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီတို့ရဲ့ ကြီးကြပ်စီမံမှု ဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁:၂၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် (၉)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၂၃။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယား ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းပြင်ဆင်ချက် ကို နိုင်ငံနဲ့ပြည်သူ့အကျိုးအတွက်တာဝန်၊ လွှတ်တော်ရဲ့ ဥပဒေပြုရေးတာဝန်၊ သတ္တုနဲ့ သယံဇာတ ကော်မတီများရဲ့ တာဝန်ကိုရှေ့ရှုပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံး မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေကြမ်းကို သတ္တုတွင်းဝန်ကြီးဌာနမှ တင်သွင်းတဲ့ ဥပဒေပုဒ်မ ၂(ဍ) နဲ့ စပ်လျဉ်းတဲ့ ၁၉၉၅ ခုမြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ဝန်ဆောင်မှုဆိုတဲ့ စကားရပ်၏အနက် အဓိပ္ပာယ်ကို ဖွင့်ဆိုချက်မပါရှိတဲ့ အတွက်ကြောင့်မိုလို့ သတ္တုတွင်းဝန်ကြီးဌာနက ကျင်းပတဲ့ ကျောက်မျက်ရတနာ အရောင်းပြပွဲ Emporia များတွင် ကျောက်မျက်ရတနာများ နိုင်ငံခြားငွေဖြင့်

ရောင်းချရငွေအပေါ် ပုဒ်မ ၂၈၊ ပုဒ်မ ၂၉၊ ပုဒ်မ၃၀ တို့အရ (၁၀)ရာခိုင်နှုန်း အခွန်ပေးဆောင်စေရန်၊ (၇)ရာခိုင်နှုန်းသည် ရတနာအခွန်ဖြစ်ပြီး (၃)ရာခိုင်နှုန်းသည် သတ္တုတွင်းဝန်ကြီးဌာန၏ ဝန်ဆောင်ခ အဖြစ် ရယူခြင်းဖြစ်ကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ၊ ဥပဒေအပိုဒ် ၄၅(က)၌ ဖွင့်ဆို ထားပါတယ်။ ဒါကြောင့် ဝန်ဆောင်ခကို သတ္တုတွင်းဝန်ကြီးဌာနက ကျင်းပတဲ့ ကျောက်မျက်ရတနာပြပွဲ ကျင်းပပေးခြင်း၊ ပြပွဲအစီအစဉ်ဆောင်ရွက်ပေးခြင်း၊ ပြပွဲဝန်ဆောင်မှုပေးခြင်းတို့ကို မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ဆောင်ရွက်ပေးတာကြောင့် ရယူခြင်းဖြစ်ပါတယ်။ ဝန်ဆောင်ခ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်အပေါ် သဘောထားကွဲလွဲခြင်းမှာ ဝန်ဆောင်ခပေးမည်၊ မပေးမည် အငြင်းပွားခြင်း၊ သဘောထားကွဲလွဲခြင်း မဟုတ်ပါဘူး။ ဝန်ကြီးဌာနရဲ့ အဆိုပြုပြဋ္ဌာန်းချက် ဖြစ်တဲ့ ဝန်ဆောင်ခဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ၊ အသင်း သို့မဟုတ် လိုင်စင်ရရှိသူက ရတနာခွန်၊ ရတနာနယ်မြေကြီးကြပ်ခနှင့် တန်ဖိုးဖြတ်ခတို့ ပေးဆောင်ပြီးသည်ဆိုသည့် စကားရပ်ကို သဘောမတူခြင်းဖြစ်ပါတယ်။

တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို ဖြစ်စေ ရောင်းချချိန်တွင် ရောင်းချရသည့် တန်ဖိုးအမှန်ပေါ်မှာ ဥပဒေအရသတ်မှတ်ထားသည့် ရတနာ ခွန်များအသီးသီးကို ပေးဆောင်ရတာဖြစ်တာကြောင့် ဝန်ကြီးဌာနရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဆိုပါက ရှေ့နောက်ဆီလျော်ညီညွတ်နိုင်မည်မဟုတ်ပါ။ ဒါကြောင့်မို့ အမျိုးသားလွှတ်တော်က ဥပဒေ ပုဒ်မ ၂(ဋ) ဖြင့် ဖြည့်စွက်ထားသည့် အတိုင်းပင် ဖွင့်ဆိုချက်အတိုင်း ဝန်ဆောင်ခဆိုသည်မှာ ခွင့်ပြုမိန့် ရရှိသော ကုမ္ပဏီ၊ အသင်း သို့မဟုတ် လိုင်စင်ရရှိသူက မှတ်ပုံတင်ပြီးသည့် ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ၊ ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် မြန်မာငွေ သို့မဟုတ် နိုင်ငံခြားငွေဖြင့် တင်ပြိုင်ရောင်းချခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနက စီစဉ်ပေးသောနေရာများတွင် ရောင်းချခြင်းတို့၌ မြန်မာငွေ သို့မဟုတ် နိုင်ငံခြားငွေဖြင့် တင်ပြိုင်ရောင်းချခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနက စီစဉ်ပေးသောနေရာများတွင် ရောင်းချခြင်းတို့၌ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ဆောင်ရွက်သည့် လုပ်ငန်းများ အတွက် ဥပဒေနှင့်အညီ ကောက်ခံသည့် ဝန်ဆောင်ခကိုဆိုလိုသည်ဟု အတည်ပြုလက်ခံမှသာ ပြင်ဆင်သည့် ဥပဒေနှင့်အညီ ညီညွတ်မှာဖြစ်ပါတယ်။

ကျောက်မျက်ရတနာအရိုင်းကို တူးဖော်ထုတ်လုပ်ပြီးသည်နှင့် နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ဝန်ကြီးဌာနကသတ်မှတ်ထားသည့် ဌာနနှင့်နေရာများတွင် မှတ်ပုံတင်ခြင်းပြုလုပ်ပြီး မြန်မာ ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချသည့်အခါတွင် ရောင်းရငွေအမျိုးအစားဖြင့် ရတနာ ခွန်ပေးဆောင်စေပြီး ပြပွဲများတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ဆောင်ရွက် ရသည့် လုပ်ငန်းများအတွက် ဥပဒေနှင့်အညီ ကောက်ခံသည့်ဝန်ဆောင်ခ ပေးခြင်းကသာ သဘာဝ ကျသဖြင့် ရတနာနယ်မြေကြီးကြပ်ခ၊ တန်ဖိုးဖြတ်ခဆိုသော စကားရပ်ကို ချန်လှပ်သင့်တာ ကြောင့် မှတ်ပုံတင်ပြီးသည်ဆိုသည့်စကားရပ်ကို လက်ခံသင့်ပါတယ်။ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ဥပဒေတစ်ခုလုံးနှင့် ပြဋ္ဌာန်းဥပဒေကို လိုက်နာဆောင်ရွက်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

လမ်းညွှန်သဖွယ် အရေးပါအရာရောက်တာ၊ အရာရောက်သမျှ အလေးအနက်ထား၍ စဉ်းစားရမည် ဖြစ်ပါသည်။

ဒုတိယအပိုဒ်အနေနဲ့ ပုဒ်မ ၁၉ နဲ့ စပ်လျဉ်းပြီး ၁၉၉၅ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၁၉ တွင် ကျောက်မျက်ရတနာအရိုင်းမှ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်မှုနှင့် လက်ဝတ်ရတနာထုတ်လုပ်မှုအတွက် အမှန်တကယ်လိုအပ်သောကုန်ကြမ်းပစ္စည်းများ၊ ထုတ်လုပ်မှု အတွက် လိုအပ်သောပစ္စည်းကိရိယာများကို အကောက်ခွန်မဲ့တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီး ဌာန သို့ လျှောက်ထားခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ပါရှိပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ဥပဒေ ပြင်ဆင်ရာမှာ ဝန်ကြီးဌာနမှ ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းကိရိယာများ တင်သွင်းနိုင်ရန် ရတနာခွန်၊ ရတနာ နယ်မြေကြီးကြပ်ခနှင့် တန်ဖိုးဖြတ်ခတို့ ပေးဆောင်ပြီးသော ကျောက်မျက်ရတနာ အရိုင်းကိုဆိုလိုသော စကားရပ်များ ဖြည့်စွက်ထားပါတယ်။

ရည်ရွယ်ချက်မှာ အချောထည်ပြုလုပ်မယ့် လက်ဝတ်ရတနာပြုလုပ်မည့် ကျောက်မျက် ရတနာအရိုင်းသည် ရတနာခွန်ကိုလည်းကောင်း၊ ရတနာနယ်မြေကြီးကြပ်ခကိုလည်းကောင်း၊ တန်ဖိုးဖြတ်ခ ကိုလည်းကောင်း ပေးဆောင်ပြီးဖြစ်စေရန် ကန့်သတ်ချက်လိုအပ်မှာဖြစ်ပါတယ်။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေပြင်ဆင်ရာမှာ အနှစ်သာရအားဖြင့် ရတနာခွန်ကို တိတိကျကျ စိစစ်၄၄ ရှိစေရန် ရောင်းချချိန်၌ ရောင်းရငွေအပေါ် သတ်မှတ်သည့် ရာခိုင်နှုန်းအတိုင်း ပေးဆောင်ရန် ရည်ရွယ် ထားရှိပါတယ်။ ဒါ့အပြင် ထုတ်လုပ်ရောင်းချမှု အဆိုပြဋ္ဌာန်းထားသည့် (၁၅)ရာခိုင်နှုန်း သို့မဟုတ် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းပေးမည့် ရတနာခွန် ရာခိုင်နှုန်းကို ရတနာခွန်အဖြစ် ရှင်းလင်းစွာ၊ ပွင့်လင်းမြင်သာစွာ ပေးဆောင်စေလိုသည့် ရည်ရွယ်ချက်ထားရှိပါတယ်။ ကောက်ယူသည့် အခွန်အပေါ်မှာ ရတနာခွန်၊ ရတနာနယ်မြေကြီးကြပ်ခနှင့် တန်ဖိုးဖြတ်ခ ခေါင်းစဉ်များခွဲပြီး ကောက်ခံသည့် အစီအစဉ်ကို လက်ခံသဘောတူလိုခြင်း မရှိတာကြောင့် ရတနာခွန်၊ ရတနာနယ်မြေကြီးကြပ်ခနှင့် တန်ဖိုး ဖြတ်ခ စကားရပ်ကို ချန်လှပ်လိုပါတယ်။

အချောထည်နှင့် လက်ဝတ်ရတနာပြုလုပ်ရန်အတွက် ပြည်ပမှတင်သွင်းလာသော ကျောက်မျက်ရတနာများကို သတ်မှတ်သည့် အခွန်နှုန်းထားဖြင့် တင်သွင်းခွင့်ပြုခြင်း၊ ထုတ်လုပ်မှုနှင့် ဆိုင်သည့် အခြားကုန်ကြမ်းပစ္စည်းများ၊ စက်ကိရိယာများကို အခွန်၊ အကောက်ခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရန် လျှောက်ထားခွင့်ရှိကြောင်း အဆိုပြုပြဋ္ဌာန်းချက်များကို သဘောတူပါတယ်။ ရတနာမြေ ကြီးကြပ်ခြင်း၊ တန်ဖိုးဖြတ်ခြင်းတို့သည် သတ္တုတွင်းဝန်ကြီးဌာန၏ တာဝန်ဝတ္တရားအရဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ထမ်းများက မိမိတို့၏ရာထူးအရ ဆောင်ရွက်ခြင်းဖြစ်တာကြောင့် ကျောက်မျက်ရတနာ ရောင်းချရသည့်အပေါ်မှ ဖြတ်တောက်ပြီးရယူရန် မသင့်လျော်သည့်အတွက် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ချန်လှပ်ထားသင့်ပါတယ်။

တတိယအပိုဒ်အနေနဲ့ ပုဒ်မ ၂၃(က)နဲ့ စပ်လျဉ်းပြီး ၁၉၉၅ ခုနှစ်မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၂၃ သည် လိုင်စင်ရရှိသူ၏ လုပ်ကိုင်ခွင့်များကို ပြဋ္ဌာန်းပေးခြင်းဖြစ်ပါသည်။ မူလဥပဒေပုဒ်မ ၂၃ လိုင်စင် ရရှိသူသည် (က) ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းက ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာအချောထည် ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့် ရှိသည်ဟူ၍ ဖြစ်ပါသည်။ ဝန်ကြီးဌာနမှ ယင်းပုဒ်မ ၂၃(က)ကို

ပြင်ဆင်ထားသည်မှာ ရတနာခွန်ပေးဆောင်ပြီးသော စကားရပ်နေရာတွင် ရတနာခွန်၊ ရတနာမြေကြီးကြပ်ခ နှင့် တန်ဖိုးဖြတ်ခတို့ ပေးဆောင်ပြီးသော ဆိုသည့်စကားရပ်ကို ဖြည့်စွက်ထားတာကြောင့် ဒီပုဒ်မအပေါ် အကျိုးသက်ရောက်မှုမှာ လိုင်စင်ရသူသည် ရတနာခွန်များ၊ ရတနာမြေနယ်မြေကြီးကြပ်ခများ၊ တန်ဖိုးဖြတ်ခများတို့ ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့်၊ ကျောက်မျက်ရတနာနှင့် ပြုလုပ်ထားသောပစ္စည်းများ ပြုလုပ်ခွင့်ရှိသည်အဓိပ္ပာယ် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပုဒ်မ ၂၃ နှင့်စပ်လျဥ်းပြီး ပြင်ဆင်ထားသည်မှာ ပုဒ်မ ၂၃ လိုင်စင်ရရှိသူသည် (က) ခွင့်ပြုမိန့်ရရှိသူက မှတ်ပုံတင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်၊ သယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့်၊ ကျောက်မျက်ရတနာပြုလုပ်သောပစ္စည်း ပြုလုပ်ခွင့်ရှိသည်ဟူ၍ ဖြစ်ပါသည်။ လိုင်စင်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များသည် သဘောထား ကွဲလွဲမှုမရှိပါ။ အဓိကကွဲလွဲချက်မှာ အရိုင်းကို မှတ်ပုံတင်ပြီးသည်နှင့် အချောထည်လက်ဝတ်ရတနာ စသည်တို့လုပ်ကိုင်နိုင်ခွင့်ရှိသည်။ အရိုင်း မှတ်ပုံတင်ပြီးရုံနှင့် သို့မဟုတ် အချောထည်လက်ဝတ်ရတနာ စသည်တို့ ဆင်းသက်ပြုပြင်ခြင်း မပြုလုပ်နိုင်ဘဲ ရတနာခွန်ပေးဆောင်စေပြီး ရတနာနယ်မြေကြီးကြပ်ခ၊ တန်ဖိုးဖြတ်ခများပေးဆောင်ပြီး အချောထည်လက်ဝတ်ရတနာများ ပြုလုပ်နိုင်ခြင်းဆိုသည့်သဘော ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတကော်မတီမှ တင်သွင်းသည့် ဥပဒေကြမ်းတွင် တူးဖော်ထုတ်လုပ်ခြင်းပြုလုပ်ပြီးနောက် အရိုင်းကို စနစ်တကျ မှတ်ပုံထားရှိရန် အဆိုပြုထားပါတယ်။

သို့ဖြစ်၍ ပုဒ်မ ၁၆(ဂ) တွင် ထုတ်လုပ်ရရှိသောအရိုင်းကို မှတ်ပုံတင်ရန်လည်းကောင်း၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ တို့တွင် မှတ်ပုံတင်ခြင်းလုပ်ငန်း အဆင့်ဆင့်ကို လည်းကောင်း၊ ပုဒ်မ ၁၇ တွင် မှတ်ပုံတင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အချောထည်ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာပြုလုပ်ခြင်း စသည့် အဆင့်တက်ပြုပြင်ခြင်း ပြုလုပ်နိုင်ခွင့်၊ ကျောက်မျက်ရတနာပြပွဲများတွင် ရောင်းချခွင့်၊ နိုင်ငံခြားမှ ရတနာကုန်သည်များဖိတ်ခေါ်၍ ရောင်းချခွင့်၊ နိုင်ငံခြားကျောက်မျက်ရတနာပြပွဲများသို့ သွားရောက်ရောင်းချခွင့်များကို ရေးဆွဲအဆိုပြု ပြဌာန်းထားပါတယ်။ ရည်ရွယ်ချက်မှာ ကျောက်မျက်ရတနာ အရိုင်းကို တူးဖော်ထုတ်လုပ်ချိန်တွင် အကဲဖြတ်အဖွဲ့နှင့် တန်ဖိုးဖြတ်အဖွဲ့ တန်ဖိုးဖြတ်ရတနာခွန်၊ တွင်းဝခွန်( ၂၀)ရာခိုင်နှုန်း ပေးဆောင်သည့်စနစ်ကို ပြုပြင်ပြောင်းလဲပြီး နိုင်ငံတော်အတွက် တိကျမှန်ကန်သော ရတနာခွန်ရရှိစေရန်၊ သယံဇာတဖြစ်သော ကျောက်မျက်ရတနာကဏ္ဍမှ ရတနာခွန်ပေးဆောင်ခြင်းသည် ပွင့်လင်းမြင်သာမှုရှိစေရန် တူးဖော်ထုတ်လုပ်ချိန်တွင် မှတ်ပုံတင်ထားပြီး အမှန်တကယ်ရောင်းချချိန်တွင် အမှန်ရောင်းချသည့် တန်ဖိုးအပေါ် ရတနာခွန်ပေးဆောင်ရန် ဖြစ်ပါတယ်။ သို့မှသာ နိုင်ငံတော်အတွက် ရတနာခွန်ရရှိမှုသည် မှန်ကန်မှု၊ တိကျမှုရှိပြီး သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေးဆောင်ရွက်မှုကို လိုက်နာသော EITIA အဖွဲ့ဝင်နိုင်ငံ အဖြစ် မှန်မှန်ကန်ကန် ရပ်တည်နိုင်မှာဖြစ်ပါတယ်။ တွင်းဝခွန်သည် ကျွမ်းကျင်သူများပါဝင်သော တန်ဖိုးဖြတ်အဖွဲ့ဖြင့် ရာဖြတ်ပြီး ယင်းအဖွဲ့ကသတ်မှတ်ပေးသည့် တန်ဖိုးအပေါ် အခွန်ဆောင်စေခြင်း ဖြစ်ပါတယ်။

ကျောက်မျက်ရတနာတို့၏ သဘာဝဈေးနှုန်းသည် ဝယ်သူနှင့်ရောင်းသူတို့၏ သဘောတူညီမှုအပေါ်တွင်သာ အတည်ဖြစ်ပါတယ်။ မည်သည့်အခါမျှ တစ်ထပ်တည်းကျမည်မဟုတ်ပါ။ တန်ဖိုး

အဆမတန် မြင့်တက်ရရှိတာရှိသလို လုံးဝရောင်းချခြင်းမရှိသည့် ကျောက်များလည်း ရှိပါတယ်။ ခွဲစိတ်ဖြတ်တောက်ချိန်တွင် အရည်အသွေးမရှိ၍ တန်ဖိုးတစ်ခုပေးပြီး ဝယ်မည့်သူမရှိ၍ တစ်ပြားတစ်ချပ်မှမတန်ဖြစ်သွားသည့် ကျောက်များလည်း ရှိပါတယ်။ ဒါကြောင့် တန်ဖိုးအမှန်ရောင်းချချိန်ပေါ်မှသာ ရောင်းချချိန်၌ရတနာခွန် ပေးဆောင်သည့်စနစ်တို့ မဖြစ်မနေပြောင်းလဲရန် လိုအပ်လာပြီလို့ ယူဆကြပါတယ်။ ဝန်ကြီးဌာနမှအဆိုပြုထားသော ရတနာနယ်မြေကြီးကြပ်ခ ဆိုသည်မှာလည်း ဝန်ကြီးဌာနမှ မိခင်တာဝန် ထမ်းဆောင်ခြင်းသာဖြစ်တာကြောင့် ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်ရသည်ကို ထုတ်လုပ်သူများထံမှ အခငွေကြေးကောက်ခံခြင်းဟာ မလျော်ကန်မသင့်မြတ်တာကြောင့် ဒီစနစ်ဟာ မရှိသင့်တော့ပါဘူး။ ထိုနည်းတူစွာပဲတန်ဖိုးဖြတ်ခဆိုတာ ဝန်ကြီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများ၊ ဝန်ကြီးဌာနမှခန့်အပ်သည့် ပညာရှင်များနဲ့တန်ဖိုးဖြတ်ခြင်းဟာ ဌာနဆိုင်ရာများ လုပ်ငန်းတာဝန်ဖြစ်တာကြောင့် ထုတ်လုပ်သူများထံမှ ငွေကြေးတောင်းခံရန် သင့်လျော်မှုမရှိပါဘူး။ တန်ဖိုးဖြတ်ခ ကောက်ခံသည့်စနစ်လည်း မရှိသင့်တော့ပါဘူး။ ဒါကြောင့် ကျောက်မျက်ရတနာ အရိုင်းထွက်ရှိလာလျှင် အကောင်းဆုံးစနစ်ဖြင့် မှတ်ပုံတင်ထားပြီး၊ မှတ်ပုံတင်ပြီးနောက် ရောင်းချရေးအတွက် ခွင့်ပြုမိန့်ရရှိသူ၊ လိုင်စင်ရရှိသူတို့သည် ခွင့်ပြုမိန့်ရရှိသူတို့၏ အခွင့်အရေး၊ လိုင်စင်ရရှိသူတို့၏ အခွင့်အရေးများအတိုင်း ဆက်လက်လုပ်ဆောင်ခွင့်ပြုရမည်။ ပြုသင့်တယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။ သို့ဖြစ်ရာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသော ပုဒ်မ ၂၃(က)ပါအတိုင်း ခွင့်ပြုမိန့်ရရှိသူက မှတ်ပုံတင်ပြီးသော ကျောက်မျက်ရတနာ အရိုင်းကိုဝယ်ယူခွင့်၊ သယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့်၊ ကျောက်မျက်ရတနာ ပြုလုပ်သောပစ္စည်း ပြုလုပ်ခွင့်များရှိသည်ဟူ၍ ဖြစ်ပါသည်။ လိုင်စင်ရရှိသူတို့အား လုပ်ကိုင်ခွင့်သတ်မှတ်ပေးခြင်းသည် သင့်မြတ်ကောင်းမွန်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော့်ဆွေးနွေးပွဲများဟာ ကျွန်တော်တို့ သတ္တုနဲ့ သယံဇာတကော်မတီမှ မြန်မာ့ကော်မတီမှာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များနဲ့ ဥပဒေအကြံပြု ပညာရှင်များနဲ့ ဆွေးနွေးပေါင်းစပ်ပြီး ကော်မတီရဲ့ သုံးသပ်ချက်နဲ့ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၀။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယ ဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ကော်မရှင် အဖွဲ့ဝင်များ အားလုံး ကာယစိတ္တ သုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ပဲ ဖြစ်ပါတယ်။ ၂၅-၇-၂၀၁၄ ရက်နေ့က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာနဲ့အတူ တင်သွင်းလာတဲ့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ သတ္တုတွင်းဝန်ကြီးဌာနမှ

တာဝန်ရှိပုဂ္ဂိုလ်များတို့ အကြိမ်ကြိမ်အခါခါ ညှိနှိုင်းဆွေးနွေးပြီး တင်ပြလာတဲ့ ဥပဒေကြမ်းမှာ ကျွန်တော်တို့ ပုဒ်မ ၁၄ ခုနဲ့အခန်း (၂)ခန်းကို ညှိနှိုင်းဆွေးနွေးလို့ သဘောတူညီမှု မရတဲ့အတွက် လွှတ်တော်ကို တင်ပြထားတဲ့ကိစ္စကို ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အတည်ပြုရေးဆွဲပြဋ္ဌာန်းထားတဲ့ ဥပဒေပုဒ်မမှာ ပါရှိတဲ့ ကျောက်မျက်ရတနာ ဥပဒေကြမ်းပုဒ်မ နဲ့ ပုဒ်မခွဲ (ပ) ပုဒ်မ ၂ ပုဒ်မခွဲ (ဗ) ပုဒ်မ ၁၅ (ဃ) ပုဒ်မ ၁၅ (င) အပိုဒ် (က) ပုဒ်မ ၁၅ (င) အပိုဒ်ခွဲ (ခ) တို့နဲ့ သက်ဆိုင်တဲ့ လက်လုပ်လက်စား နဲ့ သက်ဆိုင်တဲ့ ဥပဒေပုဒ်မတွေအပေါ် ကျွန်တော် ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ဥပဒေကြမ်းပုဒ်မ ၂ ပုဒ်မခွဲ (ပ)မှာ ခွင့်ပြုမိန့် ရရှိသူဆိုသည်မှာ ခွင့်ပြုမိန့် ရရှိသော ကုမ္ပဏီအသင်း ဖော်ထုတ်လုပ်ကွက်ကို လုပ်ကိုင်နိုင်ရန် ခွင့်ပြုမိန့်ရရှိသူနှင့် လက်လုပ်လက်စား လုပ်ကိုင်ခွင့် ရရှိသူတို့ကို ဆိုသည်လို့ ဖော်ပြထားပါတယ်။ ဒီနေရာမှာအရင်က ခေတ်အဆက်ဆက်မှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေမှာ လက်လုပ်လက်စားဆိုတဲ့ အသုံးအနှုန်းကို ဖော်ပြထားခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ လက်လုပ်လက်စားဟာ နိုင်ငံတော်ရဲ့ (၇၅)ရာခိုင်နှုန်းသော အခြေခံလူတန်းစားများအတွက် ကျွန်တော်တို့ ခေတ်ပြောင်းစနစ်ပြောင်းမှာ နိုင်ငံတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ (က)အရ အာဏာ သုံးရပ်ကို လွတ်လပ်စွာ ပိုင်းခြားကျင့်သုံးနေတဲ့အချိန်မှာ ဥပဒေပြုအာဏာကို ကျင့်သုံးနေတဲ့ လွှတ်တော်ကြီးကနေလည်း နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဥပဒေတို့ကို ပြုသင့်သည်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်လို့ ဒီဥပဒေပုဒ်မတွေကို ထောက်ခံဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အခြေခံလူတန်းစားများဖြစ်တဲ့ လက်လုပ်လက်စားများ ကျောက်မျက်ရတနာလုပ်ငန်းကို လုပ်ကိုင် နေကြတဲ့ ကချင်ပြည်နယ် ဖားကန့်ဒေသက လက်လုပ်လက်စား အခြေခံ လူတန်းစားများအကြောင်းကို အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။ ဒါမှလည်း ကျွန်တော်တို့ လက်လုပ်လက်စားတွေကို ဥပဒေပြဋ္ဌာန်းပေးသင့်ကြောင်း ထောက်ခံရတဲ့အကြောင်းတွေ ပေါ်လွင်မှာ ဖြစ်တဲ့အတွက် ကျွန်တော် ယခုလို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မြေပြင်မှာ ကျောက်မျက်ရတနာ လုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်း နေကြတဲ့ လက်လုပ်လက်စားများဟာ ဒေသခံတိုင်းရင်းသားများအပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးက လာရောက်လုပ်ကိုင်ကြတဲ့ နိုင်ငံတော်ရဲ့ (၇၀)ရာခိုင်နှုန်းသော အခြေခံလူတန်းများ ဖြစ်ကြပါတယ်။ အခက်အခဲပေါင်းများစွာနဲ့ ခေတ်အဆက်ဆက်တို့ကို ရင်ဆိုင်ဖြတ်သန်းရင်း ကျောက်မျက် ရတနာ တူးဖော်ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းကို စိတ်ဝင်တစား လုပ်ကိုင်ခဲ့ကြပါတယ်။ ဒေသ အသုံးအနှုန်းအရ ယခုအခါ သူတို့ကို ရေမဆေးလို့လည်း ခေါ်ကြပါတယ်။ ဖားကန့်ဒေသတစ်ခုလုံးမှာ ပျံ့နှံ့နေထိုင်ပြီး လူဦးရေသိန်းဂဏန်းခန့်ရှိမယ်လို့ ခန့်မှန်းရပါတယ်။ အဆိုပါ လက်လုပ်လက်စား ရေမဆေးများဟာ ကျောက်မျက်ရတနာလုပ်ငန်း လုပ်ကိုင်နေကြသော်လည်း နိုင်ငံတော်မှပြဋ္ဌာန်း ထုတ်ပြန်ထားသော ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေတို့ကို သိရှိနားလည်မှု မရှိသလောက် ဖြစ်ကြပါတယ်။ ဒေသလမ်းပန်းဆက်သွယ်မှု ခက်ခဲမှုကြောင့် သွားလာရန်ခက်ခဲခြင်း၊ နယ်မြေ လုံခြုံအေးချမ်းမှု မရှိခြင်း၊ နိုင်ငံတော်ပိုင် သတင်းစာများ၊ ပုဂ္ဂလိက မီဒီယာများမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ အချိန်နဲ့တစ်ပြေးညီ မရောက်ရှိနိုင်ကြခြင်း စီးပွားရေးကို အာရုံစိုက်ကြပြီး ဥပဒေပတ်သက်သောစာပေများ လေ့လာမှုအားနည်းခြင်းများအပြင် သက်ဆိုင်ရာဝန်ကြီးဌာန အာဏာပိုင် အဖွဲ့အစည်းများကလည်း နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ကြေညာစာ၊

လုပ်ထုံးလုပ်နည်းတို့ကို အများပြည်သူ သိရှိနားလည်ပြီး လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်အောင် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့တာ အားနည်းခြင်းများကြောင့် သူတို့အတွက် ဥပဒေများ ပြဋ္ဌာန်းပေးခြင်းများ မရှိတဲ့အတွက် နိုင်ငံတော်ကို အခွန်အကောက်များ ပေးဆောင်ခြင်းလည်းမရှိ ခွင့်ပြုမိန့် လျှောက်ထားပြီး ဥပဒေရဲ့ အကာအကွယ် အစောင့်အရှောက်လည်း ရယူခြင်းလည်း မရှိသည့်အပြင် နိုင်ငံတော်ရဲ့ ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာများ မြောက်မြားစွာ ဆုံးရှုံးခဲ့ရသလို လက်လုပ်လက်စား ရေမဆေးများဟာ ဥပဒေပြင်ပက လူတန်းစားများလို ဖြစ်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)ပါ နိုင်ငံသားမူလအခွင့်အရေးများ ဆုံးရှုံးပြီး နိုင်ငံသားတာဝန် မကျေပွန်သလို ဖြစ်နေကြပါတယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၅ မှာ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်ဒေသအရပ်၌မဆို ဥပဒေနဲ့အညီ အခြေစိုက်နေနိုင်ခွင့်ရှိသည်လို့ ဖော်ပြထားပါတယ်။ ပုဒ်မ ၃၄၉ ပုဒ်မခွဲ (ဂ)နဲ့ (ဃ)တို့မှာလည်း နိုင်ငံသားတိုင်းသည် ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု စီးပွားရေး လုပ်ကိုင်မှုတို့တွင် တူညီသော အခွင့်အလမ်းကို ရရှိစေမယ့်လို့ အတိအလင်း ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခု နိုင်ငံတော်ဟာ ဒီမိုကရေစီ ခေတ်စနစ်နဲ့ စီးပွားရေးနဲ့ လုပ်ကိုင်နေတဲ့ စီမံခန့်ခွဲမှုများ ဆောင်ရွက်ပြီး အခြေခံလူတန်းစားပြည်သူများ စီးပွားရေး ပြုပြင်ပြောင်းလဲမှုလည်း လုပ်ကိုင်နေတဲ့အချိန်မှာ လုပ်ကိုင်ခွင့် အခွင့်အလမ်းများ ဖော်ထုတ်ပေးဖို့အတွက် အမှန်တကယ် ပြုပြင်ပြောင်းလဲဖို့ လုပ်ကိုင်ပေးဖို့ လိုအပ်ပြီ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာကဏ္ဍမှာ လက်လုပ်လက်စားများ ကျောက်မျက်ရတနာလုပ်ငန်းများ စတင်လုပ်ကိုင်ခွင့်ရရှိစေမယ့် အခွင့်အလမ်းဖြစ်တဲ့ လက်လုပ်လက်စားဥပဒေပုဒ်မကိုလည်း ကျွန်တော်တို့ အတည်ပြုပြဋ္ဌာန်းပေးသင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ယခု နိုင်ငံတော်က စီမံကိန်း ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကိုလည်း များစွာအထောက်အကူပြုစေမယ့် လက်လုပ်လက်စား ရေမဆေးများကို ကျောက်မျက်ရတနာ ဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းပေးခြင်းအားဖြင့် လက်လုပ်လက်စားများဟာ ဥပဒေနဲ့အညီ လုပ်ကိုင်နိုင်တော့မှာဖြစ်တဲ့အတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး လက်လုပ်လက်စားဘဝကနေ အသေးစား အလတ်စား လုပ်ငန်းရှင်များအဖြစ် တိုးတက်လုပ်ကိုင်လာနိုင်တော့မှာ ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ဖြည့်စွက်ထားတဲ့ လက်လုပ် လက်စားဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ပ) ကိုလည်း လွှတ်တော်မှ အတည်ပြုပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ထောက်ခံတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဆွေးနွေးတင်ပြရမယ်ဆိုရင် ကျောက်မျက်ရတနာဥပဒေကြမ်းပုဒ်မ ၂ (ဗ) လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း ဆိုသည်မှာ သာမန်လက်သုံးကိရိယာကိုဖြစ်စေ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေအရသတ်မှတ်ထားသော မြင်းအကောင်ရေ အားထက်မပိုသည့် စက်ကိရိယာကို ဖြစ်စေ အသုံးပြု၍ ကျောက်မျက်ရတနာ တူးဖော်ပြုလုပ်ခြင်းကို ဆိုသည်လို့ ဖော်ပြပါရှိပါတယ်။ အရင်က ဒီဥပဒေပုဒ်မတွေဟာ အရင်ကကျွန်တော်တို့ ကျောက်မျက်ရတနာဥပဒေမှာ ဖော်ပြထားခြင်း မရှိပါဘူး။ ယခုမှ ဖြည့်စွက်ပြဋ္ဌာန်းတဲ့ ဥပဒေ ပုဒ်မ ဖြစ်ပါတယ်ခင်ဗျား။ ဒီဥပဒေပုဒ်မကို ကျွန်တော်တို့ ထောက်ခံရတဲ့ အကြောင်းရင်းကလည်း ကျွန်တော်တို့ အခု တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ ကျောက်မျက်ရတနာလုပ်ငန်း လုပ်ကိုင်တဲ့နေရာမှာ အရင်ခေတ် အဆက်ဆက်က ကျောက်မျက်ရတနာ လုပ်ငန်း လုပ်ကိုင်တဲ့နေရာမှာ တာနံတွေ၊ ပေါက်ပြားတွေ၊ ဂေါ်လောင်းတွေပဲ မိမိ တစ်နိုင်တစ်ပိုင်

လုပ်ငန်းတွေလည်း လုပ်ကိုင်နိုင်ခဲ့ကြပါတယ်။ အခု တိုးတက်လာတဲ့ခေတ်စနစ်နဲ့အညီ စက်ပစ္စည်းတွေကို အသုံးချပြီး တူးဖော်ထုတ်လုပ်နိုင်စေဖို့အတွက် ဤဥပဒေပုဒ်မကို ရည်ရွယ်ပြဌာန်းရင်တော့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ဒါကြောင့် ဒီဥပဒေပုဒ်မတွေလည်းထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ လက်လုပ်လက်စားတွေကို စက်ကိရိယာနဲ့ ထုတ်လုပ်ခွင့်ပြုဖို့ ဒီဥပဒေပုဒ်မကို အတည်ပြုလိုက်မယ်ဆိုရင် လက်လုပ်လက်စားတွေဟာ အရင်းအနှီးနည်းပါးသော ပြည်သူတွေ ဖြစ်တာနဲ့အညီ ကျောက်မျက်ရတနာ လုပ်ငန်းကို စက်ကိရိယာများနဲ့ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နိုင်တော့မှာဖြစ်တဲ့အတွက် စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်ပြီး လုပ်ငန်းရှင် အဖြစ် တက်လှမ်း နိုင်ကြမှာ ဖြစ်ပါတယ်။ ဒီလို အခွင့်အရေးတွေ ရရှိလာမှာ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာ လုပ်ငန်း လုပ်ကိုင်သူ များလာခြင်းကြောင့် ကျောက်မျက်ရတနာ ပညာဆည်းပူးခွင့် တတ်သိကျွမ်းကျင်ခွင့် ရရှိသူများပြားလာမှာ ဖြစ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာပြီး ပြည်သူများ ဝင်ငွေ ရရှိကာ ဒေသတွင်းဖြစ်ထွန်းနေတဲ့ ကျောက်မျက်ရတနာများ၊ သဘာဝသံယံဇာတများ အကျိုးစီးပွားကို ဒေသနေပြည်သူများပါ လုပ်ကိုင်ခွင့် ရနေခြင်းကြောင့် တိုင်းရင်းသားများ မျှော်လင့်တောင့်တနေတဲ့ တန်းတူညီမျှ အခွင့်အရေးများရရှိပြီး ယခုနိုင်ငံတော်က တည်ဆောက်နေတဲ့ ထာဝရငြိမ်းချမ်းရေး ကိစ္စကိုလည်း တစ်ပိုင်းတစ်ကဏ္ဍ အထောက်အကူပြု အကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ သို့ပါသောကြောင့် ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဗ)ကိုလည်း အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပါရန် ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြရမယ်ဆိုရင် ပုဒ်မ ၁၅ (ဃ) ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။ (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သတ္တုတွင်းဝန်ကြီးကို ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စေပြီး (၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီး ဌာနမှ ကိုယ်စားလှယ်တစ်ဦးအဖွဲ့ဝင်အဖြစ် (၃) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ပါမယ်။ (၄)အနေနဲ့ ကြေးတိုင်နဲ့ မြေစာရင်းဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး၊ (၅)အနေနဲ့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကိုယ်စားလှယ် (၁)ဦး၊ အဖွဲ့ဝင် (၆) အနေနဲ့ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးပေါ့ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ပြီး ပြည်နယ် လုပ်ကွက် စိစစ်ချထားရေး အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးရမှာ ဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ အင်မတန်မှ အရေးပါတဲ့ အဖွဲ့ ဖြစ်ပါတယ်။ ကျွန်တော်တို့အခု ကျောက်မျက်ရတနာလုပ်ငန်းကို လုပ်ကိုင်နေတဲ့ နေရာမှာ နိုင်ငံတော် အနေနဲ့ ဒီလုပ်ကွက်ကို ချထားပေးဖို့နေရာမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ရှိ၊ မရှိ၊ လူမှု ဝန်းကျင်ထိခိုက်ပျက်စီးမှု ရှိ၊ မရှိ၊ ကျန်းမာရေး ဝန်းကျင်ထိခိုက်ပျက်စီးမှု ရှိ၊ မရှိ ဆိုတဲ့ အခြေခံ အကြောင်းတွေပေါ်မှာစိစစ်ပြီးတော့ ဒီလုပ်ကွက်တွေကို ချထားပေးရမှာ ဖြစ်ပါတယ်။ ဒီစိစစ်ရေးအဖွဲ့ဟာ ဒီအခြေခံအကြောင်းတရားပေါ်မှာ စိစစ်ပြီးတော့ လုပ်ကွက်ချထားပေးပြီး လုပ်ကိုင်ခွင့်ကို လက်လုပ် လက်စားများကို ချထားပေးမယ်ဆိုရင် လက်လုပ်လက်စားများဟာ ဥပဒေနဲ့အညီ လုပ်ကိုင်ခွင့် ရရှိကြမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၉ မှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်လာသော လုပ်ငန်းတာဝန်များကို ထမ်းဆောင် ရမည်လို့ ဖော်ပြထားပါတယ်။ဒါကြောင့်မို့လို့ လုပ်ကွက်စိစစ်ရေး အဖွဲ့ဟာလည်း ကျွန်တော်တို့

ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းတဲ့ ကျောက်မျက်ရတနာဥပဒေမှာ အတည်ပြုပြဋ္ဌာန်းပြီးမှသာ ဒီဥပဒေအရ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရမှာရှိတဲ့ သတ္တုတွင်းဝန်ကြီးကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်ပြီးတာဝန်ပေးအပ်မှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ မှာပါတဲ့ ဇယား ၂မှာ ပါတဲ့ ဥပဒေပုဒ်မနဲ့ ငြိစွန်းဆန့်ကျင်ခြင်း မရှိဘူးလို့ ကျွန်တော့်အနေနဲ့ ယုံကြည်လို့ ထောက်ခံဆွေးနွေး ရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပုဒ်မ ၁၅ (င) အပိုဒ်ခွဲ(က)ကို ဆက်လက်ဆွေးနွေး တင်ပြပါမယ်။ လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းကို လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ်သည် ခွင့်ပြုမိန့် ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့် လျှောက်ထားရမည်လို့ ဖော်ပြပါရှိပါတယ်။ ဒီလိုလုပ်ကွက် လျှောက်ထားတဲ့နေရာမှာလည်း ကျွန်တော်တို့ လက်လုပ်လက်စားများဟာ နဂိုကအအားနည်းနေတဲ့ ပုဂ္ဂိုလ်များတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ အရင်းအနှီးနည်းပါးခြင်းတို့ကြောင့် ဒီနေပြည်တော်အထိ လာပြီးတော့ ဗဟိုရုံးအထိလာပြီးတော့ လျှောက်ရမယ်ဆိုရင် ကျွန်တော်တို့ သူတို့အတွက် အများကြီး အချိန်ကြန့်ကြာခြင်း၊ ငွေရေးကြေးရေး ကုန်ကျမှုများခြင်းတို့ကြောင့် အခက်အခဲများစွာ ကြုံကြမှာဖြစ်ပါတယ်။ အခုလို လုပ်ကွက်စိစစ်ရေးအဖွဲ့ကို ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာ တရားဝင် ဥပဒေနဲ့အညီ ဖွဲ့ပေးခဲ့မယ်ဆိုရင် သူတို့တွေဟာ သက်ဆိုင်ရာ ရတနာနယ်မြေ ဖြစ်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဒီလုပ်ကွက်တွေကို ဥပဒေနဲ့အညီ တရားဝင်လျှောက်ထားခွင့်ရရှိပြီးတော့ လုပ်ကွက်ကို ကျောက်မျက်ရတနာလုပ်ငန်းကို ဥပဒေနဲ့အညီ လုပ်ကိုင်နိုင်မယ့် အခွင့်အရေးများကို ရရှိမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဆွေးနွေးထောက်ခံခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျောက်မျက်ရတနာ ဥပဒေကြမ်း ပုဒ်မ ၁၅ (င) အပိုဒ်ခွဲ (ခ)မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သည် လက်လုပ်လက်စား ထုတ်လုပ်ခြင်းအတွက် ခွင့်ပြုမိန့် ထုတ်ပေးရန် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ဤဥပဒေအရ နည်းဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနဲ့အညီ လုပ်ငန်းအလိုက် လုံလောက်သော သက်တမ်းနှင့် စည်းကမ်းချက်နှင့်သတ်မှတ်၍ လက်လုပ်လက်စား လုပ်ကိုင်လိုသူအား ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်တယ်လို့ ဖော်ပြပါရှိပါတယ်။ ဒီဥပဒေပုဒ်မဟာလည်း ကျွန်တော်တို့ လက်လုပ်လက်စားများအတွက် တစ်နိုင်တစ်ပိုင် လုပ်ကွက်ငယ်များ သတ်မှတ်ပေးနိုင်ဖို့ အရေးနဲ့ လက်လုပ်လက်စားများ နေထိုင်ရာ မွန်ရွာဒေသအနီးမှာ လက်လုပ်လက်စားများ တစ်နိုင်တစ်ပိုင် လုပ်ကိုင်စားသောက်နိုင်ဖို့အတွက် သူတို့အတွက် လုပ်ကွက်ငယ်လေးတွေကို စိစစ်ပြီး ချထားပေးဖို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေ ဖြစ်ပါတယ်။ လက်လုပ်လက်စားများဟာ သူတို့နေထိုင်ရာဒေသရှိ ကျောက်မျက်ရတနာ လုပ်ကွက်အတွင်းမှာ မြေစာပုံမှာ တဲငယ်လေးတွေ ထိုးပြီး နေထိုင်နေကြသလို အိမ်ခြေ (၄၀၀၊ ၂၀၀၊ ၃၀၀) ရှိတဲ့ ရွာကြီးများ ဖြစ်ပြီး ဘုရားစေတီ ကျောင်းကန်ပုထိုးများ နဲ့ ဘုန်းတော်ကြီးကျောင်းများနဲ့ ဘာသာရေးကျောင်းများ ဆောက်လုပ်ပြီး ကျောက်မျက်ရတနာလုပ်ငန်းကို မှီတင်းလုပ်ကိုင် စားသောက်နေထိုင်တဲ့ကျေးရွာတွေ အများကြီးရှိပါတယ်ခင်ဗျား။ သူတို့တွေဟာ ခေတ်အဆက်ဆက်က နိုင်ငံတော်အစိုးရများရဲ့ ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့အညီ လုပ်ကိုင်ခဲ့ကြသော်လည်း ဥပဒေမှာ သူတို့အတွက် အခွင့်အလမ်းတွေ၊ ပြဋ္ဌာန်းထားတဲ့ပုဒ်မတွေ မပါရှိတဲ့အတွက် သူတို့ဟာ ဥပဒေပြင်ပကနေပဲ နားလည်မှုနဲ့ပဲ လုပ်ကိုင်စားသောက်ခဲ့ကြရတယ်။ ဒါကြောင့်မို့လို့ အခု ကျွန်တော့်အနေနဲ့ ဒီဥပဒေ

ပုဒ်မတွေအားလုံးဟာ လက်လုပ်လက်စားအခြေခံလူတန်းစားတွေအတွက် ရည်ရွယ်ပြီး ရေးဆွဲပြဋ္ဌာန်းထားတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြဋ္ဌာန်းထားတဲ့အတိုင်း အမျိုးသားလွှတ်တော်ကြီးက အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၄၅)မိနစ် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ အစည်းအဝေးကို (၁၁း၅၅)နာရီတွင် ရပ်နားပြီး (၁၂း၃၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေ့လယ်ပိုင်း ခွင့် (၁၆)ဦး ရှိပါတယ်။ ဦးမြအုန်း ကချင် (၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးကော်ရိုင်း ကယား(၉) ၊ ကျန်းမာရေး၊ ဦးစိုင်းသာစိန် ကယား (၁၀)၊ ကျန်းမာရေး၊ ဦးအောင်ကြည်ညွန့် မကွေး (၄)၊ ကော်မတီ အစည်းအဝေး၊ ဦးဆိုင်ပေါင်းနပ် ရှမ်း (၁၂) ၊ ကျန်းမာရေး၊ ဦးထွန်းဇော် (ခေါ်) ကိုပေါက် ပဲခူး (၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါ်ရီရီမြင့် မွန် (၁)၊ ကျန်းမာရေး၊ ဦးဇော်ဝင်း မွန် (၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစိုင်းစံမင်း ရှမ်း (၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ၊ ဦးဝီလ်ဆင်မိုး ရှမ်း (၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစိုးအေး ဧရာဝတီ (၂)၊ ကျန်းမာရေး၊ ဦးလှိုင်ဦး ဧရာဝတီ (၁၂)၊ ကျန်းမာရေး၊ ဦးစိုးမြင့် မကွေး (၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဆလိုင်းခွဲယန် ချင်း (၁၂)၊ ကျန်းမာရေး၊ ဦးမင်းမျိုးတင့်လွင် ကရင် (၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဇုန်လှယ်ထန်း ချင်း(၂) ၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ နေ့လယ်ပိုင်းခွင့်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်းခွင့်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၅၀။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များ ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ ကျွန်တော်တို့ ပုဒ်မ ၁၇ (ဂ) ၃ ပုဒ်မ ၁၇ (ဂ) ၅၊ ၃၄ (ဇ) တို့ကိုဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်အတိုင်း လက်ခံပေးပါရန် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပုဒ်မ ၁၇ ဟာ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်သူများရဲ့ လုပ်ပိုင်ခွင့် အခွင့်အရေးများကိုပြဋ္ဌာန်းထားတဲ့ ဥပဒေ အပိုဒ် ဖြစ်ပါတယ်။ ပုဒ်မ ၃၄ (ဇ) ကတော့ ကျွန်တော်တို့ဗဟိုကော်မတီရဲ့ လုပ်ငန်းတာဝန်ပိုင်း ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက သတ္တုဝန်ကြီးဌာနရဲ့ ကျွန်တော်တို့ ဥပဒေမှာ နောက်ထပ် ပြင်ဆင်ဖြည့်စွက်ချက်အနေနဲ့ ပုဒ်မ ၁၇ (ဂ) ၃ ဗဟိုကော်မတီက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် ကုန်သွယ်ရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ အသင်းချုပ်နှင့်မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာ ပြပွဲများ ပြုလုပ်ရောင်းချခွင့်ရှိသည်။ နောက်တစ်ခါ ပုဒ်မ ၁၇ (ဂ) ၅ အနေနဲ့ ဗဟို ကော်မတီ၏ခွင့်ပြုချက်ဖြင့် အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းတို့က ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာ ဈေးနှင့်လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်လည်းကောင်း ပုဂ္ဂလိကများက အခါ အားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်း ကျောက်မျက်ရတနာပြပွဲများတွင် လည်းကောင်း ရောင်းချခွင့်ရှိသည်ဆိုတဲ့ (၂) ပိုဒ် နဲ့ ပုဒ်မ ၃၄ (ဇ) ကတော့ ကျောက်မျက်ရတနာ ဈေးကွက်တွင် ကျယ်ပြန့်ဖြစ်ထွန်းစေရန် ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့မှ ကြီးမှူးကျင်းပစေခြင်း၊ ပုဂ္ဂလိက ကျောက်မျက်ရတနာ ပြပွဲများကို ကြီးမှူးကျင်းပခွင့်ပြုခြင်း၊ ပြည်တွင်းလုပ်ငန်းရှင်များမှ နိုင်ငံခြားတွင် ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာပြပွဲများ ကျင်းပခြင်းတို့ကို အားပေးကူညီခြင်းဆိုတဲ့ ကျွန်တော်တို့ ပုဒ်မ(၃)ခုကို ဒါဖြည့်စွက်ဖို့ ဥပဒေကြမ်းကော်မတီက တင်သွင်းတာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒါနဲ့ပတ်သတ်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၇ ဟာ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်သူများရဲ့ လုပ်ပိုင်ခွင့် ၊ အခွင့်အရေးများကို ပြဋ္ဌာန်းထားတဲ့ ဥပဒေအပိုဒ် ဖြစ်ပါတယ်။ မူလဥပဒေမှာတော့ ကျွန်တော်တို့ ကျောက်မျက်ရတနာနဲ့ပတ်သတ်ပြီး ကျွန်တော်တို့ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ၊ လွတ်လပ်စွာ သယ်ယူနိုင်တာတွေ၊ နောက်တော့လွတ်လပ်စွာရောင်းချခွင့်ရှိတာတွေ နိုင်ငံခြားငွေနဲ့ ရောင်းချခွင့်ရှိတာတွေ ဒါပုဒ်မတွေနဲ့ ကျွန်တော်တို့အမျိုးမျိုး ပြထားပါတယ်။ သို့သော်လည်းပဲ သူ့ရဲ့ မူလပြဋ္ဌာန်းချက်ကို ကြည့်မယ်ဆိုလို့ရှိရင် ဒါတော်တော်လေးကို ပြည့်စုံတယ်။ ဒါဟာ အခွင့်အရေးတွေ ရရှိနေတယ်လို့ ထင်ရပါတယ်။ သို့သော်လည်းပဲ ဒါတွေကိုပြန်ပြီးတော့ အမိန့်ကြော်ငြာစာတွေနဲ့ ထုတ်ပြန်ပြီး ထိန်းချုပ်လိုက်တဲ့အခါမှာ ကျွန်တော်တို့ အရမ်းကြီးကိုလည်း လွတ်လပ်စွာ သယ်ယူခွင့်

မရှိဘူး။ နိုင်ငံခြားကိုလည်း ရောင်းချခွင့်မရှိဘူး။ သတ္တုတွင်းဝန်ကြီးဌာနက ကြီးမှူးကျင်းပတဲ့ ကျောက်မျက်ရတနာ ပြပွဲတစ်ခုတည်းမှာသာ ရောင်းချခွင့်ရရှိနေတာ တွေ့ရပါတယ်။ သယ်ယူပို့ဆောင်ခြင်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ နမူနာပြောရမယ်ဆိုရင် ကျွန်တော်တို့ သယ်ယူပို့ဆောင်ရေးနဲ့ စပ်လျဉ်းပြီးတော့ အမိန့်ကြော်ငြာစာနဲ့ ထုတ်ပြန်လိုက်တဲ့အခါမှာ ကျွန်တော်တို့ လွတ်လပ်စွာသယ်ယူခွင့်ရှိတယ်ဆိုတဲ့ လုပ်ငန်းဟာ ကျွန်တော်တို့ မန္တလေးကနေ သယ်မယ်ဆိုရင် (၂၁)မိုင် ဂိတ်မှာတင် အဖမ်းခံရမှာ ဖြစ်ပါတယ်။

ဒါဟာ ကျွန်တော်တို့ အမိန့်ကြော်ငြာစာတွေနဲ့ ပြန်လည် ပိတ်ပင်တဲ့ အပိုင်းတွေ ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ မိမိအစီအစဉ်ဖြင့် နိုင်ငံခြားမှရတနာကုန်သည်များ ဖိတ်ခေါ် ရောင်းချခွင့်ရှိသည် ဆိုသော်လည်းပဲ ဒါအမှန်တကယ်မရှိပါဘူး။ နိုင်ငံခြားငွေနဲ့ ရောင်းရင် နိုင်ငံခြားငွေ ငွေစက္ကူနံပါတ်နှင့်တကွ စာရင်းပြုစုပြီး အစိုးရဘဏ်မှာအပ်ရပါမယ်။ ရက်၊ ကျွန်တော်တို့ အကန့် အသတ်နဲ့ ကိုင်ဆောင်ခွင့်ရမယ်။ ပြီးရင် FEC နဲ့ ပြန်ထုတ်ယူရမှာ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ကျောက်မျက်ရတနာကဏ္ဍက စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အခက်အခဲတွေဖြစ်ပါတယ်။ ဒီလို အခြေအနေကြောင့်မို့ အမျိုးသားလွှတ်တော် သတ္တုနဲ့သယံဇာတ ကော်မတီကနေပြီးတော့ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းတင်သွင်းခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ ကျောက်မျက် ရတနာကဏ္ဍမူဝါဒကို ဦးထိပ်ထားပြီး ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် မြန်မာ့ကျောက်မျက် ရတနာ စီးပွားရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ပကတိ အခြေအနေများဖြင့် သုံးသပ်၍ ကောင်းမွန်အောင် ခေတ်နဲ့လျော်ညီအောင် လက်တွေ့ကျကျ ဆောင်ရွက်နိုင်အောင် ပြုစုထားတာ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာကဏ္ဍမှာ တူးဖော်ထုတ်လုပ်ခြင်းမှအပ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုထား ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့် ကြော်ငြာစာ အမှတ် ၁/၂၀၁၃ တွင် သီးခြားပြဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေး လုပ်ငန်းအမျိုးအစားများစာရင်း သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းများစာရင်း၌ ကျောက်မျက် ရတနာ ၊ လက်ဝတ်ရတနာနဲ့ အချောထည် ရုပ်တု၊ ရုပ်ထွင်း ထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံတော်နဲ့ ပူးပေါင်းပြီး ဖက်စပ်စနစ်ဖြင့် ခွင့်ပြုမည် ဖြစ်ကြောင်းထုတ်ပြန်ထားပါတယ်။ သို့ဖြစ်ရာ ဥပဒေသစ်များ ရေးဆွဲပြဌာန်း အတည်ပြုပြီးချိန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ ထုတ်လုပ်မှုရှိရင် ဈေးကွက်ရရှိလာပါတော့မယ်။ ဈေးကွက်များကိုလည်း မဖြစ်မနေ ရှာဖွေရတော့မှာ ဖြစ်ပါတယ်။ ပထမအနေနဲ့ ကျွန်တော်တို့ဟာ ပြည်တွင်းဈေးကွက်အနေနဲ့ ကျွန်တော်တို့ ဖန်တီးယူ ရပါမယ်။ ဒုတိယအဆင့်မှာ ပြည်ပဈေးကွက်ကို ဖန်တီးယူရပါမယ်။ အဲဒီတော့ ပြည်တွင်းဈေးကွက် ဆိုရာမှာ ကျွန်တော်တို့ တစ်နှစ်မှာ (၃) ကြိမ် သို့မဟုတ် (၄) ကြိမ် ကျင်းပပြုလုပ်တဲ့၊ နိုင်ငံတော်က ကျင်းပတဲ့ ကျောက်မျက်ရတနာ ပြပွဲများကို စောင့်စားရောင်းချခြင်းဖြင့် ကျွန်တော်တို့ရဲ့ စီးပွားရေး လုပ်ငန်းဟာ ဘယ်လိုမှတိုးတက်နိုင်စရာ အကြောင်းမရှိပါဘူး။ နိုင်ငံတော်အဆင့် နိုင်ငံတော်က သတ္တုတွင်းဝန်ကြီးဌာန ကြီးမှူးကျင်းပတဲ့ ပွဲများရှိသကဲ့သို့ ကျောက်မျက်ရတနာ ကြီးကြပ်ရေး ဗဟိုကော်မတီကဲ့သို့သော ဝန်ကြီးဌာန ကိုယ်တိုင်ပါဝင်တဲ့ အဖွဲ့အစည်းက ခွင့်ပြုပေးပြီးတော့

ကျောက်မျက်ရတနာလုပ်ငန်းနဲ့ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်တို့က ဦးစီး ကျင်းပတဲ့ ကျောက်မျက်ရတနာအရောင်းပြပွဲများလည်း ရှိစေလိုပါတယ်။

စီးပွားရေးကို စီးပွားရေးဆန်ဆန် လုပ်ကိုင်သွားဖို့ အချိန်တန်ပြီလို့လည်း ဆိုချင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျောက်မျက်ရတနာတွေဟာ တရုတ်၊ ထိုင်း၊ အိန္ဒိယ နယ်စပ် ထွက်ပေါက်များကနေ တရားမဝင်ထွက်ရှိနေပါတယ်။ ကျွန်တော်တို့ တာဝန်ရှိသူတွေက ဂိတ်တွေမှာ အဖွဲ့တွေနဲ့ ရှာဖွေဖမ်းဆီးရတာတွေ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဖမ်းလည်းဖမ်းမိတယ်။ အဲဒီလို တရားမဝင် ထွက်နေခြင်းဟာ ထိုနေရာမှာ ဈေးကွက်ရှိနေလို့ ဖြစ်ပါတယ်။ ဒါကျွန်တော်အနေနဲ့ ကျွန်တော်ဟာ ကလေးမြို့မှာနေတဲ့အတွက်ကြောင့် တမူးဈေးကွက်ကို ကောင်းကောင်းသိပါတယ်။ အဲဒီတော့ ကျွန်တော်တို့မိုးကုတ်က ပတ္တမြားဆိုရင် အိန္ဒိယဈေးကွက်ကို အများဆုံးထုတ်ခဲ့တာ ဖြစ်ပါတယ်။ တကယ်လို့များ ကျွန်တော်တို့ တမူးမြို့မှာဖြစ်ဖြစ်၊ ကလေးမြို့မှာဖြစ်ဖြစ် ကျောက်မျက ရတနာပြပွဲတစ်ခု ပြုလုပ်နိုင်မယ်ဆိုရင် အိန္ဒိယကနေ ဒါတွေကိုလာရောက်ဝယ်ယူပြီး ဈေးကွက်တွေ ဖြစ်လာနိုင်ပါတယ်။ ဒါကျွန်တော်ရဲ့ အမြင်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ အဲဒီလို တရားမဝင် ထုတ်ဆောင်သွားတဲ့အခါမှာ နိုင်ငံတော်မှ ဆုံးရှုံးရတာ ရတနာခွန်တွေ၊ ကုန်သွယ်ခွန်တွေကိုလည်း နိုင်ငံတော်က ဆုံးရှုံးရပါတယ်။

တကယ်လို့များ အဲဒီလို နယ်စပ်တွေမှာ ဈေးကွက်တွေ ဖော်ဆောင်ပေးနိုင်မယ်၊ ပြပွဲတွေ လုပ်ပေးနိုင်မယ်ဆိုရင် နိုင်ငံတော်ကဆုံးရှုံးရတဲ့ ရတနာခွန်တွေ၊ ကုန်သွယ်ခွန်တွေကိုလည်း နိုင်ငံတော်ကရရှိသွားမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ကျောက်မျက်နဲ့ပတ်သတ်တဲ့ လုပ်ငန်းရှင်တွေ ကျွန်တော်တို့ ကုန်သည်တွေဟာလည်းပဲ တရားဥပဒေရဲ့ အကာအကွယ်အောက်ကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ဗဟိုကော်မတီက ခွင့်ပြုတဲ့ နယ်စပ်မြို့များမှာ ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်နဲ့ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း တို့က ကြီးကြပ်ပြီးတော့ ကျင်းပမှာဖြစ်ပါတယ်။ ယင်းကျောက်မျက်ရတနာ ပြပွဲများမှာ ခွင့်ပြုမိန့် မရရှိသော ကုမ္ပဏီများ ၊ အသင်းများ၊ ဖော်ထုတ်လုပ်ကွက်လုပ်ကိုင်သူများ၊ လက်လုပ်လက်စား ထုတ်လုပ်သူများတို့က ယင်းတို့ထုတ်လုပ်ရရှိတဲ့ ကျောက်မျက်ရတနာ အရိုင်းများကို ရောင်းချ နိုင်တယ်လို့ အဆိုပြုပြဋ္ဌာန်းချက်ဟာ တရားဝင်မှတ်ပုံတင်ပြီးတော့ ကျောက်များကိုရောင်းချခြင်း၊ ကျောက်မျက်ရတနာ ကြီးကြပ်ရေး ဗဟိုကော်မတီက ခွင့်ပြုသည့်နေရာနှင့် ခွင့်ပြုသည့် ကျောက်မျက်ရတနာပြပွဲဖြစ်ခြင်း၊ (၃) ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသည့် ပွဲဖြစ်ခြင်းတို့ကြောင့် နိုင်ငံတစ်ဝန်းမှာ တစ်စုံတစ်ရာ စိတ်ပူပန်စရာ၊ စိုးရိမ်စရာ မရှိပါဘူး။ နိုင်ငံတော်အကျိုး ထိခိုက် နစ်နာစရာမရှိလို့ တင်ပြလိုပါတယ်။ ယနေ့ကျင်းပတဲ့ နေပြည်တော် မဟုတ်သည့်မှတစ်ပါး အားလုံးဟာ တရားဝင် ဥပဒေနှင့်အညီ ကျောက်မျက်ရတနာ ပြပွဲကျင်းပခြင်း ဖြစ်ပါတယ်။ ယင်းကဲ့သို့နယ်စပ်၌ ကျောက်မျက်ရတနာ ပြပွဲကျင်းပပေးခြင်းသည် နယ်စပ်မှတရားမဝင် ခိုးထုတ်မှုများကို ကာကွယ် တားဆီးထိန်းချုပ်ရန် ဖြစ်ပါတယ်။

ဗင်းအပြင် တရားမဝင် လာရောက်ရောင်းချခြင်းကြောင့် တစ်ဖက်နိုင်ငံမှ ဈေးနှိမ်ခြင်း၊ လိမ်လည်ခြင်း၊ မိမိတို့နိုင်ငံသား ကုန်သည်များကို ပစ္စည်းယူပြီး လူသတ်မှုအပါအဝင် အနိုင်

ကျင့်မှုများကိုလည်း ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်၍ ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသော ပုဒ်မ ၁၇ (ဂ) ၃ ဗဟိုကော်မတီကခွင့်ပြုသည့် နယ်စပ်မြို့များတွင် ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်ရောင်းချခွင့် ရှိသည်ဆိုတဲ့ ဥပဒေအပိုဒ်ဟာ နိုင်ငံတော်အတွက် လုပ်ငန်းရှင်အတွက် ပြည်သူအတွက် အကျိုးကျေးဇူးကို ပေးစွမ်းနိုင်တဲ့ အတွက် ဖြည့်စွက်ပြဋ္ဌာန်းခြင်း ဖြစ်၍ လက်ခံသင့်ပါတယ်။ ထိုနည်းတူစွာပဲ ပုဒ်မ ၁၇ (ဂ) ၅ သည်လည်း ခွင့်ပြုမိန့်ရရှိသူများသည် တူးဖော်ထုတ်လုပ်ပြီး မှတ်ပုံတင်ထားသည့်ကျောက်ကို (က) ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (ခ) အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းက ကြီးမှူးကျင်းပသည့်ပြပွဲမှာရောင်းခွင့် (ဂ) တရားဝင် ဖွင့်လှစ်ထားသော ကျောက်မျက် ရတနာဈေးမှာရောင်းခွင့် (ဃ) လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများမှာရောင်းခွင့် (င) ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပသည့် ပြည်တွင်း ကျောက်မျက်ပွဲများမှာ ရောင်းချခွင့်များ ရှိကြောင်း ပြဋ္ဌာန်းချက်ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာ စီးပွားရေးလုပ်ငန်းမှာ ဈေးကွက်များ ပိုမိုကျယ်ပြန့်စေရန် ဖန်တီးပေးခြင်း၊ ဖော်ဆောင်ပေးခြင်းသာ ဖြစ်၍အထက်ပါ အပိုဒ် ၁၇ (ဂ) ၃ လည်း (ဂ) ၃ နည်းတူ လက်ခံသင့်ပါတယ်။

တစ်ဆက်တည်းမှာပဲ ပုဒ်မများနဲ့ ဆက်စပ်ပြီးတော့ ဝန်ကြီးဌာနက လွှတ်တော်ရဲ့ အဆုံးအဖြတ် ခံယူလိုကြောင်းတင်ပြထားတဲ့ ပုဒ်မ ၃၄ (ဈ) ကိုလည်း ရှင်းလင်းတင်ပြပေးလိုပါတယ်။ ပုဒ်မ ၃၄ (ဈ) ဟာ ကျွန်တော်တို့ ဗဟိုကော်မတီရဲ့ လုပ်ငန်း တာဝန် (၈) ရပ်အနက် လုပ်ငန်းတာဝန် တစ်ရပ် ဖြစ်ပါတယ်။ ကျောက်မျက်ရတနာ ဈေးကွက် ကျယ်ပြန့်ဖြစ်ထွန်းစေရန် နိုင်ငံတော်က ရည်ရွယ်ထားရှိသည်နှင့်အညီ ကျောက်မျက်ရတနာပြပွဲများ ကျင်းပခြင်းကို အသင်းချုပ်နှင့် မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ကြီးမှူးကျင်းပစေခြင်းဟူသည့် စကားရပ်ပါရှိပါတယ်။ ဝန်ကြီးဌာန အနေဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ကြီးမှူးကျင်းပခြင်းကို ကန့်ကွက် အဆိုပြုလိုခြင်းမဟုတ်ဘဲ အသင်းချုပ်က ပြပွဲကြည့်မှုအပိုင်းလိုက် ပါဝင်နေခြင်းကို လွှတ်တော် အဆုံးအဖြတ်ခံယူလိုခြင်း ဖြစ်မယ်လို့ယူဆပါတယ်။ အသင်းချုပ်ဟာ တစ်နိုင်ငံလုံးရဲ့ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်ဖြစ်ပါတယ်။ ဆယ်စုနှစ် (၂) နှစ်နီးပါး သတ္တုတွင်း ဝန်ကြီးဌာနနှင့် ဆက်စပ်သော်လည်းကောင်း၊ အကျိုးတူသော်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍ သော်လည်းကောင်း ပူးပေါင်း၍ ဆက်စပ်၍ ကျောက်မျက်ရတနာ လုပ်ငန်းလုပ်ကိုင်ခဲ့သော နိုင်ငံတော်၏ကျောက်မျက်ရတနာကဏ္ဍ၊ စီးပွားရေးလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန၏ စီးပွားရေး ဆောင်ရွက်မှုတို့ကို လက်တွဲ၍ အကောင်အထည်ဖော်ပေးခဲ့သော စီးပွားရေး လုပ်ငန်းရှင်များ ဖြစ်ပါတယ်။

ဤပြဋ္ဌာန်းချက်မှာ အသင်းချုပ်အား သူ့သဘောသူဆောင် စီမံခန့်ခွဲ ဆုံးဖြတ် ဆောင်ရွက်ရန် အခွင့်အာဏာ ပေးထားခြင်းလည်းမဟုတ်ပါ။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနဲ့ ပူးပေါင်း ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဝန်ကြီးဌာနအတွက် အသင်းချုပ်တွင် ပါဝင်သော ပုဂ္ဂိုလ်များ၏ ကောင်းမွန်သော စီးပွားရေး ဆိုင်ရာ အကြံဉာဏ်ကောင်းများ၊ အတွေ့အကြုံကောင်းများက ပံ့ပိုးမှုတို့ကို ရရှိနိုင်၍ အကျိုးကျေးဇူးရှိမယ်လို့လည်း အပြည့်အဝ ယုံကြည်ပါတယ်။ အဲဒီအပိုဒ်မှာပါဝင်တဲ့ ပုဂ္ဂလိက ကျောက်မျက်ရတနာပြပွဲများကို ကျင်းပခွင့်ပြုခြင်းဆိုသည်မှာ နိုင်ငံတကာနှင့် ရင်ဘောင်တန်း နိုင်စေရန် အလေ့အကျင့် ပြုလုပ်ပေးခြင်းသာ ဖြစ်ပါတယ်။ လက်လွတ်စပယ် ထင်တိုင်းကြဲရန်

အခွင့်အရေးမဟုတ်ကြောင်းကို ပုဒ်မ ၁၇(ဂ) ၅ မှာ သိသာထင်ရှားပြီးဖြစ်ပါတယ်။ ပုဂ္ဂလိကအဖွဲ့ ဖြစ်သော်လည်းပဲ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းနှင့် အသင်းချုပ်တို့၏ကြီးကြပ်မှုဖြင့် ကျင်းပရန်ဖြစ်ပါ၍ အားပေးသင့်သည်ဟု တင်ပြအပ် ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်များမှ နိုင်ငံခြားတွင် ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ် ရတနာ ပြပွဲများကျင်းပခြင်းကို အားပေးကူညီခြင်းဆိုသည်မှာ မိမိတို့၏လုပ်ငန်းရှင် ပြည်သူများ၊ နိုင်ငံသားများ နိုင်ငံတကာကျောက်မျက် ပြပွဲ အတွေ့အကြုံများရရှိစေရန် ပြည်တွင်းမှာသာမက ပြည်ပအထိ စီးပွားရေး ခြေလှမ်းဆန့်နိုင်စေဖို့ မိမိနိုင်ငံနဲ့ ကျောက်မျက်ရတနာများ အရည်အသွေး ကောင်းမွန်၍ ကမ္ဘာကျော်နေသော်လည်းပဲ မိမိတို့ နိုင်ငံသားများမှာ ရှေ့သို့မထွက်နိုင်ကြသဖြင့် ကိုယ်တိုင်ကိုယ်ကျ ရှေ့ထွက်ပြီး ကြိုးစားခွင့် ကိုယ့်ကြမ္မာကို ဖန်တီးခွင့်ပေးစေလိုပါတယ်။

နိုင်ငံခြား ကျောက်မျက်ရတနာ ပြပွဲများမှာ မိမိတို့နိုင်ငံမှ နိုင်ငံသားပြည်သူ့လုပ်ငန်းရှင်များ အချောထည်နှင့်လက်ဝတ်ရတနာ ပြပွဲများကို မိမိတို့ကိုယ်ပိုင် သွားရောက် ကျင်းပရောင်းချနိုင်တဲ့ အဆင့်သည် အချိန်အားဖြင့် လိုကောင်းလိုနေဦးမည်၊ အချိန် ယူရဦးမည်ဖြစ်သော်လည်း နိုင်ငံတော်မှ အားပေးကူညီလိမ့်မည် ဖြစ်ပါ၍ ပုဒ်မ ၃၄ (ဇ) ကို လက်ခံပေးပါရန် ဆွေးနွေးတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတွင် အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်သည့် ပုဒ်မ ၁၇ (ဂ) ၃၊ ပုဒ်မ ၁၇ (ဂ) ၅ နှင့် ပုဒ်မ ၃၄ (ဇ) တို့ကို အများပြည်သူအကျိုးငှာ ထည့်သွင်းသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်မိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၃း၀၅။**

**ဒုတိယဗိုလ်မှူးကြီးဇော်မိုး၊ (တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင် အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်မိုး ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်ဆွေးနွေးမယ့် အကြောင်းအရာကတော့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာလည်း ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်တွေအပေါ်မှာ အခြေပြုပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပြီးတော့မှ စုစုပေါင်း (၁၁) ချက်ကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပိုမိုရှင်းလင်းစေဖို့အတွက်ကို Power Point အသုံးပြုခွင့်ပေးဖို့ ဥက္ကဋ္ဌကြီးကို တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အခန်း (၁) အမည် နဲ့ အဓိပ္ပါယ် ဖော်ပြချက် ဖြစ်ပါတယ်။ ဒီအခန်းမှာ ပုဒ်မ ၂ ကို ပုဒ်မ ၂ ပုဒ်မခွဲ (ဂ) မှာ မူလပြဋ္ဌာန်းချက်မှာတော့ လက်ဝတ်ရတနာ ဆိုသည်မှာ ကျောက်မျက်ရတနာအချောထည် ပါရှိသည့် လက်ဝတ်ရတနာလို့ ဆိုထားပါတယ်။ အဲဒါကို ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနက ပြဋ္ဌာန်းထားတာတော့ မြန်မာ့

ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (ဂ) ကို ပုဒ်မခွဲငယ် (င) အဖြစ် သတ်မှတ်ပြီး အောက်ပါအတိုင်း အစားထိုးရမယ်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ ဖော်ပြထားတာကတော့ ပုဒ်မခွဲ (င) လက်ဝတ်ရတနာဆိုသည်မှာ အဆင်တန်ဆာအဖြစ် အသုံးပြုရန် ရွှေ၊ ငွေ၊ ပလက်တီနမ် ၊ ကျောက်မျက် ရတနာ၊ ပုလဲတို့ဖြင့် တန်ဆာဆင်ထားသော ပစ္စည်းကိုဆိုသည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဥပဒေကြမ်းကော်မတီကလည်း ဒီဟာကိုပဲ ပြောင်းလဲပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ အဓိပ္ပါယ်ပြည့်စုံပြီးတော့ အရေးအသားမှန်ကန်စေဖို့အတွက် ကျွန်တော် အနည်းငယ်လေး ပြင်ဆင် လိုပါတယ်။ ပြင်ဆင်လိုတာကတော့ ပုဒ်မ ၂ ပုဒ်မခွဲ (င) လက်ဝတ်ရတနာဆိုသည်မှာ အဆင် တန်ဆာအဖြစ် အသုံးပြုရန် ကျောက်မျက်ရတနာကို ရွှေ၊ ငွေ ၊ ပလက်တီနမ် စသည်တို့ဖြင့် တန်ဆာ ဆင်ထားသော ပစ္စည်းကိုဆိုသည်ဟု ဖြည့်စွက် ပြဋ္ဌာန်းလိုပါတယ်။ ဆွေးနွေးချက် (၂) ဖြစ်ပါတယ်။ အခန်း (၃) ရတနာ နယ်မြေ သတ်မှတ်ခြင်း အခန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအခန်း ပုဒ်မ ၄ ပုဒ်မခွဲ (ဃ) မှာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ပုဂ္ဂလိက အဖွဲ့ အစည်းတစ်ခုခုရဲ့ပိုင်ဆိုင်ခွင့် ၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုး လုပ်ပိုင်ခွင့် ၊ လက်ဝယ်ထားခွင့် ၊ အသုံး ပြုခွင့်၊ အကျိုးခံစားခွင့် ၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့် ရှိသောမြေကို ရတနာနယ်မြေ အဖြစ်သတ်မှတ်လိုပါက ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုရဲ့ သဘော တူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း ဥပဒေနှင့်အညီ ဖြစ်သော တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူနိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုက သဘောတူညီချက်မရှိပါက တည်ဆဲမြေသိမ်း အက်ဥပဒေ နှင့်အညီ ထိုက်သင့်သော ကာလတန်ဖိုးပေး၍ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဒီနေရာမှာ သက်ဆိုင်သူဆိုတာ မူလပိုင်ရှင်တွေကို ရည်ညွှန်းနိုင်ဖို့အတွက်ကို သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းလို့ သုံးသင့်တယ်လို့ ထင်မြင်ယူဆပါတယ်။

နောက်သက်ဆိုင်ရာဆိုတဲ့စကား စာသားမပါဘူးဆိုလို့ရှိရင် လည်းကာယကံရှင်မဟုတ်ဘဲနဲ့ အခြား ပုဂ္ဂိုလ် ဒါမှမဟုတ် အခြား အဖွဲ့အစည်းကနေ ပြီးတော့မှ သူတို့က သဘောတူလို့ရှိရင်လည်း ရတယ်ဆိုတဲ့ အဓိပ္ပါယ်သက်ရောက်မှာ စိုးတဲ့အတွက် ဖြစ်ပါတယ်။ နောက်တစ်ခါ အဖွဲ့အစည်း ဆိုတဲ့စကားရပ်ကလည်း ပုဂ္ဂလိက အဖွဲ့အစည်းသာမကပဲနဲ့ အစိုးရမဟုတ်တဲ့ အများပိုင် အဖွဲ့ အစည်းလည်း ဆိုသောကြောင့် ပုဂ္ဂလိက အဖွဲ့အစည်းလို့မသုံးပဲနဲ့ အဖွဲ့အစည်းဆိုပြီးတော့ သုံးခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အဲဒီ ပုဒ်မကို အနည်းငယ်ဆွေးနွေး ရမယ်ဆိုလို့ရှိရင် ဖြည့်စွက်ရမယ်ဆိုလို့ရှိရင် ပုဒ်မ ၄ ပုဒ်မခွဲ (ဃ) ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့် ၊လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ပိုင်ခွင့် ၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့် ၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေကိုရတနာမြေအဖြစ်သတ်မှတ်လိုပါက သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီဖြစ်သော တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်း ပြုနိုင်သည်။ ထိုသို့ပြုရာတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက သဘောတူညီချက် မရှိပါက ဆိုပြီးတော့ ကျန်တဲ့စာသားကတော့ မူလပြဋ္ဌာန်းချက်အတိုင်းပဲ ဖြစ်ပါတယ်။ ဒီဟာလေးကို ပြင်ဆင် လိုပါတယ်။ ဆွေးနွေးချက် (၃) ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ဆွေးနွေးချက် (၃) ကတော့ အခန်း (၅) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်အခန်းပဲ ဖြစ်ပါတယ်။ အဲဒီမှာ ဥပဒေကြမ်းကော်မတီက ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) ကို ဖြည့်စွက်ထားတာလေးရှိပါတယ်။ ဖြည့်စွက်ထားတာကတော့ လက်ရှိလုပ်ကိုင်နေသူတွေဟာ ဈေးအမြင့်ဆုံးတင်သွင်းနိုင်ခြင်း မရှိသော်လည်း အမြင့်ဆုံးတင်သွင်းထားတဲ့ ဈေးနှုန်းအတိုင်း ပြင်ဆင်တင်သွင်းခဲ့ပါက ယင်းကိုဦးစားပေး၍ ထုတ်ပေးရမည်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ ပြင်ဆင်ပြဋ္ဌာန်းထားပါတယ်။ ဒီဟာနဲ့ပတ်သတ်ပြီးတော့ မှကျွန်တော် ထင်မြင်ယူဆတာကတော့ ဥပဒေကြမ်းကော်မတီရဲ့ အစားထိုးချက်ဟာ လက်ရှိလုပ်ကိုင်တဲ့လူတွေဟာ ငွေအရင်းအနှီးတွေ အချိန်တွေကို အကုန်ခံပြီးတော့မှ ကြိုးစားလုပ်ကိုင်ခဲ့မှုကို ထောက်ရှုတဲ့အနေနဲ့ သူက ဆက်လက်လုပ်ကိုင်ခွင့်ရစေလိုတဲ့အတွက်ကြောင့် ဖြစ်တယ်လို့ ကျွန်တော် သုံးသပ်ရရှိပါတယ်။ ဒီနေရာမှာ နောက်ဆုံးအပိုဒ်နားက ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်လို့ ပြဋ္ဌာန်းထားလို့ရှိရင် မထုတ်ပေးလို့ရှိရင်လည်း ရတဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ပိုမို တိကျစေဖို့အတွက် ခွင့်ပြုမိန့်ထုတ်ပေးရမည်ဟု အနည်းငယ် ပြုပြင်ပြောင်းလဲလိုပါတယ်။ ဆိုလိုတာကတော့ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)ကို လက်ရှိလုပ်ငန်းလုပ်နေသူသည် ဈေးအမြင့်ဆုံးတင်သွင်းနိုင်ခြင်း မရှိသော်လည်း အမြင့်ဆုံးတင်သွင်းထားသည့် ဈေးနှုန်းအတိုင်း ပြင်ဆင်တင်သွင်းခဲ့ပါက ယင်းကို ဦးစားပေး၍ ခွင့်ပြုမိန့်ထုတ်ပေးရမည်လို့ ဖြစ်ပါတယ်။ နောက်ဆွေးနွေးချက် (၄) ဖြစ်ပါတယ်။ ဒီဟာကတော့ ပုဒ်မ ၁၅ (ဂ) ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ ဖော်ထုတ်လုပ်ကွက်ရဲ့ သက်တမ်းကုန်ဆုံးတဲ့အခါ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် သင့်လျော်ကြောင်းတွေ့ရှိပါက သတ်မှတ်လုပ်ကွက်အဖြစ် သက်တမ်းသတ်မှတ်၍ ဈေးဖြတ်စနစ်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမယ် ဆိုပြီးတော့ပါပါတယ်။

ဒီဟာမှာတော့ ကျွန်တော် အနည်းငယ်လေး ထပ်ဖြည့်လိုပါတယ်။ အဲဒီတော့ ၁၅ (ဂ) ကို ဘာလုပ်မလဲ ဆိုတော့ ဖော်ထုတ် လုပ်ကွက်ရဲ့ သက်တမ်း ကုန်ဆုံးတဲ့အခါတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆက်လက်ဆိုပြီးတော့၊ ဆက်လက်ဆိုတာလေးကို ထည့်ပြီးတော့ ဆက်လက်လုပ်ကိုင်ရန် သင့်တော်ကြောင်းတွေ့ရှိပါက သတ်မှတ်လုပ်ကွက်အဖြစ် သက်တမ်းသတ်မှတ်၍ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမည် ဆိုပြီးတော့ အနည်းငယ်လေး ဖြည့်စွက်ချင်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ကို ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ ဆွေးနွေးချက် (၅) ဖြစ်ပါတယ်။ ဒါတော့ကာ ကျွန်တော်တို့ ပုဒ်မ ၁၅ ပုဒ်မခွဲ (ဃ) ဖြစ်ပါတယ်။ ဒီဟာလည်း ကျွန်တော်တို့ ခုနက ဆွေးနွေးချက် (၃) အတိုင်းပါပဲ။ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်ဆိုတဲ့နေရာမှာ ခွင့်ပြုချက်ထုတ်ပေးရမည်ဆိုပြီးတော့ ဒီဟာလေးပဲ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို အနည်းငယ် ပြင်ဆင်ခြင်း ဖြစ်ပါတယ်။

နောက်ဆွေးနွေးချက် (၆) ဖြစ်ပါတယ်။ ဆွေးနွေးချက် (၆) ကတော့ သတ္တုနဲ့သယံဇာတ ကော်မတီက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၁၅ (ဂ) ၏နောက်တွင် ပုဒ်မ ၁၅ (ဃ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဆိုပြီးတော့ ၁၅-(ဂ)၊ (က)၊ (ဃ) မှာ လက်ဝတ်လက်စား ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လိုသည့် ကုမ္ပဏီအသင်း သို့မဟုတ် ပုဂ္ဂိုလ်သည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ သတ်မှတ်ချက်နဲ့အညီ လျှောက်ထားရမည် ဆိုပြီးတော့ ဖော်ပြပါတယ်။ ဆိုလိုတာကတော့ သတ္တုသယံဇာတ ကော်မတီသည် ဒီလုပ်ငန်းတွေ

လုပ်ဖို့ကို တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့ကို လျှောက်ထားရမယ်ဆိုပြီးတော့ သဘောဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကတော့ သူက ၁၅(ဃ) မှာ သတ္တုတွင်းဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမယ်ဆိုပြီးတော့ ပုဂ္ဂိုလ် (၆) ယောက်နဲ့ ဖွဲ့စည်းထားတာ ပါရှိပါတယ်။

အဲဒီအောက်ကမှ ၁၅-(င) ပုဒ်မခွဲ (က) မှာတော့ လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် ခွင့်ပြုမိန့်ရရှိရန် သူကတော့ ဆိုလိုတာကတော့ အဲဒီအဖွဲ့က တိုင်းဒေသကြီး ပြည်နယ် လုပ်ကွက် စစ်ဆေးချထားရေးအဖွဲ့ကို သတ်သတ်မှတ်မှတ်နဲ့ လျှောက်ထားဖို့ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ သတ္တုသယံဇာတ ကော်မတီက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကို လျှောက်ခိုင်းတာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကော်မတီကတော့ လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကိုလျှောက်ခိုင်းခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် အနည်းငယ်ရှင်းပြလိုတာကတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၁)၊ ဇယား (၁) ကတော့ ကျွန်တော်တို့ ပြည်ထောင်စု ဥပဒေပြုစာရင်းဖြစ်ပါတယ်။ အဲဒီ ဥပဒေပြုစာရင်းရဲ့ ၆ (ဃ)မှာ ကျောက်မျက်ရတနာနဲ့ပတ်သတ်ပြီးတော့မှ ဥပဒေပြဋ္ဌာန်းခွင့်ရှိတယ်ဆိုပြီးတော့ ဒါကတော့ပြည်ထောင်စုအဆင့်က ပြဋ္ဌာန်းရမယ့်ဥစ္စာဖြစ်ပါတယ်။

ဇယား (၂) ကတော့ တိုင်းဒေသကြီး နဲ့ ပြည်နယ် ဥပဒေပြုစာရင်း ဖြစ်ပါတယ်။ အဲဒီ ဥစ္စာရဲ့ ၄ (ဂ) မှာတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းတို့နဲ့ပတ်သတ်ပြီး ဥပဒေပြုနိုင်တာကို ပြဋ္ဌာန်းထားပါတယ်။ ဆိုလိုတာကတော့ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်က တူးဖော်တဲ့အဆင့်ကစပြီး လုပ်လို့မရဘဲနဲ့ သွေးခြင်း၊ ဖြတ်တောက်ခြင်းက စပြီးလုပ်လို့ရတယ်။ ကျန်တဲ့ ပြည်ထောင်စုအဆင့်ကတော့ စပြီးတော့ မြေကြီးဘဝကနေ စတူးပြီးတော့ လုပ်လို့ရတယ်ဆိုတာလေးကို ဖော်ပြထားပါတယ်။ ဒါကြောင့်မို့ ဒီပြဋ္ဌာန်းချက်ဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီစေဖို့ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ပြဋ္ဌာန်းထားတာ ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုနိုင်ဖို့အတွက် တင်ပြအပ်ပါတယ်။

ဆွေးနွေးချက်(၇) ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၆) ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းရဲ့တာဝန်နဲ့ အခွင့်အရေးများ ဖြစ်ပါတယ်။ ဒီနေရာမှာ ဥပဒေကြမ်းကုမ္ပဏီက ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၅) မှာ ဗဟိုကော်မတီရဲ့ ခွင့်ပြုချက်ဖြင့် အသင်းချုပ်နဲ့ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့က ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာ ပြပွဲများတွင်လည်းကောင်း တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနဲ့ လိုင်စင်အရ ခွင့်ပြုထားသော ဆိုင်ခန်းနေရာတွင်လည်းကောင်း၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်းကျောက်မျက်ရတနာ ပြပွဲများတွင်လည်းကောင်း ရောင်းချခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အများပြည်သူတွေ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေဖို့နဲ့ ပိုမိုပြည့်စုံစေရန် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ရှေ့နောက်လေး အနည်းငယ်ပြောင်းလဲပြီးတော့ ပြဋ္ဌာန်းလိုပါတယ်။ ပြဋ္ဌာန်းလိုတာကတော့ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲ ငယ် (၅) ဖြစ်ပါတယ်။

ဗဟိုကော်မတီရဲ့ခွင့်ပြုချက်ဖြင့် ပြုလုပ်သည့် အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ကကြီးမှုးကျင်းပသော ကျောက်မျက် ရတနာပြပွဲများနှင့် ပုဂ္ဂလိကများမှ အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်း ကျောက်မျက်ရတနာ ပြပွဲများတွင် လည်းကောင်း ဒါကတော့ ရှေ့ဘက်က ကျောက်မျက်ရတနာ ပြပွဲတွေကို စုထားခြင်း ဖြစ်ပါတယ်။ အဲဒီနောက်ကမှ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုထားသော ဆိုင်ခန်းနေရာများတွင်လည်းကောင်း ရောင်းချခွင့်ရှိသည်ဆိုပြီးတော့မှ အဲဒီလိုမျိုးလေး ရှင်းရှင်းလင်းလင်း ဖြစ်အောင်လို့ ကျွန်တော်ပြင်ဆင်လိုပါတယ်။ ဆွေးနွေးချက်(၈) ဖြစ်ပါတယ်။ ဆွေးနွေးချက် (၈) ကတော့ ကျွန်တော်တို့အခန်း(၉) ရတနာအခွန်ပေးဆောင်ခြင်း အခန်းဖြစ်ပါတယ်။ သတ္တုနဲ့ သယံဇာတ ကော်မတီက တင်သွင်းထားတာကတော့ ပုဒ်မ ၂၇ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက သတ်မှတ်ထားသောဌာန သို့မဟုတ် နေရာတွင် မှတ်ပုံတင်ပြီးနောက်ဆိုပြီးတော့မှ နောက်ဘိတ်ဆုံး ရတနာခွန် ပေးဆောင်တာကို ပြထားပါတယ်။

ဒါ ဥပဒေကြမ်းကော်မတီကတော့ ပုဒ်မ ၂၇ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီသို့မဟုတ် အသင်းသည် ဆိုပြီးတော့မှ ပုဒ်မခွဲ (က) နဲ့ (ခ) ကို ပြထားပါတယ်။ ကျွန်တော်ဒီနေရာမှာ ဆွေးနွေး လိုတာကတော့ ခွင့်ပြုမိန့်ရရှိသူနဲ့ ဥပဒေကြမ်းကော်မတီက ပြထားတဲ့ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီသို့မဟုတ် အသင်းဆိုတာနဲ့ကို နည်းနည်းလေး ဆွေးနွေးလိုပါတယ်။ တကယ်တော့ ခွင့်ပြုမိန့် ရရှိသူဆိုတာကတော့ (၄)မျိုး ရှိပါတယ်။ ဒါကတော့ ခွင့်ပြုမိန့်ရရှိတဲ့ ကုမ္ပဏီလည်းပါတယ် အသင်းပါတယ်။ ဖော်ထုတ် လုပ်ကွက်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူလည်း ပါပါတယ်။ နောက်တစ်ခါ လက်လုပ်လက်စား လုပ်ကိုင်သူတွေလည်း ပါပါတယ်။ ဒါကြောင့်မို့ အဓိပ္ပါယ်ပိုမို ပြည့်စုံစေဖို့ အတွက်ကို ပုဒ်မ ၂၇ ကို ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းဆိုတဲ့စာသားလေးအစား ခွင့်ပြုမိန့်ရရှိသူသည်ဆိုပြီးတော့မှ၊ ရေးပြီးတော့မှ အောက်က ပုဒ်မခွဲ (က) နဲ့ (ခ) ကိုတော့ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်းသာ ထားရှိသင့်ကြောင်းတင်ပြအပ်ပါတယ်။

ဆွေးနွေးချက်(၉) ဖြစ်ပါတယ်။ ဒီဥစ္စာကတော့ သတ္တုနဲ့သယံဇာတ ကော်မတီက တင်သွင်း သွားတဲ့ဥပဒေကြမ်းမှာတော့ ပုဒ်မ ၂၈ ဖြစ်ပါတယ်။ ဒါ ပုဒ်မ ၂၇ အရ (၁၅) ရာခိုင်နှုန်း ရတနာခွန် ပေးဆောင်ပြီးသောဆိုတဲ့ အဓိကကတော့ ကျောက်မျက်ရတနာ အချောထည်ကို ရောင်းလို့ရှိရင် ရောင်းရတဲ့ငွေရဲ့ (၃) ရာခိုင်နှုန်းကိုပေးဆောင်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဥပဒေကြမ်းကော်မတီ ကတော့ အဲဒီအချောထည်ကိုရောင်းမယ်ဆိုရင် သူလည်းအတူတူပဲ (၃) ရာခိုင်နှုန်းပြဋ္ဌာန်း ထားပါတယ်။ ကျွန်တော် မူလဥပဒေမှာတော့အဲဒီနေရာမှာ (၁၀) ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ ပြဋ္ဌာန်းချက်မှာလည်း (၁၀) ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ပြင်ဆင်လိုတာကတော့ (၂) ချက်ရှိပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ဆွေးနွေးချက်ပေါ်မှာပဲ အနည်းငယ်လေး (၂) ခု ပြင်ဆင် လိုပါတယ်။ အဲဒါကတော့ ပုဒ်မ ၂၈ ရဲ့နောက်ကနေပြီးတော့မှ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင် ရရှိသူ အဲဒါလေးဖြည့်ပြီးတော့မှ အဲဒီနောက်ကမှ ကျောက်မျက်ရတနာ အချောထည်ပြုလုပ် ရောင်းချပါက ရောင်းချသူသည် အမှန်တကယ် ရောင်းချသော တန်ဖိုးငွေကို (၁၀) ရာခိုင်နှုန်းကို ရောင်းချသည့် အမျိုးအစားဖြင့် ရတနာခွန်ပေးဆောင်ရမည် ဆိုပြီးတော့ ကျွန်တော်ပြင်ဆင်လိုပါတယ်။ အဲဒီနေရာမှာ ထည့်တာကတော့ (၂) ခုပေါ့။ တစ်ခုကတော့ ခွင့်ပြုမိန့် ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ

ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ရာခိုင်နှုန်းဖြစ်ပါတယ်။ (၃) ရာခိုင်နှုန်း (၁၀) ရာခိုင်နှုန်းဖြစ်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့ အရင်တုန်းက မူလပြဋ္ဌာန်းချက်မှာလည်း (၁၀) ရာခိုင်နှုန်းဖြစ်ပါတယ်။ နောက်သတ္တုတွင်းကပြတဲ့ဥစ္စာထဲမှာလည်း (၁၀) ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဒီ သတ္တုသယံဇာတ ကော်မတီနဲ့ ဥပဒေကြမ်းကော်မတီရဲ့ပြဋ္ဌာန်းချက်မှာ (၃) ရာခိုင်နှုန်းဖြစ်ပါတယ်။ အရင်ပြဋ္ဌာန်းချက် မူလပြဋ္ဌာန်းချက်မှာတော့ သူကဘာလဲဆိုတော့ ၃၀၇ ဆောင်ရပါတယ်။ ခုက ၃၀၇ လည်းဆောင်ရတာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ဆောင်သင့်တယ်လို့ယူဆလို့ ဒီဥစ္စာလေးကို တင်ပြခြင်းဖြစ်ပါတယ်။

နောက် ဆွေးနွေးချက် (၁၀) ဖြစ်ပါတယ်။ ဒီဟာလည်း အခွန်ပေးဆောင်တဲ့ ကိစ္စပဲ ဖြစ်ပါတယ်။ သူကတော့ ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ ပြုလုပ်ရောင်းချပါကဆိုတာ တန်ဖိုးရဲ့ (၂) ရာခိုင်နှုန်း ရတနာခွန်ကို ဆောင်ရမယ်ဆိုပြီးတော့မှ သတ္တုသယံဇာတ ကော်မတီက ပြဋ္ဌာန်းထားပါတယ်။ ဥပဒေကြမ်းကော်မတီကလည်း ပုဒ်မ ၂၉ လက်ဝတ်ရတနာ ပြုလုပ်ရောင်းချပါက အမှန်တကယ်ရောင်းချတဲ့ တန်ဖိုးငွေအပေါ် (၂) ရာခိုင်နှုန်းကို ရောင်းချရသည့် ငွေအမျိုးအစားအပြင် ရတနာအခွန်ပေးဆောင်ရမည် ဆိုပြီးတော့မှ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုတင်ပြချက်ကို ကျွန်တော် (၃) ခုလောက်ဖြည့်လိုပါတယ်။ တစ်ခုကတော့ ပုဒ်မ ၂၉ ရဲ့နောက်က ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူဆိုတာလေးကို ဖြည့်ပြီးတော့မှ အဲဒီနောက်က လက်ဝတ်ရတနာ ပြုလုပ်ရောင်းချခြင်း ဆိုတဲ့နောက်က သို့မဟုတ် ကျောက်မျက်ရတနာဖြင့် ပြုလုပ်ထားသော ပစ္စည်းထုတ်လုပ်ရောင်းချခြင်း ဆိုတာ ဒီဥစ္စာလေးတစ်ခု ထည့်လိုပါတယ်။ ပြီးလို့ရှိရင်တော့ ရာခိုင်နှုန်းဖြစ်ပါတယ်။ (၂) ရာခိုင်နှုန်း (၁၀) ရာခိုင်နှုန်း ဒါဟာလည်း မူလပြဋ္ဌာန်းချက်၊ ဝန်ကြီးဌာနက ပြဋ္ဌာန်းချက်တွေနဲ့လျော်ညီအောင်နဲ့ နိုင်ငံတော်အတွက် ကျောက်မျက်ကဏ္ဍကနေ အခွန်ရရှိစေဖို့ အတွက်ဖြစ်ပါတယ်။ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကို ပြုလုပ်ရောင်းချခြင်း ဆိုပြီးထည့်တာကတော့ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီရဲ့ ပြဋ္ဌာန်းချက်ထဲမှာ ဒီကျောက်မျက် ရတနာဖြင့်ပြုလုပ်သော ပစ္စည်းဆိုတာလေး ပါလာတဲ့အတွက် ဒီဟာရောင်းလို့ရှိရင်လည်း အခွန်ဆောင်ရမယ်ဆိုတာ ဖြစ်အောင်လို့ ထည့်သွင်းပြထားခြင်း ဖြစ်ပါတယ်။ ဆွေးနွေးချက် (၁၁) ဖြစ်ပါတယ်။ နောက်ဆုံးဆွေးနွေးချက် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ဖြစ်ပါတယ်။ ပုဒ်မ ၃၀ ပုဒ်မခွဲ (ခ) ဖြစ်ပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်သော လက်လုပ်လက်စား လုပ်ကိုင်ခွင့်ရရှိသူသည် ရတနာအခွန်ပေးဆောင်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရ အဖွဲ့ သို့မဟုတ် ပြည်နယ် အစိုးရမှတဆင့် ဖြစ်စေ ဒါနည်းလမ်းတစ်ခုပါ။ နောက်တစ်ခါ သက်ဆိုင်ရာ ဝန်ကြီးဌာန ငွေစာရင်းခေါင်းစဥ်သို့ တိုက်ရိုက်ပေးသွင်းသည့်စနစ်ဖြစ်စေ ပေးဆောင်ရမည်ဟု နည်းလမ်း (၂) မျိုးနဲ့ပြထားပါတယ်။ ဒီနေရာမှာ ကျွန်တော့်ရဲ့သုံးသပ်ချက်ကို တင်ပြလိုတာကတော့ လက်လုပ်လက်စား လုပ်ကိုင်သူအနေနဲ့ ရတနာအခွန် သက်ဆိုင်ရာ တိုင်းဒေသကြီး ၊ ပြည်နယ် အစိုးရကနေတဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို ပေးမယ်ဆိုလို့ရှိရင် လုပ်ငန်းကြန့်ကြာမှု ဖြစ်နိုင်တဲ့ အပြင် စာရွက်စာတမ်း အရှုပ်အရှင်းတွေလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ မလိုလားအပ်တဲ့ ပြဿနာ လေးတွေလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့်မို့အဲဒီဥစ္စာကို ဖြုတ်ပြီးတော့မှ သက်ဆိုင်ရာ ဝန်ကြီးဌာန ငွေစာရင်းခေါင်းစဥ်ကို တိုက်ရိုက်ပေးသွင်း သင့်တယ်လို့ထင်ပါတယ်။ နောက်တစ်ခါ

တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ မဟုတ်ဘဲနဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုမိန့် လုပ်ငန်းလုပ်ကိုင်သော လက်လုပ်လက်စား လုပ်ကိုင်ခွင့်ရရှိသူသည် ဆိုပြီးတော့မှ လုပ်ကိုင်ခွင့် ပေးဆောင်ခြင်းကို ရတနာအခွန်ပေးဆောင်ခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာန ငွေစာရင်းခေါင်းစဉ်သို့ တိုက်ရိုက်ပေးသွင်းသည့် စနစ်ဖြင့် ပေးဆောင်ရမည်ဆိုပြီးတော့မှ ခုနက သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဆိုတဲ့စကားလေးကို စာသားလေးကို ဖြုတ်သင့်ကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၃း၂၀။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင်မှပုဂ္ဂိုလ်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ဂါရဝတရားရှေ့ထားပြီးတော့မှ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကလချင်ပြည်နယ်၊ မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ဒီနေ့ အမျိုးသားလွှတ်တော်ရဲ့ ကျောက်မျက်နဲ့ပတ်သတ်ပြီးတော့ ဥပဒေကြမ်းအပေါ်မှာ ကနေ့ ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီစနစ်ဖြင့် စီးပွားရေးပြုပြင် ပြောင်းလဲမှုများ လုပ်ကိုင်နေတဲ့အချိန်အခါ ပြည်သူကို ဗဟိုပြုတဲ့စနစ်ဖြင့် ပြည်သူများစီးပွားရေး လုပ်ကိုင်ရန် အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်းဟာ အမှန်တကယ် ဖြစ်သင့်ဖြစ်ထိုက်တဲ့ ပြုပြင်ပြောင်းလဲမှုဖြစ်သလို ပြည်သူများအတွက် တရားမျှတတဲ့ ဥပဒေပြုရေး ကိုလည်း လွှတ်တော်တွင်တာဝန်ရှိတယ်လို့ ခံယူတဲ့အတွက်ကြောင့် ထောက်ခံဆွေးနွေးခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဥပဒေကြမ်းမှာပါဝင်တဲ့ ပုဒ်မ ၂ (ပ)၊ ပုဒ်မ ၂ (ဗ)၊ ပုဒ်မ ၁၅ (ဃ)၊ ပုဒ်မ ၁၅ (င)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၅ (င)၊ ပုဒ်မခွဲ (ခ)တို့ကို ထောက်ခံတင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပုဒ်မ ၂ (ပ) မှာကြည့်တဲ့အခါမှာ ဒီမှာ ခွင့်ပြုမိန့်ရရှိသူ ဆိုတဲ့စကားရပ် ပါရှိပါတယ်။ ခွင့်ပြုမိန့်ရရှိသူဆိုတဲ့ စကားရပ်ဟာ အဓိပ္ပါယ်ဖွင့်ဆိုချက်ဟာ ၁၉၉၅ ခုနှစ် ကျောက်မျက် ရတနာ ဥပဒေမှာ မပါရှိခဲ့ပါဘူး။ ထို့အပြင် ဝန်ကြီးဌာနရဲ့ ဥပဒေပြင်ဆင်ချက်မှာလည်း အဆိုပြု ပြဋ္ဌာန်းခြင်းကို မတွေ့ရပါဘူး။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ ခွင့်ပြုမိန့်ရရှိသူဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသောကုမ္ပဏီ၊ အသင်း ဖော်ထုတ်လုပ်ကွက်ကို လုပ်ကိုင်ခွင့် ရရှိသူနှင့် လက်လုပ်လက်စား လုပ်ကိုင်ခွင့်ရရှိသူလို့ ဆိုထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်လုပ်လက်စားများ လုပ်ကိုင်ခွင့်ပြုရေးဖြစ်ပြီးတော့ လက်လုပ် လက်စားများဟာ အရင်းအနှီးနည်းပါးတဲ့ ပြည်သူများ လုပ်ငန်းလုပ်ကိုင် နိုင်ခွင့်ရမယ့် အခွင့်အရေး ဖြစ်ပါတယ်။ (၁) ဧက လုပ်ကွက်များ သို့မဟုတ် သင့်လျော်မယ့် ဧရိယာ သတ်မှတ်ပြီးတော့ တစ်ပိုင် တစ်နိုင် လုပ်ကိုင် ကြဖို့ရာဖြစ်ပါတယ်။ လက်လုပ်လက်စား ခွင့်ပြုပေးခြင်းအားဖြင့် ဒေသခံပြည်သူများ ကျောက်မျက်ရတနာလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိစေမှာ ဖြစ်ပါတယ်။ ဒေသခံများလုပ်ငန်း လုပ်ကိုင်ခွင့်

ရရှိခြင်း၊ ဒေသခံ မိသားစုများ ဝမ်းစာဖြေရှင်းနိုင်ခြင်း၊ ဒေသထွက်သယံဇာတကို ဒေသခံများ အကျိုးခံစားခွင့်ရရှိခြင်းဟာ မလိုလားအပ်တဲ့ပဋိပက္ခများ မဖြစ်ပွားစေရန်ကိုလည်း ကာကွယ်တားဆီးပြီး ဖြစ်စေမှာဖြစ်ပါတယ်။ ရွှေလုပ်ကွက်များမှာ ဒေသခံများနဲ့လုပ်ငန်းရှင်များ ပဋိပက္ခဖြစ်တာတို့၊ ပြည်သူများ သပိတ်မှောက်တာတို့ကို ဒီကနေ့ တွေ့ကြုံရတဲ့ အနေအထား ရှိတဲ့ အနေအထားဟာ ဆင်းရဲသားပြည်သူများ လုပ်ကိုင်ခွင့်မရတဲ့ အနေအထားကြောင့် ဖြစ်တယ်လို့လည်း သုံးသပ်ရရှိပါတယ်။

ဒေသခံများ ပြည်သူများလုပ်ကိုင်နိုင်ရန် သင့်တင့်စွာ ဧရိယာသတ်မှတ်ပေးပြီးတော့ လုပ်ကိုင်ခွင့်ပြုခြင်းအားဖြင့် ဒေသကိုအကျိုးပြုရာရောက်ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံများ ကောင်းမွန်သည့်ဆက်ဆံရေးကို ဖြစ်စေမှာဖြစ်ပါတယ်။ Win-Win အခြေအနေဖြင့်လည်း လုပ်ငန်းကို ဖြောင့်ဖြူးစွာ၊ အန္တရာယ်ကင်းစွာ လုပ်ကိုင်နိုင်မယ့် အကျိုးကိုဖြစ်စေမှာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံ အနေအထားအချို့ကိုလည်း လေ့လာသုံးသပ် ပညာရယူဖို့ရန်လည်း လိုအပ်ပါတယ်။ ဘိုးဘွားများလက်ထက်ကတည်းက ပေါက်ဖွားနေထိုင်လာတဲ့ တိုင်းရင်းသား စစ်စစ်တွေရဲ့ ကျူးကျော်တဲတွေ၊ ကျူးကျော်မြေတွေ၊ ကျူးကျော်လူသားတွေနဲ့ ခေတ်အဆက်ဆက် လုပ်ကိုင်စားသောက်လာတဲ့ တောင်သူလယ်သမားများ လယ်မဲ့ယာမဲ့ဘဝကို များစွာရောက်ရှိနေတဲ့ အနေအထားမျိုး ယနေ့ ကျောက်မျက်ရတနာလုပ်ငန်းတွင်လည်း မဖြစ်အောင် ဥပဒေပြုတဲ့နေရာမှာ ထည့်သွင်းရေးဆွဲဖို့ လိုအပ်ပါတယ်။ (၇၀) ရာခိုင်နှုန်းဝန်းကျင်ရှိတဲ့ အောက်ခြေလူတန်းစား ပြည်သူများရဲ့ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့ ဥပဒေပြုလွှတ်တော်ဟာလည်း ပြည်သူများအတွက် အလေးအနက်ထားပြီးတော့ ဆောင်ရွက်ဖို့လည်း တာဝန်ရှိတယ်လို့လည်း ခံယူပါတယ်။ဖားကန့်ဒေသမှာ ကျောက်မျက်ကို မှီခိုလုပ်ကိုင်စားသောက်တဲ့ ဒေသခံတိုင်းရင်းသားများ လက်လုပ်လက်စား ပြည်သူများဟာ လူဦးရေ သိန်းထပ်ပြီးတော့ ရှိနေတာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ဆက်လက်ပြီးတော့ ပုဒ်မ ၂ (ဗ) ကို ဆက်မသွားခင် ဒီ(ပ) နဲ့ပတ်သတ်တဲ့ ကိစ္စကို ဆက်လက်ပြီးတော့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အထက်ပါ တင်ပြတဲ့ အချက်အလက်တွေကိုကြည့်ခြင်းအားဖြင့် ခွင့်ပြုမိန့်ရရှိသူဆိုတဲ့စကားရပ်ကို အဓိပ္ပါယ် ဖွင့်ဆိုချက်၌ လက်လုပ်လက်စား လုပ်ကိုင်ခွင့်ကို ထည့်သွင်းအဓိပ္ပါယ် ဖွင့်ဆိုထားခြင်း၊ ဖြစ်ပါတယ် ။ လက်လုပ်လက်စားလုပ်ငန်းဟာ အလုပ်အကိုင် လုပ်ငန်းတိုးတက်ရရှိစေခြင်း၊ ဆင်းရဲမှု လျှော့ချနိုင်ခြင်းတို့ကြောင့် လုပ်ပိုင်ခွင့်ချပေးထားသင့်ပြီး အဓိပ္ပါယ်ဖွင့်ဆိုချက်၌လည်း အဓိပ္ပါယ် ပြည့်စုံစေရန်အတွက် ဖြည့်စွက်ထားရှိတဲ့အတွက်ကြောင့် လက်ခံထားသင့်ပါကြောင်း လေးစားစွာ တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ပုဒ်မ ၂ (ဗ) နဲ့ပတ်သတ်ပြီးတော့ ပြန်ပြီးတော့ ကြည့်လို့ရှိရင် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းဆိုသည်မှာ သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော မြင်းကောင်ရေအားထက်မပိုတဲ့ စက်ကိရိယာကို ဖြစ်စေ အသုံးပြု၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကို ဆိုတယ်ဆိုတဲ့ အဓိပ္ပါယ် ဖြစ်ပါတယ်။ အရင်းအနှီးအနည်းငယ်ဖြင့် လုပ်ကွက် ဧရိယာ တစ်ဧကကွက်များကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်ခြင်းပဲ ဖြစ်ပါတယ်။ သတ္တုတူးဖော်ခြင်းလုပ်ငန်းတွင် တစ်ပိုင်တစ်နိုင် လက်လုပ်လက်စား

လုပ်ကိုင်ခြင်း ခွင့်ပြုလျက်ရှိပြီး ကျောက်မျက်ရတနာကဏ္ဍမှာတော့ ဥပဒေဖြင့် ပြဋ္ဌာန်းထားခြင်း မရှိသေးပါဘူး။ ကျောက်မျက်ရတနာ တူးဖော်မှုလုပ်ငန်းဟာ အရင်းအနှီးများစွာ လိုအပ်တဲ့လုပ်ငန်း ဖြစ်တာမှန်ပေမယ့်လို့လည်း ရှေးဦးကပင် ဒေသခံများက ဒေသအနေဖြင့် ထုတ်လုပ်ခဲ့သည်မှာ သတ္တုတွင်းဝန်ကြီးဌာနမှ ရတနာမြေများကို စီမံခန့်ခွဲသည့် ကာလမတိုင်မီနဲ့ စီမံခန့်ခွဲမှု အစပိုင်း ကာလအထိ လုပ်ကိုင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒေသခံများရဲ့ မိရိုးဖလာ စီးပွားရေး လုပ်ငန်းနဲ့ အဓိကဝမ်းစာ ဖြေရှင်းတဲ့လုပ်ငန်းလည်း ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များမှ ခွင့်ပြုမိန့်ရယူပြီး ဝင်ရောက်လုပ်ကိုင်လာတဲ့အချိန်မှာ ဒေသခံပြည်သူများရဲ့ မိရိုးဖလာလုပ်ငန်းတို့ဟာ မှေးမှိန်ပြီးတော့ တဖြည်းဖြည်း ပျောက်ကွယ်ခဲ့ရခြင်းဖြစ်ပါတယ်။

မိမိတို့ရဲ့ရာသက်ပန် နေထိုင်တဲ့ဒေသအတွင်း စီးပွားရေးလုပ်ငန်းများကို မိမိတို့ ဒေသခံများ ကလည်း ကိုယ်တိုင်လုပ်ချင်တဲ့သဘောသဘာဝနဲ့ လက်မလွှတ်ချင်တဲ့ သဘောသဘာဝရှိနေတာကို တွေ့ရှိရပါတယ်။ ယခုကဲ့သို့ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီနဲ့ ချီတက်နေတဲ့အချိန်မှာ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကိုလည်း လုပ်ကိုင်နေတဲ့အချိန်မှာ ပြည်သူများ စီးပွားရေးလုပ်ကိုင်ရန် အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း၊ ကျွန်တော်တို့ မြန်မာ့ကျောက်မျက်ရတနာကို အခုလို ပြင်ဆင်ချိန်မှာ လက်လုပ်လက်စား လုပ်ကိုင်ခွင့်ကဏ္ဍကို ထည့်သွင်းလိုခြင်းကြောင့်ထောက်ခံခြင်း ဖြစ်ပါတယ်။ ဒေသခံနေပြည်သူများသာမက ကျောက်မျက်ရတနာလုပ်ငန်းကို စိတ်ဝင်စားပြီး တတ်ကျွမ်းမှုအရ တတ်နိုင်တဲ့အရင်းအနှီးဖြင့် လုပ်ကိုင်ခွင့်ရလိုသူများ ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့် ရရှိစေရန်လည်း ဖြစ်ပါတယ်။ လက်လုပ်လက်စားများ ခွင့်ပြုခြင်းရဲ့ ကောင်းကျိုးရလဒ်များကတော့ အရင်းအနှီးနည်းပါးတဲ့ ပြည်သူများ၊ ဒေသခံများ၊ တိုင်းရင်းသားများ၊ လက်လုပ်လက်စားများ ကျောက်မျက်ရတနာလုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိစေတာဖြစ်ပါတယ်။ ပြည်သူများ ကို ဒေသတွင်း စီးပွားရေး၌ အလုပ်သမားများဘဝဖြင့် ရပ်တန့်မနေစေဘဲ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ငန်းရှင်များ ဖြစ်လာစေတဲ့ အခွင့်အရေးကို ရရှိစေမှာဖြစ်ပါတယ်။ ကျောက်မျက်ရတနာ လုပ်ငန်းလုပ်ကိုင်သူ များပြားလာခြင်းကြောင့် ကျောက်မျက်ရတနာပညာဆည်းပူးခွင့်၊ သတ္တုကျွမ်းကျင်ခွင့် ပိုမိုများပြား လာစေမှာ ဖြစ်ပါတယ်။

အခွင့်အလမ်း အလုပ်အကိုင်ပိုမိုရရှိလာသဖြင့် ပြည်သူများ ဝင်ငွေတိုးတက်ရရှိစေပြီး ဆင်းရဲသားလျှော့ချရေးကိုလည်း အကောင်အထည်ဖော်ခြင်းပဲ ဖြစ်ပါတယ်။ ဒေသတွင်း ဖြစ်ထွန်းလျက် ရှိသော ကျောက်မျက်ရတနာ သဘာဝသယံဇာတများရဲ့ အကျိုးစီးပွားကို ဒေသနေ ပြည်သူများပါ လုပ်ကိုင်ခွင့်ရရှိနေခြင်းကြောင့် လုပ်ငန်းကြီးများ နိုင်ငံတော်ရဲ့စီးပွားရေး စီမံကိန်းလုပ်ငန်းများ အပေါ်တွင် မလိုလားအပ်တဲ့စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ပဋိပက္ခများလျော့နည်း ပပျောက်စေမှာ ဖြစ်ပါတယ် စတဲ့ အကျိုးရလဒ်များကို ရရှိစေမှာဖြစ်တဲ့အတွက်ကြောင့် ထောက်ခံဆွေးနွေးခြင်းပဲ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ပုဒ်မ ၁၅ (င) ပုဒ်မခွဲ (က) ကိုဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုတဲ့ ပုဂ္ဂိုလ်များဟာ ခွင့်ပြုမိန့် ရရှိရန်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေး လုပ်ငန်းတွင် လျှောက်ထားရန် အဆိုပြုပြဋ္ဌာန်းခြင်းပဲ ဖြစ်ပါတယ်။ ပုဒ်မ ၁၅ (င) ပုဒ်မခွဲ (ခ) မှာ ကျောက်မျက်ရတနာ တူးဖော်ခြင်းနဲ့ စပ်လျဉ်းပြီးတော့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က လက်လုပ်လက်စား တူးဖော်

ထုတ်လုပ်ခွင့် လျှောက်ထားလာခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့မှ စိစစ်၍ ခွင့်ပြုပေးနိုင်သည့် အဆိုပြုပြဋ္ဌာန်းချက်ပဲ ဖြစ်ပါတယ်။

လက်လုပ်လက်စားများဟာ သာမန်လက်သုံးကိရိယာများဖြင့် ဥပဒေတွင် သတ်မှတ်ကန့်သတ်ပေးသည့် မြင်းကောင်ရေ ရရှိသော စက်ကိရိယာတို့ကိုအသုံးပြု၍ ဧရိယာအားဖြင့် တစ်ဧကထက်မပိုဘဲ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုတဲ့ လုပ်ငန်းမျိုး ဖြစ်စေရန် ရည်ရွယ်တာပဲ ဖြစ်ပါတယ်။ တရားဝင် ခွင့်မပြုရင်လည်း တရားမဝင်လုပ်ကိုင်နေသော ဒေသတွင်းလုပ်ငန်းဖြစ်၍ လုပ်ငန်းလုပ်ကိုင်လိုသော ပြည်သူတို့ကို ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုစေလိုခြင်းလည်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် သတ္တုနဲ့သယံဇာတရေးရာကော်မတီမှ တင်သွင်းတဲ့ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်တဲ့ဥပဒေမှာ လက်လုပ်လက်စားကို တင်ပြအဆိုပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ တင်ပြခဲ့ရာ သတ္တုကဏ္ဍလက်လုပ်လက်စား ထုတ်လုပ်ခြင်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုလက်လုပ်လက်စားသည် ကျောက်မျက်ရတနာလုပ်ငန်း ကဏ္ဍအတွက် အင်မတန်မှ အရေးကြီးပြီးတော့ လိုအပ်နေတဲ့အတွက် တင်ပြခြင်းပဲဖြစ်ပါတယ်။ လုပ်ကွက်ခွင့်ပြုမိန့်မှာ ဝန်ကြီးဌာနသို့ လျှောက်ထားခြင်းဟာ နေပြည်တော်တွင် သွားရောက်ဆောင်ရွက်ရပြီး အဆင့်ပေါင်းများစွာ၊ ထောက်ခံချက်ပေါင်းများစွာ၊ သဘောထားမှတ်ချက်ပေါင်းများစွာနဲ့ အပြန်ပြန်အလှန်လှန် အထက်အောက် ဘေးဘယ်ညာဆုံဆန် သွားလာလှုပ်ရှားဆောင်ရွက်ရတဲ့ အနေအထား သဘာဝရှိပါတယ်။ ဆင်းရဲသား ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင် ပြည်သူတို့ရဲ့ ဖြတ်သန်း ကျော်ဖြတ်ရန် ခက်ခဲတဲ့ အနေအထား အသွားအလာ တံတိုင်းကြီးလည်း ဖြစ်နေပါတယ်။ သို့ဖြစ်ရာ ဆင်းရဲတဲ့ လုပ်ငန်းရှင်ပြည်သူများရဲ့ လုပ်ငန်းလုပ်ကိုင်မှုကိုအားပေးလိုလျှင် အရင်အခက်အခဲများကို ကျော်လွှားစရာမလိုဘဲနဲ့ ဒေသတွင်း၌ စနစ်တကျ အဆင့်မများဘဲ ဆက်သွယ်ရန်လည်းလွယ်ကူသော လမ်းကြောင်းကို ဖွင့်ပေးရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၁၅ (ဃ) ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ကို ဖွဲ့စည်းခြင်း ဥပဒေပြဋ္ဌာန်းခြင်းပဲ ဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဟာ ဒေသခံများအတွက် ထိတွေ့ဆက်ဆံရန် နေပြည်တော်ထက် ပိုမိုနီးကပ်ပြီးတော့ ပိုမို ပြီးတော့ လွယ်ကူမှာဖြစ်ပါတယ်။ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်မှာ ခွင့်ပြုချက်စိစစ်ချထားပေးရန် အဆိုပြုပြဋ္ဌာန်းတဲ့ဥပဒေပုဒ်မ ၁၅ (က) ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေး အဖွဲ့ကို အောက်ပါအဖွဲ့များနှင့် ဖွဲ့စည်းရန် ထည့်သွင်းတင်ပြထားပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သတ္တုဆိုင်ရာဝန်ကြီး ဥက္ကဋ္ဌ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့ဝင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကိုယ်စားလှယ်အဖွဲ့ဝင်၊ ကြေးတိုင်နဲ့ မြေစာရင်းဌာန ကိုယ်စားလှယ် အဖွဲ့ဝင်၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကိုယ်စားလှယ်အဖွဲ့ဝင်၊ သတ္တုတွင်းဝန်ကြီးဌာနမှ ကိုယ်စားလှယ် အတွင်းရေးမှူးတို့ဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ဟာ သတ္တုတွင်းဝန်ကြီးဌာနရဲ့ တာဝန်ပေးအပ်မှုဖြင့် လက်လုပ်လက်စားထုတ်လုပ်ခွင့်ကို စိစစ်ခွင့်ပြုမည့် အဖွဲ့အစည်းသာဖြစ်ပါသည်။

ဒေသတွင်း၌လက်လုပ်လက်စား လုပ်ကိုင်သူများအား အသေးစား ထုတ်လုပ်မှု၊ အလတ်စား ထုတ်လုပ်မှု၊ အကြီးစားထုတ်လုပ်မှုကဲ့သို့သော လုပ်ငန်းကြီးများနှင့်တန်းတူ လုပ်ထုံးလုပ်နည်း

Procedure မများဘဲ၊အဆင့်မများဘဲ၊ အချိန်မယူရဘဲ လျင်လျင်မြန်မြန် ခွင့်ပြုမိန့်ရရှိစေရန် ဆောင်ရွက်ပေးမယ့် အစီအစဉ်ပဲဖြစ်ပါတယ်။ လုပ်ငန်းလုပ်ကိုင်လိုသူများဟာ စစ်မရောက်ခင် မြားမကုန် စိတ်ဓာတ်မကျစေရန်အတွက်ပဲ ဖြစ်ပါတယ်။ ယခုလို တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာ လက်လုပ်လက်စား လုပ်ကိုင်ခွင့်ပြုမိန့်ချထားပေးရေးနဲ့ပတ်သတ်လို့ အချို့လည်း အယူအဆတွေ ကွဲလွဲတာတွေရှိပါတယ်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဇယား (၂) နဲ့ မညီတဲ့အနေအထားမျိုး ဇယား (၂) မှာတိုင်းဒေသကြီးနဲ့ ပြည်နယ်တို့အတွက် ကျောက်မျက်ရတနာ မပါဘူးဆိုတဲ့ သုံးသပ်ချက်မျိုးလည်းပဲ ကျွန်တော်တို့ ကြားနေရပါတယ်။ ဒါပေမယ့် အဓိပ္ပါယ်အနက်ကို သေချာလေ့လာရင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား (၂) ဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေ ပြုစာရင်းဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ကိုကြည့်ရင်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား (၂) တွင် ဖော်ပြသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြု စာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ဝန်းလုံးအတွက် သော်လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း အာဏာ သက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ယခု ပုဒ်မ ၁၅ (ဃ) က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကို ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းနှင့်ပတ်သတ်လို့ ဥပဒေပြုတဲ့ တာဝန်ပေးအပ်တာ မဟုတ်ဘဲနဲ့ ဥပဒေပြုတဲ့ အာဏာပေးအပ်တာလည်း မဟုတ်ပါဘူး။ လက်လုပ်လက်စားခွင့်ပြုမိန့် စိစစ်ချထားပေးခြင်း၊ လုပ်ငန်းတာဝန်ပေးခြင်းသာဖြစ်၍ ဒါဟာ အင်မတန်မှ သင့်လျော်တယ်လို့ လက်ခံရမှာ ဖြစ်သလို ပြည်ထောင်စုအဆင့်သတ္တုတွင်းဝန်ကြီးဌာနက တာဝန်ပေးအပ်နိုင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ကလည်း တာဝန်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်ဟာ လက်လုပ်လက်စားကို လွယ်လင့်တကူ အလုပ်အကိုင်ဖန်တီးပေးခြင်းဟာ ပပျောက်မှုကို အထောက်အကူပြုရာရောက်ပါတယ်။ ဒါ့အပြင် ကျောက်မျက်ရတနာများ တရားမဝင် တူးဖော်ထုတ်လုပ်ခြင်းကိုလည်း ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ ထိတွေ့လွယ်ကူမှု၊ ဆက်သွယ်မှု လွယ်ကူပြီးတော့ အခွန်အခများကိုလည်း တိုင်းဒေသကြီး ပြည်နယ်က ဆောင်ရွက်နိုင်တဲ့ အနေအထား မျိုးရှိရင် ပိုပြီးတော့အခွန်အခများလည်းရရှိနိုင်တဲ့၊ ပေးဆောင်နိုင်တဲ့ အခြေအနေမျိုးကိုလည်းပဲ ဖြစ်စေမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရတို့မှ ခွင့်ပြုချက် ပေးတဲ့ အခြားလုပ်ငန်းများလည်း ရှိပါတယ်။ သာဓကအားဖြင့် ရေနံတွင်းလုပ်ငန်းကို လက်ယက် အစမ်းသွင်း တွင်းတိမ်များတူးဖော်လုပ်ကိုင်လိုသည့် လုပ်သားပြည်သူများ လုပ်ကိုင်စေပြီး ယင်းလုပ်ကိုင်ခွင့်ကို တိုင်းဒေသကြီး ပြည်နယ်နဲ့ ပြည်နယ်အစိုးရတို့က စိစစ်ချထားပေးခြင်း ဖြစ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အရာရှိက ချထားပေးခြင်း မဟုတ်ပါ။ ကျောက်မျက်ရတနာကဏ္ဍ လက်လုပ်လက်စားအဆင့်ကိုလည်း ရေနံ လက်ယက်တွင်းများ ခွင့်ပြုသည့်နည်းတူ သက်ဆိုင်ရာတိုင်းဒေသ ပြည်နယ်အဆင့်မှ လုပ်ကိုင်ခွင့် ပေးခြင်းသာ ဖြစ်သင့်တာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၅၉ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရဟာ ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရမည်

ဆိုတဲ့ ပါရှိတဲ့အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကို ပြည်ထောင်စုအစိုးရက တာဝန်ပေးအပ်နိုင်တာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲနေတဲ့ ခေတ်ပြောင်းစနစ်ပြောင်း သောအခြေအနေမှာ မိမိတို့နိုင်ငံရဲ့ အဖိုးတန်သော သယံဇာတအခြေအနေ များကို ဥပဒေနှင့်အညီ တရားဝင်စီးပွားရေးနှင့် ပြည်သူများ လုပ်ကိုင်ခွင့်တိုးတက်ရရှိစေရန် အရင်း အနှီး တက်နိုင်သူများ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းကျွမ်းကျင်ပြီးသူများသာမက သယံဇာတ ထွက်ရှိရာ ဒေသများတွင်နေထိုင်ပြီး မိရိုးဖလာလုပ်ကိုင်လာ၍ နားလည် ကျွမ်းကျင်သူများ အရင်းအနှီး မရှိသော်လည်း လုပ်ငန်းကိုတတ်နိုင်သလောက် အရင်းအနှီးဖြင့် တစ်ဦးတည်းဖြစ်စေ ပူးပေါင်းပြီး ဖြစ်စေ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် တစ်ပိုင်တစ်နိုင် လုပ်ကိုင်လိုသူများကို လုပ်ကိုင်ခွင့် ရရှိစေရန် အခွင့်အရေး ပေးသင့်ပါကြောင်း တင်ပြဆွေးနွေးရင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ အထက်ပါ ပုဒ်မ၊ ပုဒ်မခွဲများကို ပြင်ဆင်ချက်များကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးအများကြီး တင်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၇။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက် လာကြသော ပြည်ထောင်စုဝန်ကြီးနှင့် ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် ကျောက်မျက်ရတနာ ဥပဒေကိုအမျိုးသားလွှတ်တော်က ဥပဒေကြမ်း ကော်မတီရဲ့ တင်ပြချက်များကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ရှေ့မှာလည်း ကျွန်တော့် နောင်တော်ကြီးများက ဆွေးနွေးသွားပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ လိုအပ်တာလောက်ပဲ အနည်းငယ် ကျွန်တော် တင်ပြပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကို ကျွန်တော်တို့က အကြိမ် (၂၀)လောက် ကျောက်မျက်ရတနာ အသင်းချုပ်ပါတယ်။ ကျွန်တော်တို့ ကော်မတီပါတယ်။ နောက် သတ္တုတွင်း ဝန်ကြီးဌာနပါတယ်။ ဒီက ဥပဒေပညာရှင်များပါတယ်။ ဒီအဖွဲ့တွေနဲ့ ကျွန်တော်တို့က အကြေအလည် ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့က ဘယ်လိုနည်းနဲ့မှ သဘောကွဲလွဲတဲ့အချက် (၁၄) ချက် သတ္တုတွင်း ဝန်ကြီးဌာနနဲ့ကွဲလွဲတာက အချက်က (၁၄) ချက် အခန်းက (၂) ခန်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် တို့က ဥပဒေကို တင်ပြတဲ့အခါမှာ သတ္တုတွင်းဝန်ကြီးဌာနကလည်း ဒီဥပဒေကို ရက်သိပ်မကြာခင်မှာ တင်ပြပါတယ်။ တင်ပြတဲ့အခါမှာ ကျွန်တော်တို့ ဥပဒေကိုလေ့လာတဲ့အခါမှာ သူတို့က ပြင်ထားပါတယ် ဆိုတဲ့ဥပဒေတစ်ခုကို ကျွန်တော် ဥပမာ တင်ပြပါမယ်။ ကျွန်တော် Projector အနည်းငယ် သုံးပါမယ်။ ကျွန်တော် အခန်း (၉) မှာဆိုလို့ရှိရင် ပုဒ်မ ၂၈ အဲဒီမှာ ရတနာအခွန် လို့ခေါ်တဲ့ တွင်းဝခွန်ပေါ့ ခုနကလည်း တင်ပြသွားပါတယ်။ ခုလက်ရှိကောက်နေတာ တွင်းဝခွန် (၂၀) ရာခိုင်နှုန်း ကောက်နေ

ပါတယ်။ အဲဒီတော့ လက်ရှိကောက်နေတဲ့ တွင်းဝခွန် (၂၀) ရာခိုင်နှုန်းဆိုတာ ဒါရာဖြုတ်က ဖြုတ်ပေးလိုက်တာပါ။ ကျွန်တော်တို့ Font မတူလို့ နည်းနည်းလေး Projector ထိုးတာ အခက်အခဲလေး ရှိပါတယ်။ အဲဒီတော့ ဒီ (၂၀) ရာခိုင်နှုန်း တွင်းဝခွန်ကို ကျွန်တော်တို့က ဘာဖြစ်လို့ အခု သတ္တုတွင်းဝန်ကြီးဌာန တင်တဲ့အထဲမှာလည်း ကျွန်တော်တို့က မကောက်တော့ပါဘူးတဲ့ ရတနာအခွန် သို့မဟုတ် တွင်းဝခွန်ပေါ့၊ တကယ့်လုပ်ငန်းရှင်တွေခေါ်တာက တွင်းဝခွန် ခေါ်တယ်။ သတ္တုတွင်းဝန်ကြီးဌာနက ခေါ်တာ ရတနာခွန်ခေါ်တယ်။

ရတနာခွန် ကျွန်တော်တို့ (၂၀) ရာခိုင်နှုန်း မကောက်တော့ဘူး။ (၁၀) ရာခိုင်နှုန်းပဲ ကောက်တော့မယ်တဲ့။ ဒါပေမယ့် အောက်မှာ ရတနာမြေကြီးကြပ်ခက (၇) ရာခိုင်နှုန်း ၊ တန်ဖိုးဖြတ်ခက (၃) ရာခိုင်နှုန်း ၂၈ (က) မှာ ၂၈ (က) ၁ ရတနာခွန်က (၁၀) ၊ (၂) က ကြီးကြပ်ခ (၇) ၊ (၃) က တန်ဖိုးဖြတ်ခ (၃) ဆိုတော့ အကုန်ပေါင်းလိုက်ရင် (၂၀) ရာခိုင်နှုန်းပါပဲခင်ဗျား။ ဒါကြောင့်မို့လို့ သတ္တုတွင်းဝန်ကြီးဌာနက ပြင်ထားပါတယ်ဆိုတာ ပြင်ထားတာမဟုတ်ပါဘူး။ ဒီအပြင်ပဲ ပုဒ်မ ၂၉ (က) မှာ ကျွန်တော်တို့ အမှန်ရောင်းရငွေ၏ (၇) ရာခိုင်နှုန်းပဲ ကောက်တော့မယ်လို့ ပြောပြီး အောက်မှာ ကျတော့ တန်ဖိုး၏ (၃) ရာခိုင်နှုန်း ဝန်ဆောင်ခ ဆိုပြီး ပြန်ထည့်ထားတော့ (၁၀) ပဲ ဒါကြောင့်မို့ ရှေ့က (၂၀) ရယ် ဒီက (၁၀) ရယ်ပေါင်းရင် (၃၀) ခုလက်ရှိလည်း ကျောက်မျက်ရတနာ ဥပဒေအဟောင်းက စာအုပ်အဟောင်းထဲမှာ ပါပြီးသားပါခင်ဗျ။ (၃၀)ပဲလက်ရှိကောက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့က ဒါကို (၃၀) ပဲကောက်တာကိုသူက (၁၀) တို့ (၇) တို့ (၃) တို့ အဲဒီလိုမျိုးလေး နည်းနည်း ဟိုလိုဒီလိုလေး လုပ်လိုက်တဲ့ သဘောဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒါဟာ ဒါ ပြုပြင်တာမဟုတ်ပါဘူး။ ဥပဒေကို ပြုပြင်တာမဟုတ်ပါဘူး။ ဥပဒေကို ပြင်ဆင်ခြင်း မဟုတ်ဘဲနဲ့ လှည့်စားခြင်းသာ ဖြစ်တယ်လို့ ကျွန်တော်က ဆွေးနွေးရမလို ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကတော့အမှန်တကယ် ပြုပြင်ထားပါတယ်။ ဘယ်လိုပြုပြင်ထားလည်းဆိုတော့။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြချင်တာက တွင်းဝခွန် (၂၀) ရာခိုင်နှုန်းကောက်တဲ့ကိစ္စကို ကျွန်တော်တို့က ဒါဟာ မကောက်သင့်ဘူး။ တွင်းဝခွန်က ရာဖြုတ်တဲ့ သဘော ဖြစ်တယ်။ အဲဒီတော့ ရာဖြုတ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့လက်ထဲမှာ ဒီကျောက်ကြီးတစ်လုံးဟာ မှန်ကန်နိုင်မလား ဥပမာ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျောက်ကြီးကို ကျွန်တော်တူးလာပြီ။ ကျွန်တော် Projector တွေ မသုံးတော့ပါဘူးခင်ဗျ။ ရပါပြီ။ ဒီကျောက်ကြီးကို တွင်းဝကနေထွက်လာတဲ့အချိန်မှာ ဒီကျောက်ကြီးက သိန်း (၁၀၀) တန်တယ်။ ဒါကြောင့်မို့လို့ ဒီကျောက်ကြီးကို သိန်း (၂၀) ပေးပါဆိုပြီး တွင်းဝအခွန်ပေးလိုက်ရင် ဟုတ်ပြီ သိန်း (၂၀) ပေးပြီးပြီ။ အဲဒီတော့ ဒီကျောက်ကြီးက သိန်း (၁၀၀) တန်တယ်။ ကျွန်တော်တို့ ကျောက်မျက်ရတနာပြတိုက်ကို ရောက်လာတဲ့အခါမှာ ဒီကျောက်ကြီးကို နိုင်ငံခြားကိုရောင်းမယ်၊ ခွဲလိုက်မယ်၊ နိုင်ငံခြားကိုရောင်းလိုက်မယ် ခွဲလိုက်တဲ့အခါမှာ သိန်း (၁၀၀၀) ဖြစ်သွားတယ်။ သိန်း (၁၀၀၀) ဖြစ်သွားတော့ တွင်းဝခွန်ပေးခဲ့တဲ့ဟာက နည်းမနေဘူးလား။ ဒါမှမဟုတ်လည်းခွဲလိုက်တဲ့အခါမှာ တပြားမှ မတန်တဲ့ကျောက်လည်း ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့ တွင်းဝခွန်ကိစ္စသည် မှန်ကန်မှုရှိ/မရှိ ကိုကျွန်တော့်အနေနဲ့ ဘယ်လိုနည်းနဲ့မှ တွင်းဝခွန်ဟာ မှန်ကန်မှုမရှိနိုင်ဘူး။ ဥပမာအားဖြင့် ကျွန်တော်တင်ပြရရင် ပြီးခဲ့တဲ့ ကျောက်မျက်ရတနာ(၅၂) ကြိမ်မြောက် နောက်ဆုံးကျောက်မျက်ရတနာ ပြပွဲ အဲဒီမှာ ယူရိုငွေ (၂၆၃၃၀၁၉၃၇၄၆၅) ဂဏန်း (၁၁) လုံးမှာ (11) Digit မှာ (2.6) Billion မှာ ယူရိုငွေရောင်းရတာ ကောင်းပါပြီ။

အဲဒါ အတွဲပေါင်း (၆၁၀၇) တွဲ ကျွန်တော်တို့ ရောင်းခဲ့ရတယ်။ (၆၁၀၇) တွဲသော ကျောက်မျက်အတွဲတွေကို ကျွန်တော်တို့က (2.6) Billion ယူရို ရောင်းလိုက်ရလို့ရှိရင် ဘယ်အတွဲဟာ မောင်ဖြူရဲ့ကျောက် ဘယ်အတွဲကတော့ မောင်နီရဲ့ ကျောက် ဆိုတာ စာရင်းက ရှိပြီးသားပါ။ ဒါ ဘယ်သူမှ မှောင်ခို ပို့လို့ရတဲ့ဟာမဟုတ်ဘူး။ ဒီမှာအကုန်တင်တာနဲ့ ဒါက မောင်နီ ဒါက မောင်ဖြူ ဒါက သူ့ကျောက် ဟုတ်ပြီ ။ အဲဒီ (2.6) ယူရို Billionတကယ်ရောင်းရတဲ့အတွက်ကြောင့် (၂၀) ရာခိုင်နှုန်း သတ္တုတွင်း ဝန်ကြီးဌာနက တကယ်ရခဲ့သလား။ (2.6) Billion ရဲ့ (၂၀) ရာခိုင်နှုန်းကို တွက်ကြည့်မယ်ဆိုလို့ရှိရင် (၅၂၆၆၀၃၈၇၄၉) တစ်နည်းအားဖြင့် (5.2) Million ယူရို ကျွန်တော်တို့ ရခဲ့ရမယ် သတ္တုတွင်း ဝန်ကြီးဌာနက  အဲဒါရော စာရင်းစစ်ချုပ်က စစ်ပြီးပြီလား သဘောက ကျွန်တော်ဆိုလိုတာက ဒီလောက်  Billion (2.6) Billion ရောင်းရတယ်ဆိုရင် သူတို့ရဲ့တွင်းဝခွန်ဟာ တကယ်သာ (20) Percent ကောက်ခဲ့ရင် သတ္တုတွင်း ဝန်ကြီးဌာနက ဝင်ငွေမှာ (5.2) Million ယူရို ဟာ ဝင်ပြီးသားဖြစ်ရမယ်။ ဒါပေမယ့်မရှိပါဘူး။ အဲဒါမျိုးဖြစ်လာတာ (၅၂) ကြိမ်ရှိပြီ။

ဒါကြောင့်မို့ ဒီလိုမျိုး ဖြစ်နေတဲ့ဟာကြီးကို ကျွန်တော်တို့က မျက်စိစုံမှိတ်ပြီးတော့ ဒီစနစ်အတိုင်းဆက်သွားမလား။ Refound လုပ်မလား။ ဒါကြောင့်မို့ တွင်းဝအခွန်စနစ်ဟာ ရာဖြတ်က ဒီကျောက်ကို သိန်း (၁၀၀) တန်ပါတယ်လို့ ဖြတ်လိုက်တာဟာ တိုင်းပြည်အတွက် အင်မတန်မှ နစ်နာတဲ့ကိစ္စ ဖြစ်သလို လာဘ်ပေးလာဘ်ယူမှုတွေ ၊ အကျင့်ပျက်ချစားမှုတွေ အဂတိ လိုက်စားမှုတွေ ဒီနေရာမှာ အများကြီး ဖြစ်ပေါ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က တကယ်ရောင်းချရတဲ့ ကျောက်မျက်ပြပွဲကျမှသာ အမှန်ရောင်းချရတဲ့ငွေပေါ်မှာသာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် က တင်ပြထားတဲ့အတိုင်း ကောက်ခံပေးရင် အမှန်ကန်ဆုံးပဲ။ ကျွန်တော်ပြောတာက (၂၀) ရာခိုင်နှုန်း သိန်း (၁၀၀) တန်ပါတယ်ဆိုတဲ့ ကျောက်ကို(၂၀) ရာခိုင်နှုန်းထပ်လုပ်လို့ သိန်း (၂၀) ပဲရတယ်ဆိုရင် တကယ်က သိန်း (၁၀၀၀) နဲ့သာ (၅) ကျပ်လောက်ပဲ ဖြတ်မယ် (၅) ရာခိုင်နှုန်း လောက်ပဲ ဖြတ်လိုက်မယ်ဆိုလို့ရှိရင် အများကြီးပိုရတယ် နိုင်ငံတော်အတွက် ဆိုလိုတာက နည်းနည်းစားမယ် များများယူမယ် ဒီလိုပုံစံအတိုင်းနဲ့ ကျွန်တော်တို့က သွားတာ ကောင်းပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီရာဖြတ်စနစ်ဟာ ကျွန်တော်တို့ ရာဖြတ်ကြီးကို လုံးဝအလုပ်ဖြုတ်ပစ်နေတာမဟုတ်ပါဘူး။ ရာဖြတ်သမားတွေ ကျောက်မျက်ပြပွဲမှာလာပါ။ ဒီဟာ ယူရို ဘယ်နှစ်သန်းတန်လဲ။ အဲဒါမျိုး ရာဖြတ်ပါ။ တကယ်တမ်း ရောင်းထုတ်လိုက်တဲ့အချိန်မှာ တန်ဖိုးကို တိကျစွာဖြတ်ပါ။ အဲဒါဆိုရင် အကောင်းဆုံးပါပဲ။ မဟုတ်လို့ရှိရင် တွင်းဝမှာသွားပြီးတော့ ရာဖြတ်ခြင်းသည် ကျွန်တော်တို့ကြားဖူးပါတယ်။ ဝန်ကြီးမလုပ်ချင်ပါဘူးတဲ့ ရာဖြတ်ပဲ လုပ်ချင်တယ်တဲ့ အဲဒီလိုမျိုးပြောသံကြားဖူးပါတယ်။ ဒါ ရာဖြတ်တွေရဲ့ အခြေအနေကို ကျွန်တော်တို့ အောက်ခြေမှာ သိရပါတယ်။ ဒါကြောင့်မို့ ရာဖြတ်ဟာ ရာဖြတ်ကြီးကို တကယ့်ပြပွဲမှာပဲ အသုံးပြုဖို့ သင့်လျော်ပါတယ် ။ ရာဖြတ်စနစ်ကို သုံးပြီးတော့မှ တွင်းဝအခွန် (၂၀) Percent ကောက်ခြင်းသည် နိုင်ငံတော်အတွက် အများကြီး နစ်နာတဲ့အပြင် အကျင့်ပျက်ချစားမှုတွေဖြစ်စေပါတယ်လို့ ကျွန်တော့်အနေနဲ့ ဆွေးနွေး ချင်ပါတယ်။ နောက်တစ်ချက် ဆွေးနွေးလိုတာကတော့ကျွန်တော်တို့ တိုင်းဒေသကြီးကို လုပ်ပိုင်ခွင့် ပေးတဲ့ကိစ္စဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ တိုင်းဒေသကြီးကို လုပ်ပိုင်ခွင့်ပေးတယ်ဆိုတဲ့ နေရာမှာ မနေ့တုန်းက ကျွန်တော်တို့ Seminar တစ်ခုဖိတ်လို့သွားတက်ပါတယ်။ ဘယ်အဖွဲ့က ဖိတ်လဲဆိုတော့ MDRI အဖွဲ့ရယ် IGC အဖွဲ့ရယ်၊ Asia Foundation ဆိုတဲ့အဖွဲ့ရယ် (၃) ဖွဲ့ပေါင်းပြီးတော့ Royal Naypyitaw Hotel မှာ ကျွန်တော်တို့ Seminar လုပ်ပါတယ်။ ဒီ Seminar က အဓိကက ဘာပြောလဲဆိုတော့ ဖစ်စ်ကယ် Decentralization in Myanmar ဒါကို ခေါင်းစဉ် တပ်ပြီးတော့ လုပ်တယ်။ လာပြီးတော့ အဲဒီမှာ Seminar ကို ဦးဆောင်ဆွေးနွေးတဲ့ ပုဂ္ဂိုလ်များ ကတော့ အစိုးရအဖွဲ့ရဲ့ စီးပွားရေး အကြံပေးဒေါက်တာဇော်ဦးတို့ ဖြစ်ပါတယ်ဆိုတော့ သူတို့ရဲ့ ဆွေးနွေးချက်တွေဟာ Decentralization လုပ်မယ် Power Sharing Resource Sharing တွေ လုပ်မယ်။ တိုင်းဒေသကြီးတွေကို Natural Resource And Subordimation Government in Myanmar ဟုတ်လား၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေကို ဒါ ဘယ်လို Power Sharing ပေးမလဲ ဆိုတာကို ဦးတည်ပြီးဆွေးနွေးတဲ့အခါ ကျွန်တော်တို့ သမ္မတကြီးရဲ့စီးပွားရေး အကြံပေးပုဂ္ဂိုလ် တို့ ဒေါက်တာဇော်ဦး တို့ ဦးဆောင်ပြီးတော့ ကျွန်တော်တို့ လာဆွေးနွေးတာ ကျွန်တော်သွားနားထောင်ပါတယ်။ အဲဒီမှာ နိုင်ငံခြားသားတွေ တော်တော်များများဆွေးနွေးပါတယ်။

သူတို့က Decentralizationတွေ လုပ်တော့မယ် တိုင်းဒေသကြီး လုပ်ပိုင်ခွင့်တွေ ရတော့မယ်လို့ပြောတော့ ကျွန်တော်တို့က ခင်ဗျားတို့ပြောတာက လက်တွေ့နဲ့ကွာခြားနေတယ်လို့ ကျွန်တော်တို့ ဒီမှာ ကျောက်မျက်ဥပဒေတွေ သတ္တုဥပဒေတွေ ပြဋ္ဌာန်းတော့ဇယား (၁) နဲ့ (၂) ကို မကျော်လွန်နိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့က တိုင်းဒေသကြီးမှာ လက်လုပ်လက်စားတောင် ပေးခွင့်မရှိဘူး ဖြစ်နေတယ်လို့ ကျွန်တော်တို့က အဲဒီလိုမျိုးပြောဆိုဆွေးနွေးရတယ်။ ဒါကို နက်ဖြန်ကျရင် ဒီနေ့ကျရင်ပေါ့လေ ကျွန်တော်တို့ဆွေးနွေးမှာဖြစ်ပါတယ်လို့ ဒါကိုကျွန်တော်တို့က ဘယ်လိုနည်းနဲ့ Divortion လုပ်မလဲ။ တိုင်းဒေသကြီးကိုလုပ်ပိုင်ခွင့်ပေးတာမဟုတ်ဘဲနဲ့ ပြည်ထောင်စု ဝန်ကြီးဌာနက သွားပြီးတော့ တာဝန်ပေးတဲ့ပုဂ္ဂိုလ်က သူတို့ ပြည်ထောင်စု ဝန်ကြီးဌာနက ဖွဲ့စည်းပေးတဲ့အဖွဲ့ ဒါဆိုရင် တိုင်းဒေသကြီးကို လုပ်ပိုင်ခွင့်ပေးတာမဟုတ်ဘူး ပြည်ထောင်စု ဝန်ကြီးဌာနက ခိုင်းတာ အဲဒီအဖွဲ့ဆိုရင်ဒါအခြေခံဥပဒေနဲ့လည်း ကိုက်ညီသွားမယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့က လက်လုပ်လက်စားလေးတွေဟာ နေပြည်တော်အထိတောင်လာပြီး ပါမစ်ယူနေရ မလား။ ဒါကြီးက မဖြစ်သင့်ဘူး။ သူတို့ရဲ့လုပ်ကွက်ကို သူတို့ဒေသမှာပဲ လျှောက်ထားခြင်းအားဖြင့် သူတို့ကိုလည်း အများကြီး အထောက်အကူပြုစေမယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့်မို့ကျွန်တော်တို့ က တိုင်းဒေသကြီး ကို လက်လုပ်လက်စားတို့ အငယ်စားတို့ ဒါမျိုးတွေပေးတာ ခု မကြာခင်ဆွေးနွေးမယ့် SME Law မှာလည်း ကျွန်တော်လေ့လာကြည့်ပါတယ်။ ကြိုတင်ပြီးလေ့လာတဲ့အခါမှာ SME Law မှာလည်း အသေးစား အလတ်စားတွေကို တိုင်းဒေသကြီးမှာ အဲဒီမှာ အဖွဲ့တွေဖွဲ့ထားပါတယ်။ အေဂျင်စီဆိုတဲ့အဖွဲ့တွေ အဲဒီအေဂျင်စီဆိုတဲ့ အဖွဲ့ဟာ ခရိုင်အဆင့်တောင်မှ ရှိပါတယ်။ ခရိုင်အဆင့်တောင်မှ လုပ်ပိုင်ခွင့်ပေးထားပါတယ်။ ဒါအသေးစား ဆိုရင် လုပ်ဦးရေ သိန်း (၅၀၀) စသဖြင့် ခွဲခြားထားတာလေးရှိပါတယ်။ ဒါတွေဟာ အသေးစားတွေ အလတ်စားတွေဟာ ဇယား (၁) တို့ (၂) တို့နဲ့ဆို ငြိမနေဘူးလား။ ဆိုတော့ ဒါကတော့ ဆင်းရဲမှု လျှော့ချရေးဆိုပြီး ခေါင်းစဉ်လေးက အဲဒီလိုပြောင်းလိုက်တယ်။ အဲဒီတော့ ဘယ်လိုပဲ ဖြစ်နေနေ ကျွန်တော်တို့က အသေးစားတွေ အလတ်စားတွေကို တိုင်းဒေသကြီးတွေမှာ လုပ်ပိုင်ခွင့်ရသွားမယ်

ဆိုရင် အခြေခံလူတန်းစားတွေဟာ ချက်ချင်း (ဒီပလိုမတ်) ဖြစ်လာမယ်။ ဒီလိုပေါ်များကြွယ်ဝတဲ့ သတ္တုတွေ၊ သယံဇာတတွေကို အခြေခံလူတန်းစားတွေဖြစ်တဲ့ ဆင်းရဲမှုလျှော့ချရေး အစီအစဉ်မှာ သူတို့ရဲ့အခန်းကဏ္ဍကိုထိပ်ဆုံးကနေ ဦးစားပေး ဆောင်ရွက်မယ်။ လက်တွေ့ဦးစားပေး ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ အခု ဥပဒေကြမ်းကော်မတီနဲ့ ဆွေးနွေးထားတဲ့ အချက်တွေဟာ ဒီဥပဒေကြီးတစ်ခုလုံးကို Refound အဆင့်သာမက Change ဆိုတဲ့အဆင့်ထိအောင် ရောက်အောင်ကိုပဲ ပြည်သူလူထုအတွက် ဆွဲထားတဲ့အတွက်ကြောင့် ဒီဥပဒေကြမ်းကော်မတီရဲ့ ဆွေးနွေးချက်တွေ ကျွန်တော်တို့ အမျိုးသားလွှတ်တော် သတ္တုနဲ့သယံဇာတ ကော်မတီရဲ့ တင်ပြချက်တွေဟာ လက်တွေ့ပြည်သူလူထုဘဝကို အကျိုးပြုနိုင်တဲ့ ဥပဒေ ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၈။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ ရေဖြူမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းအခန်း(၉)နဲ့ စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခန်း(၉) မူလဥပဒေတွင် ရတနာခွန် ပေးဆောင်ခြင်း ဖြစ်ပြီးတော့ ပုဒ်မ ၂၂ မှ ၃၀ အထိပါဝင်ပြီး တစ်ခန်းလုံးသည် ကျောက်မျက်ရတနာအပိုင်း ပါဝင်ပြီး ပြဋ္ဌာန်းချက်များ ဖြစ်ပြီးတော့ ဒီအခန်းပါအတိုင်း ရတနာခွန်ပေးဆောင်တဲ့အခါမှာ ၎င်းကျောက်မျက် ရတနာရောင်းချခြင်းနဲ့ စပ်လျဉ်း၍ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ရှိစေရန် ပြဋ္ဌာန်းချက်များပါရှိပါတယ်။ ကျောက်မျက်ရတနာသည် သဘာဝသယံဇာတဖြစ်ခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၇ တွင် နိုင်ငံတော်သည် နိုင်ငံတော်၏မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက် လေထုအတွင်းရှိ သယံဇာတပစ္စည်းပိုင်ရှင်၏မူရင်းပိုင်ရှင်ဖြစ်သည်ဟု ဖော်ပြချက်နဲ့အညီ ကျောက်မျက်ရတနာသည် နိုင်ငံပိုင်ဖြစ်၍ ထုတ်ယူသုံးစွဲခြင်းအတွက် ရတနာခွန် ပေးဆောင်ရမှာ ဖြစ်ပါတယ်။

သတ္တုတွင်းဝန်ကြီးရဲ့ပြင်ဆင်ချက်ဥပဒေကြမ်းတွင် ပုဒ်မ ၂၈ ၌ မိမိတို့ရရှိတဲ့ကျောက်မျက် ရတနာအရိုင်းကို မှတ်ပုံတင်ခြင်းအမှတ် တန်ဘိုးဖြတ်၊ ရာဖြတ်၊ တန်ဘိုးသတ်မှတ်ပြီးအပေါ်တွင် ရတနာအခွန်၊ ရတနာ နယ်မြေကြီးကြပ်ခ နှင့် တန်ဘိုးဖြတ်ခတို့ပေးဆောင်ရန် နှင့် ပုဒ်မခွဲ(က)တွင် ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းနှင့် အဖိုးတန်ကျောက်မြတ်ရတနာများ ဖြစ်ပါက ရတနာခွန်(၁၀) ရာခိုင်နှုန်း၊ ရတနာနယ်မြေ ကြီးကြပ်ခ (၇)ရာခိုင်နှုန်း၊ တန်ဘိုးဖြတ်ခ (၃) ရာခိုင်နှုန်ပေးဆောင်ရန်

ပုဒ်မခွဲ (ခ) တွင် ဖော်ပြခဲ့သော အဖိုးတန်ကျောက်များမှအပ အခြားကျောက်မျက်ရတနာများဖြစ်ပါက ရတနာအခွန် (၅)ရာခိုင်နှုန်း၊ ရတနာ နယ်မြေကြီးကြပ်ခ (၇)ရာခိုင်နှုန်း၊ တန်ဖိုးဖြတ်ခ (၁.၅) ရာခိုင်နှုန်း ပေးဆောင်ရန် အဆိုပြုထားပါတယ်။ ထို့နောက် ကျောက်မျက်ရတနာ ရောင်းချတဲ့ ရာခိုင်နှုန်းမှာ ပုဒ်မ ၂၉ အရ ရတနာခွန် (၇)ရာခိုင်နှုန်းနဲ့ ပေးဆောင်ခ (၃) ရာခိုင်နှုန်းကို ထပ်မံ ပေးဆောင်ရန် ဖြစ်ပါတယ်။

ယင်းအဆိုပြုမှုပြဋ္ဌာန်းချက်များသည် မူလဥပဒေ ၁၉၉၅ ခုနှစ် ကျောက်မျက်ရတနာဥပဒေ အမှတ် ၂၇၊ ၂၈ သတ္တုတူးဖော်ထုတ်လုပ်ခြင်းရတနာအခွန်၊ တွင်းဝအခွန် ရောင်းချချိန်တွင် (၁၀) ရာခိုင်နှုန်း ရတနာအခွန်ပေးဆောင်ခြင်း၌ ထပ်တူသာလျှင် ဖြစ်ပြီး တွင်းဝအခွန် (၂၀) ရာခိုင်နှုန်း၊ ရတနာအခွန် (၁၀)ရာခိုင်နှုန်းနဲ့ နယ်မြေကြီးကြပ်ခ (၇)ရာခိုင်နှုန်း၊ တန်ဘိုးဖြတ်ခ (၂)ရာခိုင်နှုန်း ခွဲပြီးတော့ (၁၀) ရာခိုင်နှုန်းကို ပြန်ပြီးတော့ တင်ပြထားခြင်းဖြစ်ပါတယ်။ ပုဒ်မခွဲ ၂၉ တွင် ရောင်းချခြင်းတွင် အမှန်တကယ် ရောင်းချရငွေအပေါ် (၇) ရာခိုင်နှုန်း၊ ရတနာအခွန်(၃) ရာခိုင်နှုန်း၊ (၇)ရာခိုင်နှုန်း နှင့် (၃)ရာခိုင်နှုန်း ဝန်ဆောင်ခပေးရန် ပြဋ္ဌာန်းခြင်းသည်လည်း မူလဥပဒေ ပုဒ်မ ၂၈ အရ အမှန်တကယ် ရရန်ငွေအပေါ် (၁၀) ရာခိုင်နှုန်းပေးဆောင်ရန်အသွင်သဏ္ဌာန်ပြောင်း၍ (၁၀) ရာခိုင်နှုန်းပြန်လည် စည်းကြပ်ခြင်းသာလျှင် ဖြစ်ပါတယ်။ တူးဖော်ထုတ်လုပ်ခွင့် အမိန့်ရရှိသူသည်လည်းကောင်း၊ ရောင်းချခွင့်လိုင်စင်ရရှိသူများသည်လည်းကောင်း၊ အချောထည် လက်ဝတ် ရတနာများ၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းများ ရောင်းချခြင်းအပေါ် အမှန်တကယ် ရောင်းရငွေရဲ့ (၇)ရာခိုင်နှုန်းကို ရတနာခွန်ပေးဆောင်ရန် ပြဋ္ဌာန်းချက်များသည်လည်း မူလဥပဒေ ပုဒ်မ ၂၉ နှင့် (၁၀) ရာခိုင်နှုန်းကို (၇)ရာခိုင်နှုန်းနှင့် (၃)ရာခိုင်နှုန်း (၂) မျိုးခွဲ၍ မူလ(၁၀) ရာခိုင်နှုန်းအတိုင်း စည်းကြပ်ခြင်းသာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ဝန်ကြီးဌာနရဲ့ပြင်ဆင်ချက်ဥပဒေကြမ်းသည် အနှစ်သာရအားဖြင့် အတူတူပဲ ဖြစ်ပါတယ်။ ပြင်ဆင်တာမဟုတ်ပါဘူးခင်ဗျား။ ယခုပြင်ဆင်သည့်ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်ဟာ (၁) ကျောက်မျက်ရတနာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး၊ (၂) သယံဇာတထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ တူးဖော် ထုတ်လုပ်ခြင်းနှင့် အတူ ရတနာအခွန်စည်းကြပ်ရေး၊ အခွန်ဘဏ္ဍာရရှိရေး၊ အခွန်ဘဏ္ဍာ သုံးစွဲခြင်း၊ အခွန်ဘဏ္ဍာခွဲဝေသုံးစွဲခြင်းနှင့် ပွင့်လင်း မြင်သာမှုရှိရေး၊ (၃) မိမိ၏ပြည်သူများ ကျောက်မျက်ကဏ္ဍ စီးပွားရေးတွင် လုပ်ကိုင်ခွင့်များ တိုးတက်ရရှိပြီး သယံဇာတများအပေါ် အကျိုး ကျေးဇူးခံစားနိုင်ရေး၊ (၄) နိုင်ငံတော်မှ ကျောက်မျက်ရတနာများ အခွန်အခ ပြည့်ပြည့်ဝဝ ရရှိခံစား နိုင်ရေး၊ (၅)မိမိတို့၏ အရည်အသွေးများ အဖိုးတန်သည့်ကျောက်မျက် ရတနာများ ကမ္ဘာ့အလယ်တွင် တင့်တယ်စွာဖြင့် ကျက်သရေရှိခြင်း၊ ဈေးကွက်ရရှိရေးတို့ဖြစ်ပါတယ်။

အထူးတင်ပြလိုသည်မှာ ကျောက်မျက်အခွန်၊ ရတနာအခွန်ကိစ္စဖြစ်ပါတယ်။ တိုးပွာအခွန် သည် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားတဲ့ တန်ဘိုးဖြတ်အဖွဲ့ဖြင့် တန်ဖိုးဖြတ်၊ ရာဖြတ်အခွန်(၂၀)ရာခိုင်နှုန်း စည်းကြပ်သည်ဆိုသော်လည်း ယင်းသို့ရာဖြတ်ပေးသည့်တန်ဘိုးသည် အမှန်တကယ်ရတဲ့ တန်ဘိုးနဲ့ ကွာခြားမြဲဖြစ်ပါတယ်။ ထပ်တူ မဖြစ်နိုင်ပါ။ ကျောက်မျက်ရတနာတို့မည်သည်မှာ စံနှုန်းဖြင့် ဈေးဖြတ်၍မရနိုင်တဲ့သဘောရှိပြီး ဝယ်သူ၏ စိတ်ခံစားချက် အရမ်းကိုပဲအိုဗာပြုချိန်တွင် ရှိနေတဲ့အတွက် ကမ္ဘာ့စီးပွားရေးဈေးကွက်အပေါ်မှာ မူတည်နေခြင်း ဖြစ်ပါတယ်။ တန်ဘိုးဖြတ်ချိန်နှင့်အမှန်တကယ်ရောင်းချချိန်မှာလည်း တစ်ချိန်တည်း၊

တစ်ထပ်တည်း မရှိပါ။ ယနေ့အထိ ကျောက်မျက်ရတနာအရောင်းပြပွဲတွင်သာ ရောင်းချခြင်းဖြစ်၍ ပြပွဲများကျင်းပချိန် ကို စောင့်စားနေရပါတယ်။

သို့ဖြစ်ရာ ယနေ့အထိ ကျောက်မျက်ရတနာအပေါ် တန်ဘိုးဖြတ်ခြင်း၊ အခွန်ကောက်ခံခြင်းသည် ကောင်းမွန်သည့်စနစ်မဟုတ်သေးပါ။ အမှန်ရရငွေကောက်ခံသည့် စနစ်ကို ကျင့်သုံးနိုင်မှသာ မှန်ကန်မှု၊ ပွင့်လင်းမြင်သာမှု ရှိစေမည်ဖြစ်ပြီး နိုင်ငံတော်မှလည်း ရတနာအခွန်နှင့် ကုန်သွယ်အခွန်ကို တိကျစွာရရှိနိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၉၉၅ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် ၂၀၁၄ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေတို့နှင့် စပ်လျဥ်း၍ တည်ဆဲဥပဒေကို ပြင်ဆင်ရာမှာ ခေတ်စနစ်နဲ့လျော်ညီသည့် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းကို ဖွင့်လှစ်ရန် ပြည်တွင်း၌ ကျောက်မျက်ရတနာဈေးကွက် အများအပြားဖြစ်ထွန်းလာစေရေး နှင့် ပြည်ပဈေးကွက်များ ထိုးဖောက်နိုင်ရေး ပြည်ပသို့တရားမဝင်တင်ပို့ဆောင်နိုင်ရေးကို ပေးပို့ ကာကွယ်တားဆီးနိုင်ပြီး ပြည်ပသို့တရားဝင်ရောင်းချတဲ့အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးကို ဦးတည်ထားလျှင် နိုင်ငံတော်အတွက်ကျောက်မျက်ရတနာ ကဏ္ဍမှ အခွန်အခများ ပြည့်ပြည့်ဝဝနဲ့ ရရှိစေရန် ပြင်ဆင်ပေးထားပါတယ်။ အရှင်းလင်းဆုံးတင်ပြရလျှင် ကျောက်မျက်ရတနာအပေါ်မှာ ယနေ့တွင်းဝအခွန်အဖြစ် အခွန်အဖွဲ့၊ တန်ဖိုးဖြတ်အဖွဲ့ပေါ် မူတည်ပြီး အခွန်ကောက်ခံချိန်မှာ ကျောက်မျက်ရတနာ၏ အမှန်တန်ဖိုးမဟုတ်၍ ယင်းစနစ်ကို ဤဥပဒေကြမ်း၌ ပယ်ဖျက်ထားပါတယ်။ နိုင်ငံတော်မှ ရတနာအခွန်အတိအကျရရှိစေရန် ကျောက်မျက်ရတနာရောင်းချချိန်တွင် ရောင်းချသည့် ဈေးနှုန်းအပေါ်၌ ရောင်းရငွေအမျိုးအစားဖြင့် (၁၅) ရာခိုင်နှုန်းပေးဆောင်သည့်စနစ်ကို ပြင်ဆင်ထား ပါတယ်။ တွင်းဝခွန်(၂၀)ရာခိုင်နှုန်း ခန့်မှန်းခြေအဖြစ် ကြိုတင်ကောက်ခံသည့်အခွန်အဖြစ် ရောင်းချတဲ့ (၁၀) ရာခိုင်နှုန်းကောက်ခံတဲ့ စနစ်ထက် အမှန်တကယ်ရောင်းချရချိန်မှာ (၁၅) ရာခိုင်နှုန်း ပြည့်ပြည့် ဝဝ ကောက်ခံသည့်စနစ်က အခွန်ငွေပမာဏအားဖြင့် ပိုမိုရရှိပြီး ပွင့်လင်းမြင်သာမှု ရှိပါတယ်။

EIDI မူနဲ့လည်း ကိုက်ညီမှု နည်းနည်းရှိပါတယ်။ တွက်ချက်မှုဖြင့် ဥပမာပေးရလျှင် ဥပမာကျောက်မျက်ရတနာ တန်ဖိုးအဖွဲ့က တွင်းဝတွင် မြန်မာကျပ် သိန်း(၂၀၀) ယူရိုတစ်သောင်း ရှိသောတန်ဖိုးဖြတ်နဲ့ ပြပွဲမှာ ယူရိုတစ်သန်းကျပ်တစ်သောင်းကျော်လည်း ရနိုင်ပြီးတော့ သန်းဆယ် ဂဏန်းအထိလည်းပဲ လက်တွေ့ရောင်းချခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ လက်ရှိစနစ်အရ တွက်ချက်တဲ့ ရတနာအခွန် တွက်ချက်မှု တွင်းဝအခွန်မြန်မာငွေ သိန်း(၂၀၀)၊ ယူရိုငွေအားဖြင့် (၁၈၀၂၀)ရာခိုင်နှုန်းအား ကျပ်သိန်း(၄၀) ရမှာပါ။ အမှန်ရောင်းချိန်ရတနာအခွန် ယူရိုတစ်သန်း၊ ဆယ်ရာခိုင်နှုန်းကို တစ်သိန်းရမှာဖြစ်ပါတယ်။ ယူရိုငွေကျပ်ငွေတစ်သိန်းဟာ မြန်မာကျပ်ငွေ (၁၂၆၀) ဖြစ်ပါတယ်။ တွင်းဝအခွန်သိန်း(၄၀)ရရှိရမည်ဖြစ်ပြီး အမှန်ရတဲ့အချိန်မှာ တွင်းခ (၁၂၆၀) ရတဲ့အခါမှာ သိန်းပေါင်း (၁၃၀၀)ရရှိမှာဖြစ်ပါတယ်။ ယခုကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီမှ အဆိုပြုတင်ပြတဲ့ရတနာအခွန်တွက်ချက်မှုကို ပြောရမယ်ဆိုလို့ရှိရင် အမှန်ရောင်းချင် ရောင်းရငွေ ရတနာအခွန်ဟာ ယူရိုတစ်သန်း ကျပ်ငွေ( ၁၁၀၁၆၀) နဲ့ (၁၅)ရာခိုင်နှုန်း၊ ယူရိုငွေ (၁၅၀၀၀၀) ကျပ်ငွေအားဖြင့် သိန်းပေါင်း(၁၉၉၀) ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မူလ ဥပဒေအရ ရရှိမည့်အခွန်ငွေနှင့် ပြင်ဆင်သည့် ခြားနားချက်နှင့်အခွန်ရရှိမှုအား သိန်း (၁၉၉၀- သိန်း၁၃၀၀= ၆၉၀ ရရှိမှာ ဖြစ်ပါတယ်။

ယင်းသိန်း(၆၉၀)မှာ ပြင်ဆင်သည့်ဥပဒေမှာ ရတနာအခွန်(၅)ရာခိုင်နှုန်း ကောက်ခံတဲ့အတွက် ရရှိခြင်းလည်း ဖြစ်ပါတယ်။ မူလဥပဒေမှာ တွင်းဝရတနာအခွန် ရာခိုင်နှုန်းအားဖြင့် (၂၀) ရာခိုင်နှုန်းပို၍ အခွန်ပိုရမည်ဟု ထင်သော်လည်း လက်တွေ့မှာ (၂၀) ရာခိုင်နှုန်းသည် ကျပ်သိန်း(၄၀) သာလျှင် ဖြစ်ပြီး ရောင်းရချိန်မှာ ရတနာအခွန်(၅)ရာခိုင်နှုန်းသာ ပိုမိုကောက်ခံရန်ပြင်ဆင်ထားသည့် ပြဋ္ဌာန်းပေးတဲ့အတွက် လက်ရှိတဲ့ရတနာအခွန်မှာ သိန်း(၆၉၀) ဖြစ်၍ သိန်း(၆၉၀) အနှုတ်သိန်း(၄၀) သိန်းပေါင်း (၆၅၀) ပိုမို ရရှိတာတွေ့မြင်ရတာ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာရဲ့တန်ဖိုး ကြီးမြင့်လျှင် ကြီးမြင့်သည်။ အခွန် ရရှိမှုမှာ ပေါ်ပေါက်မှုကျဉ်းမြောင်းလာမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ယနေ့ ဈေးကွက်စီးပွားရေးနဲ့အညီ ကျောက်မျက်ရတနာစီးပွားရေးကဏ္ဍမှာ တူးဖော်ထုတ်လုပ်တဲ့ လုပ်ငန်း မှတစ်ပါးအချောထည် ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာပြုလုပ်ခြင်း အပါအဝင် Value added များကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုလိုက်သည် ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာကဏ္ဍက ခေတ်မီတိုးတက်ရုံသာမက ဈေးကွက် တွင်ကျယ်လာတော့မှာ ဖြစ်ပါတယ်။

နိုင်ငံတကာနှင့် လက်တွဲလုပ်ကိုင်မည်ဆိုလျှင် တည်ဆဲဥပဒေ၊ နည်းဥပဒေများမှ ပြုပြင်သင့်သည်များကို ကြိုတင်၍ ပြုပြင်ထားပြီး လုပ်ငန်းလုပ်ကိုင်မှုကို အကျိုးရှိစေမည့်၊ အထောက်အကူဖြစ်စေမည့် လုပ်ငန်းများ၊ စနစ်များလည်း ပြင်ဆင်ထားရမှာလည်းဖြစ်ပါတယ်။ ဝန်ကြီးဌာနနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီများရဲ့ ရတနာအခွန်တွေ့ဆုံခြင်းအခန်းကို ပြင်ဆင်အဆိုပြုခြင်းကို နှိုင်းယှဉ်ကြည့်ပါက ဝန်ကြီးဌာနရဲ့ဥပဒေကြမ်းသည် ရတနာအခွန်ကို ခေါင်းစဉ်ခွဲကောက်ခံသော်လည်း ရှေးရိုးအတိုင်း တွင်းဝအခွန်(၇၀)ရာခိုင်နှုန်းနှင့် ရောင်းရချိန် (၁၀)ရာခိုင်နှုန်းသဘောတရားပင် ဖြစ်လျက်ရှိပြီး ကောက်ခံသည့်သဘောတရားသည်လည်း ပြောင်းလဲမှု မရှိပါ။ ခေါင်းစဉ်ခွဲခြားမှုကို ဆန်းစစ်ပါလျှင် ရတနာအခွန် (၁၀)ရာခိုင်နှုန်း၊ ရတနာမြေ ကြီးကြပ်ခ(၇) ရာခိုင်နှုန်း တန်ဖိုးဖြတ်ခ(၇)ရာခိုင်နှုန်းသို့ ဆိုထားရာ ရတနာမြေကြီးကြပ်ခြင်းသည် သတ္တုတွင်းဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန် ဖြစ်ပါတယ်။

ရတနာမြေကြီးကြပ်ကွပ်ကဲသူများသည် သတ္တုတွင်းဝန်ကြီးဌာန၏ လစာရရှိတဲ့ ဝန်ထမ်းများဖြစ်ပါတယ်။ ထိုနည်းတူ တန်ဖိုးဖြတ်အဖွဲ့သည်လည်း ဝန်ကြီးဌာန၏ ကျွမ်းကျင်ဝန်ထမ်းများဖြစ်ပါတယ်။ ဝန်ကြီးဌာန၏ လုပ်ငန်းများကို ဝန်ထမ်းများက ထမ်းဆောင်ခြင်းသည် တာဝန်ထမ်းဆောင်ခြင်းပဲဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ခြင်းအတွက် ဝန်ထမ်းများကို နိုင်ငံတော်က လစာနှင့်စားရိတ်များ ခံစားခွင့် ပြုထားပြီးဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနသည်လည်း မိမိဝန်ကြီးဌာန၏ ဝန်ထမ်းများလုပ်ဆောင်ရာ၌ သုံးစွဲရန် နိုင်ငံတော်မှ ဘတ်ဂျက် ခွဲဝေပေးထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ရာ တရားဝင်ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာလုပ်ငန်း လုပ်ကိုင်သူများရဲ့ ကျောက်မျက်ရတနာတူးဖော်မှုအပေါ်တွင် ရတနာမြေကြီးကြပ်ခ ခေါင်းစဉ် နဲ့ အခွန်ကြီးကြပ်ကောက်ခံခြင်း ၊ တန်ဖိုးဖြတ်ခ ခေါင်းစဉ်ဖြင့် အခွန်စည်းကြပ် ကောက်ခံခြင်းသည် နည်းလမ်းမကျပါ။ မိမိ ဌာန၏ လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်း သက်သက် မိခင်ဌာန၏ တာဝန်ဝတ္တရားထမ်းရွက်ခြင်း ဖြစ်၍ အခွန်ခေါင်းစဉ်တပ်ပြီးစည်းကြပ်မှုအား ငွေကြေးကောက်ခံရယူရန် လုံးဝမသင့်ပါကြောင်း တင်ပြလိုပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ အတည်ပြုထားတဲ့ ရတနာအခွန်ကောက်ခံတဲ့ စနစ်ဟာ ရောင်းချရမှုအပေါ် အခွန်ငွေ တိတိကျကျရရှိခြင်း၊ တွက်ချက်မှုအရလည်း အခွန်ငွေပမာဏအမြတ်သာ ရရှိခြင်း၊ တူးဖော်ထုတ်လုပ်ထွက်ရှိချိန်မှာ မှတ်ပုံတင်ပြီး ရောင်းချမှုကို မျက်ခြေမပြတ်

ထိန်းကွပ်နိုင်ခြင်း၊ အခွန်ရရှိမှု ပွင့်လင်းခြင်းတို့ကြောင့် EIDI ကိုအထောက်အပံ့ဖြစ်ပြီး စီးပွားရေး ဈေးကွက်နှင့် ကိုက်ညီ၍ ကောင်းမွန်သင့်လျော်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဥပဒေ ပုဒ်မ ၃၁ နဲ့ ဆက်စပ်ပြီးတော့ ဆက်လက်ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာသည် သဘာဝသယံဇာတ အရင်းအမြစ်ဖြစ်တဲ့အတွက် Quality Contact ခေါ်တဲ့သဘာဝအရင်းအမြစ်များ ထုတ်လုပ်တဲ့အတွက် နိုင်ငံတော်သို့ လည်းကောင်း ပေးဆပ်ရမှာဖြစ်ပါတယ်။ ရေနံများ၊ သဘာဝဓာတ်ငွေ့များ၊ ဓာတ်သတ္တုများ တူးဖော်ခြင်းအတွက် Warranty ပေးရမှာဖြစ်ပါတယ်။ ထိုသို့Warranty ပေးရသည့် သယံဇာတ အရင်းအမြစ်များမှ ကျောက်မျက်ရတနာသည် တန်ဖိုးကြီးမားသဖြင့် ရတနာအခွန်သည်လည်း ရာခိုင်နှုန်းမြင့်မားပြီး အခွန်ပမာဏလည်း များပြားတဲ့ သဘာဝရှိပါတယ်။ မူလဥပဒေ အခန်း (၉) တွင် ရတနာ အခွန်ပေးဆောင်ရန် ပြဋ္ဌာန်းပြီး အကျဉ်းအားဖြင့် ကောက်နုတ်တင်ပြရလျှင် ပတ္တမြား၊ နီလာ ၊ ကျောက်စိမ်း၊ စိန် ဖြစ်ပါက အတွင်းခွန် (၂၀) ရာခိုင်နှုန်း၊ အခြားကျောက်မျက်ရတနာများဖြစ်ပါက တွင်းဝခွန် (၁၀) ရာခိုင်နှုန်း ၊ ရတနာအခွန်ပေးဆောင်ပြီးတဲ့နောက် မြန်မာငွေဖြင့် ရောင်းချလျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ကင်းလွတ်ခွင့်ရှိပါတယ်။

ရတနာအခွန်ပေးဆောင်ပြီးတဲ့နောက် နိုင်ငံခြားငွေဖြင့် ရောင်းချပါက အမှန်တကယ် ရောင်းရငွေအပေါ် (၁၀) ရာခိုင်နှုန်း ရတနာအခွန် ပေးရပါတယ်။ ကျောက်မျက်ရတနာ အချောထည် ဖြစ်စေ ၊ လက်ဝတ်ရတနာဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ရောင်းချပါက အမှန်တကယ်ရောင်းရငွေ၏ (၁၀) ရာခိုင်နှုန်း ရတနာအခွန်၊ လိုင်စင်ရရှိသူက ရတနာအခွန် ပေးဆောင်ပြီးတဲ့ ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ ၊ အချောထည်ကိုဖြစ်စေ လက်ဝတ်ရတနာ ကိုဖြစ်စေ နိုင်ငံခြားငွေဖြင့်ရောင်းချလျှင် (၁၀) ရာခိုင်နှုန်း ရတနာ အခွန်ပေးဆောင်ရပါတယ်။ အထူးဥပဒေဖြစ်တဲ့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေရဲ့ ထူးခြားချက်မှာ ပုဒ်မ ၃၁ (က) နဲ့ ပုဒ်မ ၃၁ (ခ) တို့ပါဝင်ခြင်းပဲ ဖြစ်ပါတယ်။ ၃၁ (က) ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ပုဒ်မ ၂၈ အရ လည်းကောင်း ၊ ပုဒ်မ ၂၉ အရလည်းကောင်း နိုင်ငံခြားငွေ ဖြင့် ရတနာအခွန် ပေးဆောင်ပြီးတဲ့အခါမှာ ယင်းကျောက်မျက်ရတနာ ရောင်းခြင်းနဲ့ စပ်လျဉ်း၍ တခြားတည်ဆဲဥပဒေ တစ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ် စေရမည်။ ၃၁ (ခ) လိုင်စင်ရရှိသူသည် ပုဒ်မ ၃၀ အရ နိုင်ငံခြားငွေ ဖြင့် ရတနာအခွန်ပေးပြီးတဲ့အခါ ယင်းကျောက်မျက်ရတနာ ရောင်းချခြင်းနဲ့ စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အခွန် ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည် ဟူ၍ ပါရှိပါတယ်။

ယင်းသည် ကျောက်မျက်ရတနာ ကဏ္ဍမှ နိုင်ငံတော် အတွက် နိုင်ငံခြားငွေ ရှာဖွေပေးခြင်း ရတနာ ဖြစ်သည့်အားလျော်စွာ တန်ဖိုးမြင့်မား၍ ရောင်းချရရှိတဲ့ အမှန်တကယ် ရောင်းရငွေအပေါ် (၁၀) ရာခိုင်နှုန်း ရတနာအခွန်သည် ငွေကြေးပမာဏ ကြီးမားခြင်းကြောင့် နိုင်ငံခြားငွေဖြင့် ရတနာအခွန်ဆောင်ပြီးလျှင် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားခြင်း ဖြစ်ပါတယ်။ ရောင်းချခြင်းအတွက် အခြားအခွန် အနေဖြင့် ဝင်ငွေခွန်၊ ကုန်သွယ်ခွန်များ ပေးဆောင်ရန် ရှိသော်လည်း ကျောက်မျက်ရတနာတို့၏ သဘောသဘာဝအရ ထုတ်လုပ်မှုစရိတ်ကြီးမားခြင်း၊ ရောင်းရငွေအပေါ် ရတနာခွန်ပေးဆောင်ရသည့်ပမာဏ ကြီးမားခြင်း တို့ကြောင့် အခြားအခွန်များ ကင်းလွတ်ခွင့်ပေးထားခြင်း ဖြစ်ပါတယ်။ ယင်းဥပဒေပုဒ်မ ၃၁ (က) နဲ့ (ခ)

ကို ဝန်ကြီးဌာန မှ ပယ်ဖျက်၍ ပုဒ်မ ၃၂ ဦးစီးကော်မတီ ဖွဲ့စည်းခြင်းနှင့် ပုဒ်မ ၃၃ ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များကို အစားထိုးထားတာ တွေ့ရပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ပြင်ဆင်ချက်တွင် ပုဒ်မ ၃၁ (က) နှင့် ပုဒ်မ ၃၁ (ခ) တို့ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်း တစ်စုံတစ်ရာ မပြုဘဲ မူလဥပဒေအတိုင်း ဆက်လက်ထားရှိပါတယ်။ ယင်းဥပဒေ ပုဒ်မ ၃၁ (က) နဲ့ ပုဒ်မ ၃၁ (ခ) တို့သည် အခန်း (၉) ရတနာခွန်ပေးဆောင်ခြင်း အခန်း၌ ပါဝင်ပြီး ဝန်ကြီးဌာနမှ ဤအခန်း တစ်ခုလုံးကို လွှတ်တော်၏အဆုံးအဖြတ် ခံယူလိုကြောင်း တင်ပြချက်တွင် အသုံးဝင်လျက်ရှိပါသဖြင့် ဆွေးနွေး တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။

ဤပြင်ဆင်သည့် ဥပဒေတွင် ရတနာအခွန်ကို ထုတ်လုပ်သူက ရတနာအရိုင်း ရောင်းချပါက အမှန်တကယ်ရောင်းရငွေရဲ့ (၁၅) ရာခိုင်နှုန်း ရတနာအခွန်ပေးဆောင်ရန် ကျောက်မျက်ရတနာ အရိုင်းကို ထုတ်လုပ်သူထံမှဝယ်ယူပြီး အရိုင်းအတိုင်းပြန်လည် ရောင်းချသူအား (၅) ရာခိုင်နှုန်း ရတနာအခွန်၊ ကျောက်မျက်ရတနာ အချောထည် ပြုလုပ်ရောင်းချသူက (၃) ရာခိုင်နှုန်း ရတနာအခွန်၊ လက်ဝတ်ရတနာ ပြုလုပ်ရောင်းချသူများ ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းရောင်းချ သူက (၂) ရာခိုင်နှုန်း ရတနာအခွန် ပေးဆောင်ရန် ပြင်ဆင်ရေးဆွဲထားရာ အမှန်တကယ်ရောင်းချရငွေ အပေါ်တွင် (၁၅) ရာခိုင်နှုန်း ပေးဆောင်ခြင်းဖြစ်၍ ရတနာအခွန်ရရှိမှု ငွေကြေးပမာဏများပြား ပါတယ်။ ၎င်းအပြင်ထုတ်လုပ်မည့် ကျောက်မျက်ရတနာအရိုင်းမှ စမ်းသပ်ပြုပြင်ရောင်းချပြီး လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းများကို ရတနာအခွန် (၈၀) ရာခိုင်နှုန်းမှ (၈၅) ရာခိုင်နှုန်းသို့ ရရှိသည့်အထိ အစီအစဉ်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပုဒ်မ ၃၁ (က) ၊ ပုဒ်မ ၃၁ (ခ) ပါအတိုင်း ရတနာအခွန်ပေးဆောင်ပြီးလျှင် အကြမ်းတည်ဆဲဥပဒေတစ်ရပ်အရ အခွန် ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းကို ဆက်လက်ထားရှိခွင့်ပြုသင့်ပါကြောင်း အလေးအနက် ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၄း၀၈)နာရီအချိန်တွင် ရပ်နားပြီး (၁၄း၂၂)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။

**အချိန်၊ ၁၄း၂၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၄း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၈။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာကြတဲ့ ဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့ ကျောက်မျက် ရတနာ ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ည) ပုဒ်မ ၂ ပုဒ်မခွဲ (ဆ) ပုဒ်မ ၂၇၊ ၂၈၊ ၂၉၊ ၃၀ နဲ့စပ်လျဉ်းပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရတနာအခွန်ဆိုတဲ့ စကားရပ်ကို တည်ဆဲဥပဒေပုဒ်မ ၂ မှာ ကျောက်မျက်ရတနာ အရိုင်းသို့မဟုတ် ကျောက်မျက်ရတနာ အချောထည် သို့မဟုတ် လက်ဝတ်ရတနာ ရောင်းချခြင်းအတွက်ဖြစ်စေ ဤဥပဒေအရ ကောက်ခံသည့် အခွန်ကို ဆိုလိုသည်ဟု ဆိုပြီးတော့ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ ကျောက်မျက်ရတနာဟာ သဘာဝသယံဇာတ ပစ္စည်းဖြစ်တဲ့အတွက်ကြောင့်မို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ မှာ (က) နိုင်ငံတော်ရှိမြေအားလုံး မြေပေါ်မြေအောက် ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိသယံဇာတ ပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု ဖော်ပြထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့ ကျောက်မျက် ရတနာဟာ နိုင်ငံတော်ပိုင်ဖြစ်လို့ ထုတ်ယူသုံးစွဲခြင်းအတွက် ရတနာအခွန်ပေးဆောင်ရမှာ ဖြစ်ပါတယ်။ လက်ရှိ ကျောက်မျက်ရတနာ လုပ်ငန်းလုပ်ကိုင်သူများအတွက် ရတနာအခွန်ပေးဆောင်တဲ့စနစ်မှာ တည်ဆဲဥပဒေပုဒ်မ တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၉၅ ခုနှစ် ကျောက်မျက်ရတနာ ဥပဒေ အခန်း (၉) တွင် ဖော်ပြထားတဲ့အတိုင်းဖြစ်ပါတယ်။ ပုဒ်မ ၂၇ (က) အရ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်ဖြစ်ပါက (၂၀) ရာခိုင်နှုန်း အခြားကျောက်မျက်ရတနာဖြစ်ပါက (၁၀) ရာခိုင်နှုန်း အထက်ပါ ရတနာခွန် ပေးဆောင်ပြီးနောက် မြန်မာငွေဖြင့် ရောင်းချပါက အခြားတည်ဆဲဥပဒေအရပ်ရပ်အရ အခွန်ဆောင်ခြင်းမှ ကင်းလွတ်ပါသည် ဆိုပြီးတော့ ဖော်ပြထား ပါတယ်။

ပုဒ်မ ၂၈ အရ အထက်ပါ အခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို နိုင်ငံခြားငွေဖြင့် ရောင်းချပါက ရောင်းချသည့်တန်ဖိုး၏ (၁၀) ရာခိုင်နှုန်းကို နိုင်ငံခြားငွေဖြင့် ရတနာအခွန် ပေးဆောင်ရပါမည်။ ပုဒ်မ ၂၉ အရ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်ပြီးတော့ အချောထည်ကို ဖြစ်စေ ၊ လက်ဝတ် ရတနာကိုဖြစ်စေ နိုင်ငံခြားငွေဖြင့် ရောင်းချပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုး၏ (၁၀) ရာခိုင်နှုန်းကို နိုင်ငံခြားငွေဖြင့် ရတနာအခွန်ပေးဆောင်ရပါသည်။ ပုဒ်မ ၃၀ သည် ကျောက်မျက်ရတနာ အရိုင်း ကျောက်မျက်ရတနာ အချောထည် လက်ဝတ်ရတနာ ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုင်စင်ရယူ ဆောင်ရွက် သူများသည် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်အပေါ် ရောင်းချရသည့်တန်ဖိုး၏ (၁၀) ရာခိုင်နှုန်းကို နိုင်ငံခြားငွေဖြင့် ရတနာအခွန်ပေးဆောင်ရပါသည်။ ကျောက်မျက်ရတနာ လုပ်ငန်းဆိုင်ရာ (က) တူးဖော်

ထုတ်လုပ်သည့်လုပ်ငန်း (ခ) အချောကိုင်လုပ်ငန်းနဲ့ (ဂ) လက်ဝတ် ရတနာလုပ်ငန်းကို လုပ်ကိုင်ခြင်း ဖြစ်ပါတယ်။ တူးဖော်လုပ်ကိုင်သူများသည် သတ္တုတွင်းဝန်ကြီးဌာနမှ တူးဖော်လုပ်ကိုင်မှုအတွက် ခွင့်ပြုမိန့်ရယူပြီး တူးဖော်လုပ်ကိုင်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို သက်ဆိုင်ရာဒေသရှိ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၌ တင်ပြ၍ တန်ဖိုးဖြတ်ခံယူပြီး ယင်းသို့ဖြတ်လိုက်သည့် တန်ဖိုးပေါ်မှာ (၂၀) ရာခိုင်နှုန်းကို ရတနာခွန်ပေးဆောင်ရပါတယ်။

ဒါဟာ ရတနာအခွန်ပေးဆောင်ခြင်းရဲ့ ပထမအဆင့်ဖြစ်ပြီး အများသိနေတဲ့ ရာဖြတ်လို့ခေါ်တဲ့ တွင်းဝခွန်ဖြစ်ပါတယ်။ ယင်းဟာ သယံဇာတဖြစ်တဲ့အတွက်ကြောင့် ကျောက်မျက်ရတနာ တူးဖော်မှု အတွက် ယနေ့လက်ရှိ ရတနာခွန်ပေးဆောင်ရခြင်း ပထမအဆင့် ဖြစ်ပါတယ်။ နိုင်ငံတော်က ကြီးမှူးကျင်းပတဲ့ ကျောက်မျက်ရတနာ ပြပွဲများ ရောင်းချချိန်မှာ နိုင်ငံခြားငွေဖြင့် ရောင်းချခြင်းအတွက် ရောင်းချရငွေအပေါ် (၁၀) ရာခိုင်နှုန်းဖြင့် ရတနာအခွန် ပေးဆောင်ရပါတယ်။ ဒါက ဒုတိယအဆင့် ရတနာအခွန် ပေးဆောင်ရခြင်း ဖြစ်ပါတယ်။ ဒီလို ရတနာအခွန်ပေးဆောင်ရတာဟာ တူညီနိုင်မှုမရှိပါဘူး။ သဘာဝကျသော်လည်းပဲ လက်တွေ့မှာ အလွန်အမင်း ကွာခြားနေတာ တွေ့ရပါတယ်။ ဝန်ကြီးဌာနက နေပြီးတော့တွင်းဝခွန်ကောက်ခံတဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံတော်ပိုင် သယံဇာတတူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် တူးဖော်ထွက်ရှိချိန်မှာ ကျွမ်းကျင်သူများနဲ့ တန်ဖိုးဖြတ်ပြီး ကောက်ခံတဲ့ ရတနာအခွန်ဟာ နိုင်ငံတော်အတွက်သေချာပြီး နောက်ပိုင်းရောင်းချတဲ့အချိန်မှာ ကောက်ခံတဲ့ ရတနာအခွန်ဟာ သေချာမှုမရှိတဲ့အတွက်ကြောင့် တွင်းဝခွန် စနစ်ကို ထားရှိခြင်းဖြစ်ပါတယ်။ ကျောက်မျက် ရတနာဟာ အဖိုးတန် သယံဇာတဖြစ်သည့်အပြင် ပြန်လည်ဖြည့်စွက်မှဲ့ သဘာဝလည်းမဟုတ်တဲ့အတွက် နိုင်ငံတော်အတွက်ရော လုပ်ငန်းရှင်များရော ပြည်သူများပါ အလေးအနက် တန်ဖိုးထားရန်နဲ့ ထိုက်ထိုက်တန်တန် ထုတ်ယူသုံးစွဲရန်လိုအပ်ပါတယ်။

ရတနာအခွန်များမှန်မှန်ကန်ကန် ရရှိရန်အတွက်လည်း ဥပဒေများကိုပြုပြင်ပြောင်းလဲ သင့်ပါတယ်။ ပုဒ်မ ၂၇ (က) အရ တူးဖော်ထုတ်လုပ်သူသည် ကျောက်မျက်ရတနာအရိုင်းကို ထွက်ရှိချိန်တွင် မှတ်ပုံတင်ကြေးပေးသွင်းပြီး မှတ်ပုံတင်ပြီးရောင်းချသည့်အချိန်တွင် အမှန်တကယ် ရောင်းချရသည့်ငွေအပေါ် (၁၅) ရာခိုင်နှုန်း ရောင်းချရငွေ အမျိုးအစားဖြင့် ရတနာအခွန် ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ပိုမိုရှင်းလင်းအောင် တင်ပြရမယ်ဆိုလို့ရှိရင် နိုင်ငံခြားငွေ (၁) သန်းနဲ့ ရောင်းချပါက ရောင်းချချိန်တွင် ဤပြင်ဆင်တဲ့ ဥပဒေအရ ရောင်းရငွေအပေါ် (၁၅) ရာခိုင်နှုန်းပေးဆောင်ပါက နိုင်ငံခြားငွေ (၁၅၀၀၀၀) ရရှိမှာ ဖြစ်ပါတယ်။ နိုင်ငံခြားငွေ (၁) သိန်း တန်ဖိုးဖြတ်ပြီး ပြပွဲမှာ (၁) သန်း နဲ့ရောင်းရတဲ့အခါမှာ အဲဒီတွင်းဝခွန် (၂၀) ရာခိုင်နှုန်းနဲ့ ရောင်းရငွေ ရောင်းချိန်မှာ (၁၀) ရာခိုင်နှုန်း ကောက်ခံလိုက်လို့ရှိရင် နိုင်ငံခြားငွေ (၁၂၀၀၀၀) ပဲရရှိမှာ ဖြစ်ပါတယ်။ ရောင်းချချိန်မှာ (၁၅) ရာခိုင်နှုန်း စနစ်အရ ရတနာခွန် ပေးဆောင်ရလို့ရှိရင် နိုင်ငံခြားငွေ (၁၅၀၀၀၀) ရရှိမှာ ဖြစ်တဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ရဲ့ အဆိုပြုချက်အရ နိုင်ငံတော်မှ နိုင်ငံခြားငွေ (၃၀၀၀၀) နစ်နာတာကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှ ရတနာခွန် ကောက်ခံခြင်းကို အမှန်တကယ် ရောင်းချချိန်တွင် ထိထိရောက်ရောက်ကောက်ခံ ရန် ရည်ရွယ်ထားခဲ့ပြီး ဖြစ်ပါတယ်။ ထို့ကြောင့် ပုဒ်မ ၂ (ည) ရတနာအခွန်ဆိုသော စကားရပ်ကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ ထုတ်လုပ်ရောင်းချမှုပေါ်တွင်ဟု

ရည်ရွယ်ချက်ဖြင့် စကားရပ်ကိုရွေးချယ်ပြီး ပြင်ဆင်အဆိုပြုထားခြင်းဖြစ်ပါတယ်။ ရတနာအခွန်ဆိုသည်မှာ ကျောက်မျက်ရတနာ အရိုင်းကိုထုတ်လုပ်ပြီး ရောင်းချသည့်အပေါ် ပေးဆောင်ရသည့် ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်၊ လက်ဝတ်ရတနာ၊ ကျောက်မျက်ရတနာတို့ဖြင့် ပြုလုပ်ထားသော ပစ္စည်းရောင်းချသည့်အပေါ်တွင် ပေးဆောင်ရသည့်အခွန်ဟု အဓိပ္ပါယ်သက်ရောက်ပါတယ်။ ဝန်ကြီးဌာန၏ ပြင်ဆင်အဆိုပြုချက်သည် တူးဖော်ထုတ်လုပ်ချိန်တွင် တူးဖော်ထုတ်လုပ်မှုအတွက် ရရှိချိန်တွင်ရာဖြတ်ပြီး ရတနာအခွန်၊ တွင်းဝအခွန် ကောက်ခံရန် ရည်ရွယ်၍ ရတနာအခွန်ဆိုသည်မှာ ကျောက်မျက် ရတနာထုတ်လုပ်ခြင်းအတွက် ဖြစ်စေဟု အဓိပ္ပါယ်ဖွင့်ဆိုထားတာ တွေ့ရှိရပါတယ်။ ရတနာအခွန်ကိုတွင်းဝတွင် ယင်းကျောက်မျက်၏ အမှန်တန်ဖိုးမဟုတ်ဘဲ ရာဖြတ်၍ ကြိုတင် စည်းကြပ်ကောက်ခံသည့် စနစ်ဟောင်းတွေ ခေတ်စနစ်နှင့်လျော်ညီစွာ ပွင့်လင်းမြင်သာမှုအတွက် ပယ်ဖျက်သင့်သည်ဖြစ်၍ အမျိုးသားလွှတ်တော်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို လက်ခံသင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့မှ အခန်း (၉) ကိုဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခန်း (၉) မှာ မူလဥပဒေတွင် ရတနာခွန် ပေးဆောင်ခြင်းဖြစ်ပြီး ပုဒ်မ ၂၇ ၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁ ထိပါဝင်၍ တစ်ခန်းလုံး၌ ကျောက်မျက်ရတနာ အမျိုးအစားအလိုက် ရတနာအခွန်ပေးဆောင်ရန် ရာခိုင်နှုန်းသတ်မှတ်ချက်များဖြစ်ပြီး ဤအခန်းပါအတိုင်း ရတနာခွန် ပေးဆောင်ပြီးသည့်အခါ ယင်းကျောက်မျက်ရတနာ ရောင်းချခြင်းနှင့် စပ်လျဉ်း ၍ အခြားတည်ဆဲ ဥပဒေအရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရန် ပြဌာန်းချက်များဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ ပြင်ဆင်တင်ပြချက် ဥပဒေကြမ်းတွင် ပုဒ်မ ၂၈ ၌ ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ပြီးနောက် တန်ဖိုးဖြတ်အဖွဲ့က ရာဖြတ်၍ သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် ရတနာနယ်မြေ ကြီးကြပ်ခနှင့် တန်ဖိုးဖြတ်ခတို့ကို ပေးဆောင်ရပါမည်။ ပုဒ်မခွဲ (က) တွင် ပတ္တမြား၊ နီလာ ၊ ကျောက်စိမ်း၊ စိန် အဖိုးတန် ကျောက်မျက်များ ဖြစ်ပါက ရတနာအခွန် (၁၀) ရာခိုင်နှုန်း၊ ရတနာနယ်မြေကြီးကြပ်ခ (၇) ရာခိုင်နှုန်း၊ တန်ဖိုးဖြတ်ခ (၃) ရာခိုင်နှုန်းပေးဆောင်ရန် ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသော တန်ဖိုး ကျောက်များမှအပ အခြားကျောက်မျက်ရတနာများဖြစ်ပါက ရတနာအခွန်ကို (၅) ရာခိုင်နှုန်း၊ ရတနာနယ်မြေ ကြီးကြပ်ခ (၃.၅) ရာခိုင်နှုန်း၊ တန်ဖိုးဖြတ်ခ (၁.၅) ရာခိုင်နှုန်း ပေးဆောင်ရန်အဆိုပြုထားပါတယ်။

ကျောက်မျက်ရတနာ အရိုင်းကို ရောင်းချချိန်တွင် ပုဒ်မ ၂၉ အရ ရတနာအခွန် (၇) ရာခိုင်နှုန်းနှင့် ဝန်ဆောင်ခ (၃) ရာခိုင်နှုန်း ထပ်မံပေးဆောင်ရန် ဖြစ်ပါတယ်။ ယင်းအဆိုပြုပြဋ္ဌာန်းချက်များ ဥပဒေအရ မူလဥပဒေ ၁၉၉၅ ခု မြန်မာ့ကျောက်မျက်ရတနာဥပဒေ၏ တူးဖော်ထုတ်လုပ်ချိန် ရတနာအခွန် (၂၀) ရာခိုင်နှုန်း ပေးဆောင်ခြင်းနှင့် ရောင်းချချိန် (၁၀) ရာခိုင်နှုန်းပေးဆောင်ခြင်း ပြဋ္ဌာန်းချက်နှင့် ထပ်တူတာဖြစ်ပြီး တွင်းဝခွန် (၂၀) ရာခိုင်နှုန်း ပြန်လည်ကြီးကြပ်ခြင်းပင်ဖြစ်ပါတယ်။ တစ်ဖန် ပုဒ်မ ၂၉ မှာ ရောင်းချရချိန်တွင် အမှန်တကယ် ရောင်းချရငွေအပေါ် (၇) ရာခိုင်နှုန်း၊ ရတနာအခွန် (၃) ရာခိုင်နှုန်း ဝန်ဆောင်ခ ပေးဆောင်ရန် အဆိုပြုပြဋ္ဌာန်းသည်လည်း မူလဥပဒေ ပုဒ်မ ၂၈ အရ အမှန်တကယ် ရောင်းရငွေအပေါ် (၁၀) ရာခိုင်နှုန်းပေးဆောင်ခြင်းကို အသွင်သဏ္ဍာန်ပြောင်း၍ (၁၀) ရာခိုင်နှုန်း ပြန်လည် ကြီးကြပ်ခြင်းသာလျှင် ဖြစ်ပါတယ်။

ထို့နောက် တူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်ရရှိ သူများသည်လည်းကောင်း၊ ရောင်းချခွင့် လိုင်စင်ရရှိသူများသည်လည်းကောင်း၊ အချောထည်များ၊ လက်ဝတ်ရတနာများ၊ ကျောက်မျက်ရတနာများနှင့် ပြုလုပ်ထားသော ပစ္စည်းများရောင်းချခြင်းအပေါ် အမှန်တကယ် ရောင်းချရ ငွေ၏ (၇) ရာခိုင်နှုန်းကို ရတနာအခွန်ပေးဆောင်ရန် (၃) ရာခိုင်နှုန်းကို ဝန်ဆောင်ခ ပေးဆောင်ရန် ပြဋ္ဌာန်းချက်များသည်လည်း မူလဥပဒေ ပုဒ်မ (၂၉) နှင့် ပုဒ်မ (၃၀) ပါအတိုင်းစည်းကြပ်ခြင်းသာဖြစ်ပါတယ်။ အထူးတင်ပြလိုသည်မှာ တွင်းဝခွန်ကိစ္စဖြစ်ပါတယ်။ တွင်းဝခွန်သည် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းထားသည့် တန်ဖိုးဖြတ် ရာဖြတ်ကို (၂၀) ရာခိုင်နှုန်း အခွန်ကြီးကြပ်သည်ဆိုသော်လည်း ယင်းသို့ ရာဖြတ်ပေးသည့်တန်ဖိုးသည် အမှန်တကယ် ရောင်းချသည့်တန်ဖိုးနှင့် ကွာခြားမြဲဖြစ်ပါသည်။ ကျောက်မျက် ရတနာတို့မည်သည် စံနှုန်းနှင့်တန်ဖိုးဖြတ်၍ မရနိုင်သည့် သဘာဝရှိသည်။ ဝယ်ယူသူ၏စိတ်ခံစားချက် ၊ လိုအပ်ချက် တပ်မက်မှုတို့နဲ့အတူ အရောင်းအဝယ်ပြုလုပ်ချိန်တွင် ရှိသော ကမ္ဘာ့စီးပွားရေး အခြေအနေပေါ် မူတည်နေခြင်းဖြစ်ပါတယ်။ ကျောက်မျက်ရတနာ ရောင်းချခြင်းမှ ရောင်းချရတဲ့ ဈေးနှုန်းအပေါ်မှာ ရောင်းချရငွေ အမျိုးအစားဖြင့် (၁၅) ရာခိုင်နှုန်း ပေးဆောင်မည့် စနစ်သို့ ပြောင်းလဲပြင်ဆင်သင့်ပါတယ်။ ဒါမှ ပွင့်လင်းမြင်သာမှုရှိပြီး EIDI မူသဘောနဲ့လည်း ကိုက်ညီမှာဖြစ်ပါတယ်။ လက်ရှိစနစ်အရ ရရှိထားတဲ့ ရတနာအခွန်ကို တွက်ချက်ကြည့်မယ်ဆိုလို့ရှိရင် ကျောက်တစ်လုံးကို နိုင်ငံခြားငွေ (၄၀၀၀၀) ရာဖြတ်ပြီး ဖြစ်လို့ တွင်းဝခွန် (၂၀) ရာခိုင်နှုန်းပေးဆောင်ရတဲ့အခါမှာ နိုင်ငံခြားငွေ (၈၀၀၀) ရရှိမှာဖြစ်ပါတယ်။ အမှန်တကယ် ရောင်းချရတဲ့အခါမှာ နိုင်ငံခြားငွေ (၄၀၀၀၀၀) နဲ့ ရောင်းချရတဲ့အခါမှာ ပေးဆောင်လိုက်ရတဲ့ ရတနာအခွန်ဟာ (၁၀) ရာခိုင်နှုန်း ဖြစ်တဲ့အတွက်ကြောင့်မို့ (၄၀၀၀၀) ဖြစ်ပါတယ်။ ပေါင်းလိုက်လို့ရှိရင် (၄၈၀၀၀)ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်မှ ပြင်ဆင်အဆိုပြုသည့် ရတနာအခွန်တွက်ချက်မှု ဆိုလို့ရှိရင် အမှန်တကယ်ရောင်းချချိန် ရတနာ ခွန်ကို နိုင်ငံခြားငွေ (၄၀၀၀၀၀) ရောင်းချချိန်မှာ (၁၅) ရာခိုင်နှုန်း ရတနာခွန်ပေးဆောင်ရမှာ ဖြစ်တဲ့အတွက်ကြောင့်မို့ နိုင်ငံခြားငွေ(၆၀၀၀၀) ရရှိမှာဖြစ်ပါတယ်။ အဲဒီမှာ နိုင်ငံခြားငွေ (၁၂၀၀၀) ပိုမိုရရှိတာ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာတို့ရဲ့ တန်ဖိုးကြီးမြင့်သလောက် အခွန်ရရှိမှုမှာကွာခြားချက် ရှိပါတယ်။ နိုင်ငံတော်၏ ယနေ့စီးပွားရေးစနစ်နဲ့ ကျောက်မျက်ရတနာ စီးပွားရေး ကဏ္ဍမှာ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းမှအပ အချောကိုင်ပြုလုပ်ခြင်း လက်ဝတ်ရတနာ ပြုလုပ်ခြင်းတို့အပါအဝင် (ဘောလုံးအတွက်) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုလိုက်ပြီဖြစ်သလို မြန်မာ့ကျောက်မျက်ရတနာကဏ္ဍဟာ ဖွံ့ဖြိုးတိုးတက်ရုံသာမက ဈေးကွက်မှာတွင်ကျယ်လာမှာ ဖြစ်တဲ့အတွက် လုပ်ငန်းလုပ်ကိုင်မှုကို အကျိုးရှိစေမယ့် အထောက်အကူပြု စေမယ့်လုပ်နည်းလုပ်ဟန်များ ထားရှိဖို့ လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ တရားဝင် ခွင့်ပြုမိန့်ရရှိ၍ ကျောက်မျက်ရတနာလုပ်ငန်း လုပ်ကိုင်သူများနှင့် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်မှုအပေါ် အခွန်ခေါင်းစဥ်တပ်ပြီး ကြီးကြပ်မှုအားဖြင့် ငွေကြေးကောက်ခံရယူရန် လုံးဝမဖြစ်သင့်ကြောင်း တင်ပြလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ အမျိုးသားလွှတ်တော်မှ အတည်ပြုထားသော ရတနာခွန်ကောက်ခံသည့်စနစ်သည် ရောင်းချမှုအပေါ်ရတနာခွန် တိတိကျကျရရှိခြင်း တွက်ချက်မှုအရ အခွန်ငွေပမာဏမှာလည်း အမြဲသာလွန်နေခြင်း တူးဖော်ထုတ်လုပ်ထွက်ရှိချိန်၌လည်း မှတ်ပုံတင်ပြီး ယင်းမှတ်ပုံတင်ဖြင့် ရောင်းချရမှုကို မျက်ခြေမပြတ်ထိန်းကွပ်နိုင်ခြင်း ၊ အခွန်ရရှိမှုအပေါ် ပွင့်လင်းမြင်သာမှုတို့ကြောင့် EIDI ကို

အထောက်အပံ့ဖြစ်စေပြီး ဈေးကွက်စီးပွားရေး စနစ်နဲ့အညီကိုက်ညီ၍ ကောင်းမွန်လျော်ကန်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၁။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးနေဝင်းထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို လေးစားသောအားဖြင့် ကျွန်တော်ရဲ့ ရှင်းလင်းတင်ပြချက်ကို ထောက်ခံချက်များကို စာမျက်နှာ ၄ မှစတင်ပြီးတော့ ရတနာခွန် ပေးဆောင်ရခြင်းစနစ်ဆိုတဲ့ အနေအထားကနေ စတင်ပြီးတော့ ဆွေးနွေးခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရတနာခွန် ပေးဆောင်သည့်စနစ်ကို ပြင်ဆင်ခြင်း ရတနာခွန် နှင့်ပတ်သက်၍ မူလဥပဒေအရ ကျင့်သုံးသော စနစ်မှာ မူလဥပဒေပုဒ်မ ၂၆ (က)အရ ကျောက်မျက်ရတနာကို တူးဖော်လုပ်ကိုင်ချိန်တွင် တန်ဖိုးဖြတ်အဖွဲ့သို့ မှတ်ပုံတင်ရန် တင်ပြခြင်း တန်ဖိုးဖြတ်အဖွဲ့က မှတ်ပုံတင်ခြင်း ကျောက်မျက်ရတနာ အရိုင်းကို တန်ဖိုးဖြတ်ပေးခြင်း၊ အဆိုပါ တန်ဖိုးသတ်မှတ်ချက်များအပေါ် ပုဒ်မ ၂၇ (က) ၁ အရ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန် ဖြစ်ပါက (၂၀)ရာခိုင်နှုန်း အခြားကျောက်မျက်ရတနာများ ဖြစ်ပါက (၁၀)ရာခိုင်နှုန်း ကျောက်မျက် ရတနာခွန်များ ပေးဆောင်ရပါတယ်။ ထိုနောက် ရောင်းချချိန်တွင် မြန်မာငွေဖြင့် ရောင်းချလျှင် ပုဒ်မ ၂၇ (ခ)အရ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခြင်း ထို့နောက် ပုဒ်မ ၂၈ အရ ကျောက်မျက်ရတနာအရိုင်းကို နိုင်ငံခြားငွေဖြင့် ရောင်းချသည့်အပေါ် ရတနာခွန် (၁၀) ရာခိုင်နှုန်းကို စည်းကြပ်ခြင်း၊ ပုဒ်မ ၂၉ အရ ကျောက်မျက်ရတနာ အရိုင်းကို ဖြတ်တောက်ခြင်း ၊ သွေးခြင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာ အချောထည် သို့မဟုတ် လက်ဝတ်ရတနာကို နိုင်ငံခြားငွေဖြင့် ရောင်းချပါက ရတနာခွန် (၁၀)ရာခိုင်နှုန်း စည်းကြပ်ခြင်း၊ လိုင်စင်ရရှိသူမှ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ် ရတနာကိုဖြစ်စေ နိုင်ငံခြားငွေဖြင့် ရောင်းချရပါက ပုဒ်မ ၃၀ အရ ရတနာခွန် (၁၀)ရာခိုင်နှုန်း စည်းကြပ်ခြင်းတို့ ဖြစ်ပါတယ်။

ထို့နောက် ရောင်းချချိန်တွင် မြန်မာငွေဖြင့် ရောင်းချလျှင် ရတနာခွန် ထပ်မံပေးဆောင်ရန် မလိုဘဲ နိုင်ငံခြားငွေဖြင့် ရောင်းချပါက နိုင်ငံခြားငွေ (၁၀)ရာခိုင်နှုန်း အခွန်ပေးဆောင်စေခြင်းဖြစ်၍ ပြဋ္ဌာန်းချက်မှာ အောက်ပါတိုင်း ဖြစ်ပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရတနာခွန် ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ အခန်း (၉) ရတနာခွန် ပေးဆောင်ခြင်း တစ်ခန်းလုံးကို အစားထိုးထားပါသည်။ ပုဒ်မ ၂၇ ခွင့်ပြုမိန့် ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် (က) ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက သတ်မှတ်

ထားသော ဌာန သို့မဟုတ် နေရာတွင် မှတ်ပုံတင်ပြီးနောက် ပုဒ်မ ၁၇ ပါ အခွင့်အရေးများအရ ရောင်းချသည့်အခါတွင် အမှန်တကယ် ရောင်းချသည့်တန်ဖိုးငွေအပေါ် (၁၅)ရာခိုင်နှုန်းကို ရောင်းချငွေ အမျိုးအစားဖြင့် ရတနာခွန်ပေးဆောင်ရမည်။ (ခ) ပုဒ်မခွဲ (က)အရ (၁၅)ရာခိုင်နှုန်း ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူ၍ နိုင်ငံခြားသို့တစ်ဆင့် ပြန်လည်ရောင်းချသူသည် အမှန်တကယ်ရောင်းချသော တန်ဖိုးငွေအပေါ် (၅)ရာခိုင်နှုန်းကို ရောင်းချငွေ အမျိုးအစားဖြင့် ရတနာခွန် ပေးဆောင်ရမည်။ ပုဒ်မ ၂၈ ကျောက်မျက်ရတနာ အချောထည် ပြုလုပ်ရောင်းချသူများသည် အမှန်တကယ် ရောင်းချသည့် တန်ဖိုးငွေအပေါ် (၃)ရာခိုင်နှုန်းကို ရောင်းချငွေ အမျိုးအစားဖြင့် ရတနာခွန် ပေးဆောင်ရမည်။ ပုဒ်မ ၂၉ လက်ဝတ်ရတနာ ရောင်းချပါက အမှန်တကယ် ရောင်းချသည့် တန်ဖိုးငွေအပေါ် (၂)ရာခိုင်နှုန်းကို ရောင်းချငွေ အမျိုးအစားဖြင့် ရတနာခွန် ပေးဆောင်ရမည်။ ယင်းသို့ ပြင်ဆင်သတ်မှတ် အဆိုပြုရခြင်းသည် ယနေ့ကျင့်သုံးနေသော တွင်းဝ၌ တန်ဖိုးဖြတ်အဖွဲ့က တန်ဖိုးဖြတ်ပြီး (၂၀) ရာခိုင်နှုန်းတွင်းဝ ရတနာခွန် ပေးဆောင်သည့်စနစ်၏ (၁) လက်ရှိ တွင်းဝခွန်ဟုခေါ်သော တူးဖော်ထုတ်လုပ်ရရှိချိန်တွင် တန်ဖိုးဖြတ်အဖွဲ့မှ ခန့်မှန်းတန်ဖိုးဖြတ်၍ ရတနာခွန် စည်းကြပ်ခြင်းသည် အမှန်တကယ် ရောင်းချသော တန်ဖိုးမဟုတ်၍ ယင်းတန်ဖိုးအပေါ် တွက်ချက်ကောက်ခံသော ရတနာခွန်သည်လည်း နိုင်ငံတော်က ရရှိသည့် တိကျမှန်ကန်သော ရတနာခွန် ငွေကြေးပမာဏ မဟုတ်ခြင်း (၂) ယင်းသို့ တွင်းဝခွန်အဖြစ် ကြိုတင်စည်းကြပ်ထားခြင်းသည် ယင်းကျောက်မျက်ရတနာ အရိုင်းကို ရောင်းချချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် စည်းကြပ်နိုင်ခွင့် မရှိပါက တစ်နည်းအားဖြင့် ကျောက်မျက်ရတနာပြပွဲသို့ မတင်ခဲ့သော် ရတနာခွန်စည်းကြပ်မှု ကင်းလွတ်သွားမည်ဖြစ်၍ ပိုမိုကောင်းမွန်သည့်စနစ်ဖြင့် အစားထိုး၍ ရတနာခွန်ပြည့်ပြည့်ဝဝ ရရှိအောင် စီမံခန့်ခွဲသင့်ခြင်း (၃) မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်နိုင်ငံဖြစ်၍ သယံဇာတထုတ်လုပ်မှုဝင်ငွေများ အခွန်များ ရရှိသည့် အခွန်ဘဏ္ဍာကို ခွဲဝေသုံးစွဲမှုများ ပွင့်လင်းမြင်သာမှု ရှိစေရမည်ဖြစ်ရာ ပွင့်လင်းမြင်သာစေခြင်းသည် အမှန်ကိန်းဂဏန်းများကို ပွင့်လင်းမြင်သာစေခြင်းသာ ဖြစ်သင့်ခြင်း (၄) တွက်ချက်မှုအရ ယခင်စနစ် တွင်းဝခွန် (၂၀)ရာခိုင်နှုန်းနှင့် ရောင်းရချိန် (၁၀)ရာခိုင်နှုန်း စုစုပေါင်း (၃၀)ရာခိုင်နှုန်း၏ အခွန်ရရှိမှုထက် ယခု ပြင်ဆင် အဆိုပြုသည့် ရောင်းချရချိန်တွင် (၁၅)ရာခိုင်နှုန်း ပေးဆောင်ခြင်းသည် အခွန်ငွေ ရရှိမှုပမာဏ ပိုမိုများပြားခြင်းတို့ကြောင့် ပြင်ဆင်ခဲ့ခြင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တွက်ချက်မှုဥပမာ ပေးရလျှင် ဥပမာ ကျောက်မျက်ရတနာ တန်ဖိုးဖြတ် အဖွဲ့က တွင်းဝခွန် မြန်မာကျပ်ငွေ သိန်း(၂၀၀)၊ ယူရိုငွေ (၁၈၀၀၀)ခန့်မှန်း တန်ဖိုးဖြတ်သည့် ကျောက်သည် ပြပွဲတွင် ယူရို (၁)သန်း ကျပ်သိန်းပေါင်း (၁)သောင်းကျော်လည်း ဖြစ်နိုင်ပြီး သန်း (၁၀) ဂဏန်းထိလည်း လက်တွေ့ရောင်းချနိုင်ခဲ့တာကိုလည်း ရှိပါတယ်။ လက်ရှိစနစ်အရ ရရှိမည့် ရတနာအခွန် တွက်ချက်မှု တွင်းဝခွန် မြန်မာကျပ်ငွေ သိန်း (၂၀၀)ယူရိုငွေအားဖြင့် (၁၈၀၀၀)၏ (၂၀)ရာခိုင်နှုန်းသည် အခွန်ရငွေ ကျပ်ငွေ သိန်း (၄၀) ဖြစ်ပါသည်။ အမှန်ရောင်းချိန် ရတနာခွန် ယူရို (၁)သန်း၏ (၁၀)ရာခိုင်နှုန်းသည် ယူရိုငွေ (၁)သိန်း ဖြစ်ပါသည်။ ယူရိုငွေ (၁)သိန်းသည် မြန်မာကျပ်ငွေအားဖြင့် သိန်း(၁၂၆၀) ရရှိမည်ဖြစ်ပါသည်။ တွင်းဝခွန် (၂၀)ရာခိုင်နှုန်း ရရှိသော အခွန်သည် သိန်း(၄၀) ရရှိမည်ဖြစ်၍ စုစုပေါင်း သိန်း(၁၃၀၀)သာလျှင် ရရှိမည် ဖြစ်ပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းမှ ပြင်ဆင် အဆိုပြုသည့် ရတနာခွန် တွက်ချက်မှုမှာ

အမှန်ရောင်းရငွေ ရတနာခွန် ယူရှိ (၁)သန်းပေါ်တွင် ကျပ်သိန်းပေါင်း (၁၂၆၀) ၏ (၁၅) ရာခိုင်နှုန်းသည် ယူရှိငွေတစ်သိန်းခွဲ ကျပ်ငွေအားဖြင့်သိန်းပေါင်း (၁၉၉၀) ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် မူလဥပဒေအရ ရရှိသည့်အခွန်နှင့် ပြင်ဆင်သည့်ဥပဒေအရ ရရှိမည့်အခွန်ခြားနားချက်သည် (သိန်းပေါင်း ၁၉၉၀ - သိန်းပေါင်း ၁၃၀၀ = သိန်းပေါင်း ၆၉၀) ပိုမိုရရှိခြင်းဖြစ်ပါသည်။ ယင်းသိန်း (၆၉၀)သည် ပြင်ဆင်သည့် ဥပဒေတွင် ရတနာခွန် (၅)ရာခိုင်နှုန်း ပိုမိုကောက်ခံသည့်အတွက် ရရှိခြင်းဖြစ်ပါသည်။ မူလဥပဒေတွင် တွင်းဝခွန်သည် ရာခိုင်နှုန်းအားဖြင့် (၂၀)ဟု ရာခိုင်နှုန်း ပိုများ၍ အခွန်ပိုရမည်ဟု ထင်ရသော်လည်း လက်တွေ့တွင် (၂၀) ရာခိုင်နှုန်းသည် ကျပ်သိန်း(၄၀)သာဖြစ်ပြီး ရောင်းချရချိန်တွင် ရတနာခွန် (၅)ရာခိုင်နှုန်း ပိုမိုကောက်ခံရန် ပြင်ဆင်ပေးသည့်အတွက်ရရှိသည့် ရတနာခွန်မှာ သိန်း(၆၉၀) ဖြစ်၍ သိန်း(၆၉၀- ကျပ်သန်း (၄၀)ကို နုတ်ပါက သိန်း (၆၅၀) ပိုမို ရရှိသည်ကို တွေ့မြင်ရပါသည်။ ကျောက်မျက်ရတနာ၏ တန်ဖိုးကြီးမြင့်လျှင် ကြီးမြင့်သလောက် အခွန်ရရှိမှု ကွာဟချက် ကြီးမားပါသည်။

သို့ဖြစ်၍ ရတနာခွန်ကို မူလဥပဒေအရ ရောင်းချချိန် (၁၀)ရာခိုင်နှုန်း ကောက်ခံသည့် အပေါ် ပြင်ဆင်သည့် ဥပဒေအရ ရတနာခွန် (၅) ရာခိုင်နှုန်း ထပ်ဆောင်းပြီး ရတနာခွန် (၁၅)ရာခိုင်နှုန်း တစ်ပေါင်းတည်း ကောက်ခံခြင်းသည် နိုင်ငံတော်မှ ပိုမိုရရှိသည့်အပြင် လုပ်ငန်းရှင်ဘက်မှလည်း အမှန်တကယ် ရောင်းချမှုအပေါ်မှာ ပေးဆောင်ရခြင်းဖြစ်၍ အဆင်ပြေစွာ ပေးဆောင်နိုင်မည် ဖြစ်ပါသည်။ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာ လုပ်ကိုင်သူများအပေါ်တွင် မူလဥပဒေအရ (၁၀)ရာခိုင်နှုန်း အခွန် သတ်မှတ်ခြင်းသည် မိမိတို့နိုင်ငံတွင် လက်ဝတ်ရတနာနှင့် အချောထည် ဈေးကွက်ဖြစ်ထွန်းရေးကို များစွာထိခိုက်ပြီး အဟန့်အတား ဖြစ်စေခဲ့ပါသည်။ အဘယ်ကြောင့် ဆိုသော် နိုင်ငံခြားသားသည် မြန်မာ့ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူပြီးနောက် မြန်မာနိုင်ငံအတွင်း အချောထည်လုပ်ငန်း လက်ဝတ်ရတနာလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက ရောင်းရငွေအပေါ်မှာ (၁၀)ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်၍ မြန်မာနိုင်ငံအတွင်း၌ ရင်းနှီးမြှုပ်နှံရေး လုပ်ငန်းလုပ်ကိုင်ခြင်း ရွေးချယ်မှု မပြုပါ။ ၎င်းတို့၏ နိုင်ငံသို့ သယ်ဆောင်သွားပြီး လက်ဝတ်ရတနာနှင့် အချောထည်များကို ပြုလုပ်ခြင်းကြောင့် ၎င်းတို့၏ နိုင်ငံများတွင်သာ များစွာအကျိုးကျေးဇူး ဖြစ်ထွန်းစေပါသည်။ မြန်မာနိုင်ငံသားများသည် ပြည်တွင်း၌ အချောထည် လက်ဝတ်ရတနာလုပ်ငန်းကို လုပ်ကိုင်ကြရာတွင် ရောင်းချရငွေအပေါ်တွင် (၁၀)ရာခိုင်နှုန်း ပေးဆောင်ရခြင်းကြောင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှု အားနည်းသွားပါသည်။ ထိုသို့သော အခြေအနေကြောင့် အချောထည်လုပ်ငန်းကို ရတနာခွန (၃)ရာခိုင်နှုန်း၊ လက်ဝတ်ရတနာလုပ်ငန်းကို (၂)ရာခိုင်နှုန်းသို့ လျှော့ချပေးခြင်းအားဖြင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ အချောထည်နှင့် လက်ဝတ်ရတနာ လုပ်ငန်းများ အကျိုးရှိစွာ တိုးတက် ဖွံ့ဖြိုးလာနိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း ဆွဲဆောင်နိုင်မည် ဖြစ်ပါသည်။ နိုင်ငံသားများလည်း အခွန်ရာခိုင်နှုန်း ပြင်ဆင်လျှော့ချပေးတဲ့အတွက် ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ် ရတနာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုနဲ့အတူ ဈေးကွက်ရရှိလာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မူလဥပဒေပါ တန်ဖိုးဖြတ်အဖွဲ့မှ တန်ဖိုးဖြတ်သည့်အပေါ် တွင်းဝ ရတနာခွန် ကောက်ခံသည့်စနစ်ကို ပယ်ဖျက်၍ ရောင်းရချိန်တွင် အမှန်တကယ် ရောင်းချရငွေအပေါ် ရတနာခွန် ကောက်ခံသည့်စနစ်ဖြင့် ပြင်ဆင်အစားထိုးခြင်းကို နိုင်ငံတော်နှင့်လုပ်ငန်းရှင်တို့ နှစ်ဦးနှစ်ဖက် အကျိုးရှိသည့်အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၉)ကို

ထောက်ခံအပ်ပါသည်။ (၂)ကျောက်မျက်ရတနာ ရောင်းချခြင်းအတွက် ရတနာခွန်များ ပြင်ဆင်ခြင်း မူလဥပဒေအရ ကျောက်မျက်ရတနာအရိုင်းကို တူးဖော်ထုတ်လုပ်ချိန်၌ တန်ဖိုးဖြတ်အဖွဲ့ အနေဖြင့် တန်ဖိုးဖြတ်၍ ယင်းသတ်မှတ်ချက်တန်ဖိုးအပေါ် (၂၀)ရာခိုင်နှုန်း တွင်း၀ခွန် ပေးဆောင်ခြင်းနှင့် နိုင်ငံခြားငွေဖြင့် ရောင်းချရချိန်တွင် ရောင်းရငွေအပေါ် နိုင်ငံခြားငွေ (၁၀)ရာခိုင်နှုန်း အချောထည်ကို ရောင်းချရာ၌ (၁၀)ရာခိုင်နှုန်း၊ လက်ဝတ်ရတနာရောင်းချရာ၌ (၁၀)ရာခိုင်နှုန်း ရတနာအခွန် စည်းကြပ် ပြဋ္ဌာန်းချက်များကို ပိုမိုမှန်ကန်တိကျသော ရတနာခွန်စည်းကြပ်နိုင်ရန်အတွက် အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း ပုဒ်မ ၂၇ (က)အရ ကျောက်မျက်ရတနာအရိုင်းကို ထုတ်လုပ်မှု ရောင်းချမှု အပေါ် အမှန်တကယ် ရောင်းချရငွေ၏ (၁၅)ရာခိုင်နှုန်း ပုဒ်မ ၂၇ (ခ)အရ ပုဒ်မခွဲ(ဃ)အရ (၁၅)ရာခိုင်နှုန်း ရတနာခွန် ဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူ၍ နိုင်ငံခြားသို့ တစ်ဆင့် ပြန်လည်ရောင်းချခြင်းအတွက် ရောင်းချရငွေ၏ (၅)ရာခိုင်နှုန်း ပုဒ်မ ၂၈ အရ ကျောက်မျက်ရတနာ အချောထည် ပြုလုပ်ရောင်းချပါက ရောင်းချငွေ၏ (၃)ရာခိုင်နှုန်း၊ ပုဒ်မ ၂၉ အရ လက်ဝတ်ရတနာ ပြုလုပ်ရောင်းချပါက ရောင်းချငွေ၏ (၂)ရာခိုင်နှုန်း ဟူ၍ ပြင်ဆင်ထားပါသည်။

ထိုသို့ ရတနာခွန် ရာခိုင်နှုန်းများ ပြင်ဆင်သည့်အတွက် ကျောက်မျက်ရတနာသယံဇာတ တူးဖော်ထုတ်လုပ်မှုမှ အောက်ပါကောင်းကျိုးရလဒ်များ ရရှိစေမည် ဖြစ်ပါသည်။ (က)အမှန်တကယ် ရောင်းချငွေ ကျောက်မျက်ရတနာအတွက် အမှန်ရရှိငွေအပေါ် အခွန်စည်းကြပ်ခွင့် ရရှိစေပါသည်။ (ခ)ယင်းသည် မူလဥပဒေအရ စည်းကြပ်ခြင်းထက် အခွန်ဘဏ္ဍာ ပိုမိုရရှိစေပါသည်။ (ဂ) တွင်း၀တွင် ရတနာခွန် မဆောင်သော်လည်း ပိုမိုပြည့်စုံ၍ စနစ်ကျသော လုပ်နည်းလုပ်ဟန်ဖြင့် မှတ်ပုံတင်သည့် စနစ်အရ ကျောက်မျက်ရတနာတစ်လုံးချင်း ကွပ်ကဲထိန်းချုပ်စေနိုင်ပါသည်။ ယင်းသို့ မှတ်ပုံတင်ရန် ပြဋ္ဌာန်းချက်များကို ပြင်ဆင်သည့်ဥပဒေအခန်း(၈)၌ ပြည့်စုံစွာ ရေးဆွဲတင်ပြထားပါသည်။ သို့ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ရတနာခွန်နှုန်းထား များကို ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၂၇ ပုဒ်မ (က)(ခ) ပုဒ်မ ၂၈ ပုဒ်မ ၂၉ တို့ကို ထောက်ခံအပ်ပါသည်။ (၃) လက်လုပ်လက်စား လုပ်ကိုင်သူများအား ခွင့်ပြုမိန့် ချထားပေးရန် ဖြည့်စွက်ခြင်း မူလဥပဒေတွင် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းကို လက်လုပ်လက်စား ပေးမထားပါ။ ကျောက်မျက်ရတနာကို ကုမ္ပဏီများ သမဝါယမ အသင်းများ ဖော်ထုတ်လုပ်ကွက် လုပ်ကိုင်သူများ လုပ်ကိုင်ခွင့် ရရှိသူများ ကိုသာ လုပ်ကိုင်ခွင့် ချထားပေးပါသည်။ ပုဂ္ဂိုလ်တစ်ဦးချင်း တစ်ပိုင်တစ်နိုင် လက်လုပ်လက်စား လျှောက်ထားခွင့် မရှိသကဲ့သို့ လုပ်ကိုင်ခွင့်ပြုမိန့် ချထားပေးခြင်းလည်း မရှိပါ။ လက်လုပ်လက်စားကို သတ္တုတူးဖော် ထုတ်လုပ်သည့် လုပ်ငန်းတွင်မူ ခွင့်ပြုထားပါသည်။ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်မှု လုပ်ငန်းသည် အရင်းအနှီးများစွာလိုအပ်သော လုပ်ငန်းဖြစ်သည်မှန်သော်လည်း ရှေးဦးကပင် ဒေသခံများ ဒေသနည်းဖြင့် ထုတ်လုပ်ခဲ့ကြသည်မှာ သတ္တုတွင်းဝန်ကြီးဌာန ရတနာမြေများကို စီမံခန့်ခွဲသည့်ကာလ မတိုင်မီထိ ဖြစ်ပါသည်။ ဒေသခံများ၏ မိရိုးဖလာ စီးပွားရေး လုပ်ငန်းများလည်း ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများမှ ခွင့်ပြုမိန့်များရယူပြီး ဝင်ရောက်လုပ်ကိုင်လာသည့် အချိန်တွင် ဒေသခံများ၏ မိရိုးဖလာလုပ်ငန်းတို့သည် မှေးမှိန်၍ တဖြည်းဖြည်း ပျောက်ကွယ်ရခြင်း ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများကဲ့သို့ အရင်းအနှီးအားဖြင့်၊ နည်းပညာအားဖြင့် ယှဉ်ပြိုင် နိုင်ခြင်းမရှိကြသည်တိုင်အောင် မိမိတို့၏ ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို လက်မလွှတ် ချင်ကြသည့် သဘာဝ ရှိပါသည်။ ယခုကဲ့သို့ ဒီမိုကရေစီ နိုင်ငံတော်သို့ ချီတက်နေသည့် အချိန်အခါ

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်ကိုင်နေသည့်အချိန်အခါ ပြည်သူကို ဗဟိုပြုသည့်စနစ်ဖြင့် ပြည်သူတို့၏မူလဘဝ တိုးတက်ဖွံ့ဖြိုးစေရေး စီမံခန့်ခွဲဆောင်ရွက်နေသည့်အချိန်အခါတွင် ပြည်သူများ စီးပွားရေးလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်းသည် မဖြစ်မနေ ဆောင်ရွက်သင့်သည့် ပြုပြင်ပြောင်းလဲမှု ဖြစ်ပါသည်။ ကျောက်မျက်ရတနာကဏ္ဍတွင် လက်လုပ်လက်စားလုပ်ကိုင်ရန် မလွယ်ကူသော်လည်း ပြည်သူများကို ကျောက်မျက်ရတနာလုပ်ငန်း စတင်လုပ်ကိုင်နိုင်ရန် ရရှိစေမည့် အခွင့်အလမ်းဖြစ်ပါသည်။ ထိုမှတစ်ဆင့် တိုးတက်ပြီး လုပ်ငန်းကြီးများကို လုပ်ကိုင်လာနိုင်မည် ဖြစ်ပါသည်။

အထက်ပါ မျှော်မှန်းချက်များကြောင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ယခုလို ပြင်ဆင်ချိန်တွင် လက်လုပ်လက်စား လုပ်ကိုင်ခြင်းကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၂ (ဇ)၌ အဓိပ္ပာယ် ဖွင့်ဆိုချက် ဖြည့်စွက်ပြီး လက်လုပ်လက်စား လုပ်ကိုင်ခြင်းကဏ္ဍကို ထည့်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ ဒေသနေ ပြည်သူများသာမက ကျောက်မျက်ရတနာလုပ်ငန်းများကို စိတ်ဝင်စားပြီး တတ်ကျွမ်းမှုအရ တတ်နိုင်သည့် အရင်းအနှီးဖြင့် လုပ်ကိုင်ခွင့် ရလိုသူများအား ဥပဒေနဲ့အညီ လုပ်ကိုင်ခွင့် ရရှိစေရန် လက်လုပ်လက်စားကဏ္ဍကို ခွင့်ပြုပေးသင့်ခြင်းဖြစ်ပါသည်။ လက်လုပ်လက်စားများသည် အရင်းအနှီး နည်းပါးသူများဖြစ်၍ ခွင့်ပြုမိန့်ရရန် ယနေ့ လိုက်ပါဆောင်ရွက်ရသည့် သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲဖြစ်မည်ဖြစ်၍ ပုဒ်မ ၁၅ -င (ဃ)အရ လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရန် အဆိုပြု ပြဋ္ဌာန်းပြီး လက်လုပ်လက်စား ခွင့်ပြုမိန့် လျှောက်ထားခြင်းကို ပုဒ်မ ၁၅ - င (ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီးသို့ ပြည်နယ် လုပ်ကွက် စိစစ်ချထားရေးအဖွဲ့က စိစစ်ပြီး ခွင့်ပြုမိန့် ထုတ်ပေးရန် အဆိုပြုပြဋ္ဌာန်းထားပါသည်။ လက်လုပ်လက်စား ထုတ်လုပ်မှု အတွက် ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် ခွင့်ပြုမိန့်ချထားပေးခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အဆင့်မှာပင် ပြီးပြတ်စေရန် ပြင်ဆင်ရေးဆွဲထားခြင်း ဖြစ်ပါ သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားရေး အဖွဲ့ကိုလည်း ပုဒ်မ ၁၅ (ဃ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သတ္တုဆိုင်ရာဝန်ကြီးမှ ဥက္ကဋ္ဌ နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန၊ ရေအရင်းအမြစ် နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းပြီး သတ္တုတွင်း ဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်၍ ဒေသတွင်း လက်လုပ်လက်စားလုပ်ငန်းကို စိစစ်ခွင့်ပြုရန် အဆိုပြု ရေးဆွဲထားပါသည်။

အဆိုပါ ပြင်ဆင်ပြဋ္ဌာန်းချက်သည် ဆင်းရဲသော လုပ်ငန်းရှင်ပြည်သူများ၏ လုပ်ငန်း လုပ်ကိုင်မှုကို အားပေးထောက်ကူရာရောက်အောင် ဒေသတွင်း၌ပင် လွယ်ကူစွာဆက်သွယ် ဆောင်ရွက်နိုင်ရန် စီမံထားခြင်းဖြစ်ပါ၍ ထောက်ခံအပ်ပါသည်။ (၄) တွင်းဝရတနာခွန် စနစ်ကို ပယ်ဖျက်၍ ကျောက်မျက်ရတနာ အရိုင်းများ မှတ်ပုံတင်ခြင်းစနစ်ကို အစားထိုးခြင်း အမျိုးသား လွှတ်တော် သတ္တုနှင့်သယံဇာတ ရေးရာကော်မတီမှ တင်သွင်းသည့် ဥပဒေကြမ်း အခန်း(၆)၏ ပုဒ်မ ၁၆ (ဂ)တွင် ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို ဤဥပဒေ ပြင်ဆင်ချက်အခန်း (၈)တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ရန်ဟူ၍ ပြင်ဆင် အဆိုပြုထားပါသည်။

ကျောက်မျက်ရတနာအရိုင်းများ မှတ်ပုံတင် ခြင်းလုပ်ငန်းစဥ်များကို အခန်း(၈) တစ်ခန်းလုံး၌ အစားထိုးဖော်ပြထားပါသည်။ မှတ်ပုံတင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ ပုဒ်မ ၂၄ ခွင့်ပြုမိန့် ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မြန်မာ့ကျောက်မျက် ရတနာ လုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာသို့ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ သွားရောက်ပြသ၍ ဥပဒေနဲ့အညီ မှတ်ပုံတင်ကြေးပေးသွင်း၍ မှတ်ပုံတင်ရမည်။

ပုဒ်မ ၂၅ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းမှာ ပမာဏ များပြားခြင်း သို့မဟုတ် လေးလံကြီးမားပြီး အလွယ်တကူ တင်ပြခြင်းမပြုနိုင်ပါက ထိုကျောက်မျက် ရတနာအရိုင်းတုံး တည်ရှိရာနေရာသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး မှတ်ပုံတင်နိုင်ရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာသို့ နှောင့်နှေးကြန့်ကြာခြင်း မရှိဘဲ အကြောင်းကြားရမည်။ ပုဒ်မ ၂၆ မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာမှ တာဝန်ရှိသူသည် (က) ခွင့်ပြုမိန့်ရရှိသူ ပုဒ်မ ၂၄ အရ တင်ပြလာသည့် အခါဖြစ်စေ ပုဒ်မ ၂၅ အရ အကြောင်းကြားလာသည့် အခါဖြစ်စေ ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို ကြည့်ရှု စစ်ဆေး၍ ကျောက်မျက် ရတနာ အရိုင်းတုံး၏အမျိုးအစား၊ အဆင့်အတန်း၊ အရေအတွက်၊ အလေးအချိန်နှင့် အရွယ်အစား တို့ကို မှတ်တမ်းပြုစုခြင်း ၊ ဓာတ်ပုံရိုက်ခြင်းတို့ပြုပြီး မျှတ်ပုံတင်စာအုပ်နှင့် မှတ်ပုံတင် ရမည်။ ပုဒ်မ (ခ) ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်ထားသော ကျောက်မျက်ရတနာ အရိုင်းတုံးနှင့်စပ်လျဥ်း၍ မှတ်တမ်း မိတ္တူ ကျောက်မျက်ရတနာ အရိုင်းတုံး၏ ဓာတ်ပုံ၊ မှတ်ပုံတင်လက်မှတ်တို့နှင့်အတူ မှတ်ပုံတင်ထားသော ကျောက်မျက်ရတနာ အရိုင်းကို ခွင့်ပြုထားသူအား ထုတ်ပေးရမည်။ (ဂ) ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာ အရိုင်းတုန်းမှ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာပြုလုပ်ခြင်း လုပ်ငန်း အဆင့်ဆင့်ကို သတ်မှတ်ထားသော စည်းမျဥ်း စည်းကမ်းများနှင့်အညီ မှတ်တမ်းထားရှိရမည်။ အဆိုပါမှတ်တမ်းကို ဝန်ကြီးဌာနနှင့် ယင်းက တာဝန်ပေးအပ်ထားသော ဌာနတို့မှ လိုအပ်ချက်နှင့်အညီ စစ်ဆေးခွင့်ရှိသည်ဟူ၍ ဖြစ်ပါသည်။

ရည်ရွယ်ချက်မှာ ကျောက်မျက်ရတနာအရိုင်းကို တူးဖော်ထုတ်လုပ်ချိန်တွင် တန်ဖိုးဖြတ် အဖွဲ့အနေဖြင့် တန်ဖိုးဖြတ်ပြီး ရတနာခွန် တွင်းဝခွန် (၂၀)ရာခိုင်နှုန်း ပေးဆောင်သည့်စနစ်ကို ပြုပြင်ပြောင်းလဲပြီး နိုင်ငံတော်အတွက် တိကျမှန်ကန်သော ရတနာခွန်ရရှိစေရန် သယံဇာတဖြစ်သော ကျောက်မျက်ရတနာကဏ္ဍမှ ရတနာခွန်ပေးဆောင်ခြင်းသည် ပွင့်လင်းမြင်သာမှုရှိစေရန်တို့အတွက် တူးဖော်ထုတ်လုပ်ချိန်တွင် ကျောက်မျက်ရတနာအရိုင်းကို စနစ်တကျမှတ်ပုံတင်ထားပြီး အမှန်တကယ် ရောင်းချရချိန်တွင် အမှန်တကယ်ရောင်းချရသည့်တန်ဖိုးအပေါ် ရတနာအခွန်ပေးဆောင်စေရန် ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော်အတွက် ရတနာခွန်ရရှိမှုသည် မှန်ကန်မှုနှင့်တိကျမှုရှိပြီး သဘာဝ သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာရေးဆောင်ရွက်မှုကို လိုက်နာသော EITI အဖွဲ့ဝင်အဖြစ် မှန်မှန်ကန်ကန် ရပ်တည်နိုင်မည် ဖြစ်ပါသည်။ တွင်းဝရတနာခွန်သည် ကျွမ်းကျင် သူများ ပါဝင်သော တန်ဖိုးဖြတ် အဖွဲ့အနေဖြင့် တန်ဖိုးသတ်မှတ်ပြီး ယင်းအဖွဲ့က သတ်မှတ်ပေးသည့် တန်ဖိုးအပေါ် အခွန်ဆောင်စေခြင်းဖြစ်ပါသည်။ ကျောက်မျက်ရတနာတို့၏ သဘောသဘာဝအရ ဈေးနှုန်းသည် ဝယ်သူနှင့်ရောင်းသူတို့ သဘောတူညီမှုအပေါ်တွင်သာ အတည် ဖြစ်ပါသည်။ မည်သည့် အခါမျှ တစ်ထပ်တည်းမကျပါ။ တန်ဖိုး အဆမတန် မြင့်တက်ရရှိသည်လည်း ရှိ၍ လုံးဝရောင်းချရခြင်း

မရှိသည့်ကျောက်များ ခွဲစိတ်ဖြတ်တောက်ချိန်တွင် အရည်အသွေး မရှိ၍ စွန့်ပစ်ရသည့် ကျောက်များလည်း ရှိပါသည်။ ထိုကြောင့် တန်ဖိုးမမှန်သည့် ရောင်းချချိန်မှသာ ပေါ်ပေါက်ခြင်းဖြစ်၍ ရောင်းချချိန်၌ ရတနာခွန် ပေးဆောင်သည့်စနစ်သို့ မဖြစ်မနေ ပြောင်းလဲရန် လိုအပ်သည်ဟု ယူဆပါသည်။ တွင်းဝရတနာခွန်စနစ်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် ရောင်းချချိန်တွင် ရတနာခွန် ကောက်ခံသည့်စနစ်တို့ နှိုင်းယှဉ်လျှင် အထက်တွင် တွက်ချက်မှု ဥပမာဖြင့် ရှင်းလင်းတင်ပြသကဲ့သို့ ရောင်းချချိန်တွင် ကောက်ခံသည့်စနစ်က ရတနာခွန် ပိုမိုရရှိစေပါသဖြင့် အခန်း(၈)တွင် ဖော်ပြထားသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ခြင်းအခန်းအား ထောက်ခံအပ်ပါသည်။ (၅) နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာပြပွဲများ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ကျင်းပခြင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်သည့် ပုဒ်မ ၃၄ ကျောက်မျက်ရတနာ ကြီးကြပ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းကော်မတီများမှ ပုဒ်မခွဲ (ဇ)တွင် ကျောက်မျက်ရတနာဈေးကွက် ကျယ်ပြန့်ဖြစ်ထွန်းစေရန် ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ကြီးမှူးကျင်းပစေခြင်း ပုဂ္ဂလိကကျောက်မျက်ရတနာပြပွဲများကို ကျင်းပခွင့်ပြုခြင်း၊ ပြည်တွင်းလုပ်ငန်းရှင်များမှ နိုင်ငံခြားတွင် ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာပြပွဲများ ကျင်းပခြင်းကို အားပေးကူညီခြင်းဟူ၍ ကျောက်မျက်ရတနာဈေးကွက်များ ကျယ်ပြန့် ဖြစ်ထွန်းရေးကို အားပေးရန် ဖြစ်ကြောင်းနှင့် ပုဂ္ဂလိက ကျောက်မျက်ရတနာပြပွဲများ ကျင်းပခွင့်ပြုခြင်းနှင့် နိုင်ငံခြားတွင် ကျောက်မျက်ရတနာများ ကျင်းပခြင်းအထိ အားပေးထောက်ကူနိုင်ရန် ရေးဆွဲအဆိုပြုထားပါသည်။ ခွင့်ပြုမိန့်ရရှိသူများအား ပြင်ဆင်သည့် ပုဒ်မ ၁၇ (ဂ) ၃ အရ ဗဟိုကော်မတီက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် ကုန်သွယ်ရေး စည်းမျဉ်း စည်းကမ်းများနှင့် အညီ အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်ရောင်းချခွင့်ရှိကြောင်း တွေ့ရှိရပါသည်။ ပုဒ်မ ၁၇ (ဂ) ၅ အရ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အသင်းချုပ်၏ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့က ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြပွဲများတွင်လည်းကောင်း၊ တရားဝင် ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်း နေရာများတွင်လည်းကောင်း၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်းကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း ရောင်းချခွင့်ရှိကြောင်း တွေ့ရပါသည်။

ယင်းသည် မြန်မာ့ကျောက်မျက်ရတနာဈေးကွက်များ ကျယ်ပြန့်ဖြစ်ထွန်းစေရေးအတွက် ရည်ရွယ်ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။ လက်ရှိအခြေအနေမှာ နိုင်ငံတော်၏ကျောက်မျက်ရတနာပြပွဲများ တစ်နှစ်မှာ (၃)ကြိမ်သာလျှင် ကျင်းပခွင့် ရှိပါသည်။ တစ်နှစ်မှာ (၃)ကြိမ်သာလျှင် လုပ်ခွင့်ရှိတဲ့အတွက် နိုင်ငံခြားရတနာကုန်သည် အဓိကအားဖြင့် တရုတ်ကုန်သည်များသာလျှင် လာရောက်ဝယ်ယူနေကြတာ ဖြစ်ပါတယ်။ ထိုသို့ ဝယ်ယူရာတွင် သူတို့ကို Deposit အနေနဲ့လည်း ခုနောက်ပိုင်းမှာ ယူရို (၅၀၀၀၀)အထိ ဖြစ်လာပါတယ်။ (၅၀၀၀၀) သာလျှင်ပေးထားသော်ငြားလည်း ဝယ်ယူမယ့်အတွဲပေါင်းဟာ (၅၀)(၁၀၀) အထိ စည်းမဲ့ကမ်းမဲ့ လောဘတရား ရှေ့ထားပြီးတော့ ကျောက်တွဲများကို ရရှိမှုကို အဓိကထားပြီးတော့မှ လုပ်ကိုင်ကြပါတယ်။ ၎င်းတို့ဝယ်ယူသည့် တန်ဖိုးကို တကယ်တမ်းပေးချေရန် အရင်းအနှီးမရှိပါ။ သို့ရာတွင် Deposit က (၅၀၀၀၀)ပဲ ပေးရသည့်အတွက် သန်း(၅၀)ဖိုးလည်း ဝယ်တယ်၊ အတွဲပေါင်း (၁၀၀) အတွဲပေါင်း (၅၀) သန်း (၅၀) (၁၀၀)ဖိုး လေလံဆွဲ

ဝယ်ပါတယ်။ ထို့နောက် သူတို့ရဲ့တရုတ်နိုင်ငံကို ပြန်သွားပြီး ကျောက်မျက်ရတနာ ဈေးကွက် အခြေအနေကို ကြည့်ပါသည်။ ဈေးကွက်နှင့်မကိုက်ညီသော ကျောက်တွေကို လာမယူတော့ပါ။ ဈေးကွက်ဝင်တဲ့ အကျိုးအမြတ်များစွာရှိတဲ့ ကျောက်တွေကို အဓိကရွေးယူပြီး ပြန်ရောင်းချတယ်။ လေလံရွေးယူရန် (၃)လ အချိန်ရသည့်အတွက် ၎င်းတို့က အချိန်ယူပါသည်။ အချိန် (၃)လကိုပင် မတင်းတိမ်နိုင်ဘဲ ထပ်မံစောင့်ဆိုင်းရန် ညှိနှိုင်းမှုတွေ လုပ်ပါတယ်။ တချို့ဆိုရင် နှစ်နဲ့ချီပြီး ကြာအောင် စောင့်ရပါတယ်။ ၎င်းတို့မြတ်ဖို့အရေးကို ကျွန်တော်တို့နိုင်ငံက သည်းခံထိုင်စောင့်ပေးနေရတဲ့ အနေ အထား ဖြစ်ပါတယ်။ ငွေမပြေလည်၍ ငွေလည်ပတ်ရေးကို အဓိက ဦးစားပေးရတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒီပေါ်မှာ ၎င်းတို့ရဲ့ အခွင့်အရေးယူခြင်း အနိုင်ကျင့်မှုကို ခံနေရတဲ့ သဘောလည်း ဖြစ်ပါတယ်။

နောက်ဆုံးကျောက်တွေကို ဝယ်ပြီးလာမရွေးတာကြောင့် အရှုံးပေါ်တဲ့အထိ ဖြစ်သွားပါတယ်။ ၎င်းတို့အနေနဲ့ Deposit ကိုသာ အဆုံးခံတာ တွေ့ရပါတယ်။ Deposit (၅၀၀၀၀) ကို မြတ်တယ်လို့ ယူဆရပေမယ့် သူတို့ဝယ်ယူသွားတဲ့ တန်ဖိုးတွေကို လာမရွေးတဲ့ငွေတွေကို တွက်ကြည့်လိုက်တဲ့ အခါမှာ တန်ဖိုးဟာ သန်းကိုဆယ်နဲ့ချီပြီးတော့ ဆုံးရှုံးနေပါတယ်။ နိုင်ငံတော်အတွက် ပြည်သူသန်း (၆၀) အတွက် အခွန်ငွေတွေရော လုပ်ငန်းရှင်တွေအတွက် ငွေလုံးငွေရင်းတွေပါ နစ်နာဆုံးရှုံးတယ်။ အဲဒီတော့ အစိုးရနဲ့ ပြည်သူအတွက် ဆုံးရှုံးတယ်လို့ ယူဆရပါတယ်။ ဘယ်လောက်ထိ ဆုံးရှုံးသလဲဆိုရင် ဘီလီယံနဲ့ချီပြီး ဆုံးရှုံးမှု ဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ ၂၀၁၀ ကနေစပြီး ခု ၂၀၁၄ ထိဆိုရင် ပွဲတွေကျင်းပလာတာကို ပြန်ပြီးချုံငုံသုံးသပ်မယ်ဆိုရင် (၅)ဘီလီယံလောက်ပင် မရရှိခဲ့ပါ။ ကျွန်တော်တို့ ပြန်လည်ပြောဆိုပါ့မယ်ခင်ဗျား။ ပွဲတွေကျင်းပလာတာ ပြန်ပြီးချုံငုံသုံးသပ်မယ်ဆိုရင် (၅)ဘီလီယံလောက်ပင် မရရှိခဲ့ပါ။ ကုန်သည်များ ကျောက်မလာရွေးတာ လုပ်ငန်းရှင်တိုင်းနဲ့ ဝန်ကြီး ဌာနလည်း သိရှိပါတယ်။

ကုန်သည်ကို ဘာမှ ချုပ်ကိုင်ထားတာ မရှိပါ။ Deposit နဲ့ ထိန်းချုပ်မှုက အားနည်း ပါတယ်။ သည်းခံပြီးတော့ ကျွန်တော်တို့ ရောင်းချနေရပါတယ်။ ခုချိန်မှာ ခေတ်ပြောင်း စနစ်ပြောင်း လာပြီဖြစ်တဲ့အတွက် ဒီကျောက်မျက် ရတနာတွေကို နိုင်ငံတကာ အနောက်နိုင်ငံ အာရှနိုင်ငံတွေကပါ စိတ်ဝင်စားတဲ့ စီးပွားရေးလုပ်ငန်း ဖြစ်ပါတယ်။ ဒီစီးပွားရေးလုပ်ငန်းက အခုလိုမျိုး တစ်နှစ်လျှင်(၃)ပွဲ မသတ်မှတ်ဘဲ အစိုးရ ကြီးမှူးကျင်းပသည့်ပွဲများအပြင် ပုဂ္ဂလိကပွဲများ ခွင့်ပြုမယ်ဆိုရင် ယခုကဲ့သို့ ကျောက်တွေကို ဘူးသီးခရမ်းသီးလို အလုအယက် လာရောင်းရ၊ တန်းစီပြီး ရောင်းရတဲ့ ပုံစံမျိုး မဟုတ်တော့ဘဲ ကျောက်မျက်ရတနာ ဂုဏ်အင်္ဂါနှင့်အညီ ကျောက်မျက်ရတနာ ဈေးကွက်ကြီးကို စနစ်တကျ ဖော်ဆောင်နိုင်မယ် နိုင်ငံတကာလည်း ဝယ်ယူနိုင်မယ် တရုတ်နိုင်ငံ ကလည်း လာရောက် ဝယ်ယူနိုင်မယ် ကျောက်မျက်ရတနာပွဲတွေဟာ အကြီးအငယ် အစဉ်အမြဲရှိတဲ့အတွက် ကျောက်တွေဟာ လစဉ်ရောင်းနိုင်တဲ့အတွက် တူးဖော်သူအတွက်လည်း ငွေလည်ပတ်မှုရှိတဲ့ အကျိုး ကျေးဇူးရရှိပါ့မယ်။ Deposit အားဖြင့်လည်း Deposit ဖြင့်လည်း ထိန်းချုပ်မှုတွေ ကန့်သတ်မှုတွေ လုပ်ကိုင်နိုင်ပြီး Deposit (၁၀၀၀၀) ပေးရင် (၁၀၀၀၀၀)ဖိုး ဝယ်ခွင့်ရှိမယ် (၅)သောင်း ပေးထားရင် (၅)သန်းဖိုး အထိ ဝယ်ယူခွင့်ရှိမယ်ဟု ထိန်းချုပ်ပါက သူတို့ရဲ့ ငွေကြေးအင်အားတွေကိုလည်း ချိန်ထိုးပြီး ဝယ်ယူ ကြမှာဖြစ်ပါတယ်။

ယခုကျတော့ ပစ္စည်းတွေကို ရချင်ဈေးနဲ့ မြင်မြင်ရာကို လက်ညှိုးထိုးဝယ်သွားတဲ့ အခြေအနေမျိုး ဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံ နစ်နာပါတယ်။ ဒီလိုအခြေအနေ ဖြစ်ပေါ်နေတဲ့ အပေါ်မှာ ပြည်တွင်း၌ နယ်စပ်ဒေသများထိ နိုင်ငံတော်ပွဲများ ၊ ပုဂ္ဂလိကပွဲများ ကျင်းပရောင်းချနိုင်ရန် ပြင်ဆင်ထားတဲ့ ပုဒ်မ ၃၄ (ဓ)၊ ပုဒ်မ ၁၇ (ဂ) ၃၊ ပုဒ်မ ၁၇ (ဂ) ၅ တို့ကို ကျွန်တော့်အနေနဲ့ အလေးအနက် ထောက်ခံကြောင်း တင်ပြလိုပါတယ်။ ပြင်ဆင်သည့်ဥပဒေအရ ဈေးကွက်များ ဖြစ်ထွန်းလာမယ်ဆိုရင် ကျောက်မျက်ရတနာဈေးကွက်သည် ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံသားလက်ထဲကို များစွာရောက်ရှိလာမှာ ဖြစ်ပါတယ်။ ဒါကိုရည်ရွယ်ပြီးတော့ ပြင်ဆင်ထားတာကို တွေ့ရတဲ့အတွက် ကျွန်တော့်နေနဲ့ အလေးအနက် ထောက်ခံရခြင်း ဖြစ်ပါတယ်။ (၆) ကျောက်မျက်ရတနာကြီးကြပ်ရေး ဗဟိုကော်မတီဖွဲ့စည်းပုံ ပြင်ဆင်ဖြည့်စွက်ခြင်း မူလ ကျောက်မျက်ရတနာ ဥပဒေ အခန်း (၁၀)တွင် ကျောက်မျက်ရတနာကြီးကြပ်ရေး ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားရှိပါတယ်။

သတ္တုတွင်းဝန်ကြီးဌာန၏ ကျောက်မျက်ရတနာလုပ်ငန်းဆိုင်ရာ မူဝါဒများ ချမှတ်ပေးခြင်း၊ တန်ဖိုးဖြတ်အဖွဲ့၏ တန်ဖိုးဖြတ် လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ တရားမဝင် ထုတ်လုပ်မှုနှင့် ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ရောင်းချမှုများ နှိမ်နင်းရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနကို အကြံပေးခြင်း၊ ရတနာခွန် စည်းကြပ်ခြင်းဆိုင်ရာ လေလံအတွက် ကြမ်းခင်းဈေး သတ်မှတ်ခြင်းဆိုင်ရာ အကြံပေးခြင်း ဆောင်ရွက်သည့် အဖွဲ့အစည်း ဖြစ်ပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ပုဒ်မ ၃၂ တွင် အထက်ပါ ဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းအဆိုပြု ပြဋ္ဌာန်းထားရှိပါသည်။ ယခင်က ဗဟိုကော်မတီဝင်တွင် ပါရှိသော ပါရှိသည့်အတိုင်း သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးဆောင်သည့်အဖွဲ့ဝင် ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးသည် ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။ မူလအတိုင်း သက်ဆိုင်ရာ အစိုးရဌာန အစိုးရအဖွဲ့အစည်း တာဝန်ရှိသူများလည်း ပါဝင်စေပါသည်။ ကျောက်မျက်ရတနာဆိုင်ရာ အသင်းချုပ်မှ ပါဝင်လာခြင်း ဖြစ်ပါသည်။

မြန်မာ့ကျောက်မျက် ရတနာလုပ်ငန်းများ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ တစ်နေရာတွင် EC (၅)ဦး ပါဝင်ဖွဲ့စည်းထားပါသည်။ တစ်နိုင်ငံလုံးရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း၏ အသင်းချုပ် ဖြစ်ခြင်းကြောင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အားလုံးကို ကိုယ်စားပြုသူများ ပါဝင်ဖွဲ့စည်း နိုင်ပါသည်။ ယင်းဗဟိုကော်မတီဆိုသည့် အဖွဲ့အစည်းသည် ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း လုပ်ကွက်စိစစ်ချထားပေးရေး၏ လုပ်ပိုင်ခွင့်များကိုလည်းကောင်း ဝင်ရောက် လုပ်ကိုင်စွက်ဖက်မည့် အဖွဲ့အစည်း မဟုတ်ပါ။ ပုဒ်မ ၃၄ အရ မြန်မာ့ ကျောက်မျက်ရတနာများ ရာခိုင်နှုန်းဖြင့် ဈေးကွက်ရရှိရေး ကျောက်မျက်ရတနာ ထုတ်လုပ်မှု ရောင်းချမှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေး စသည်ဖြင့် လုပ်ငန်းအောင်မြင်မှုနှင့် တိုးတက်မှုဆိုင်ရာ အကြံပေးသည့်အဖွဲ့ ဖြစ်ပါသည်။ သို့ပါ၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းရှင်များ၊ အချောထည်လုပ်ငန်းရှင်များ၊ လက်ဝတ်ရတနာ လုပ်ကိုင်သော လုပ်ငန်းရှင်များ စုစည်းထားသော လုပ်ငန်းနယ်ပယ်တွင် လက်တွေ့လုပ်ကိုင်ကြလျက် အတွေ့အကြုံ ပြည့်ဝသော အသင်းချုပ်၏ အလုပ်အမှုဆောင်များ ပါဝင်ဖွဲ့စည်းထားခြင်းမှာ မြန်မာ့ကျောက်မျက်ရတနာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သောအကြံဉာဏ်များ ပေးနိုင်သည်ဖြစ်ရာ အမျိုးသား

လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ပုဒ်မ ၃၂ နှင့် ပုဒ်မ ၃၄ တို့ကို ဗဟိုကော်မတီ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်ပြဋ္ဌာန်းချက်များသည် မြန်မာ့ကျောက်မျက်ရတနာ ကျောက်မျက်ရတနာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း၌ ဈေးကွက်များ ကျယ်ပြန့်စွာ ဖြစ်ထွန်းလာစေရေး၊ နယ်စပ်ဒေသများ ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းရေး၊ ပုဂ္ဂလိက ကျောက်မျက်ရတနာပြပွဲများ ကျင်းပနိုင်ရေး၊ ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်ခွင့် ရရှိနိုင်ပြီး ရတနာအခွန်များ အပြည့်အဝ ရရှိစေရေးတို့ကို အားပေးထောက်ကူသည့် အဖွဲ့အစည်းနှင့် လုပ်ငန်းတာဝန်များ ဖြစ်ပါ၍ ဖွဲ့စည်းခြင်း နှင့် တာဝန်ပေးခြင်းကို လေးလေးနက်နက် ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြနိုင်းချုပ် အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။လွှတ်တော် ကိုယ်စားလှယ် (၉)ဦး ဆွေးနွေးသွားတဲ့အနက်မှာ (၈)ဦးရဲ့ ဆွေးနွေးချက်က ဥပဒေကြမ်းကော်မတီရဲ့ ဆောင်ရွက်ချက် အတိုင်း ဖြစ်ပြီးတော့ တပ်မတော်သားကိုယ်စားလှယ်တစ်ဦးရဲ့ ဆွေးနွေးချက်မှာ စာသားပြင်ဆင်မှုများဟာ အငြင်းထွက်စရာ အကြောင်း မရှိပါဘူး။ သို့သော် ရာခိုင်နှုန်း ပြင်ဆင်ချက်လေး ပါတဲ့အတွက် ဒါကိုပဲ ဥပဒေကြမ်းကော်မတီက ပြန်ကြားနာဖို့ပဲ ရှိပါတယ်။ ဒါကို မနက်ဖြန် ပြီးပြတ်အောင် ကြားနားလိုက်ပါ။ တကယ်လို့ အချိန်ရရင် အခွင့်သာလို့ရှိရင် သန်ဘက်ခါမှာ ဒီဥပဒေကို ဝန်ကြီးဌာနက သဘောမတူသော ပုဒ်မ၊ ပုဒ်မခွဲပေါင်း (၁၄)ခုနဲ့ အခန်း(၈)၊ အခန်း(၉) အားလုံးတို့အတွက် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူပေးသွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လျှပ်စစ်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၅း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လျှပ်စစ်ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်

အပိုဒ် ၂(ခ)(င)(ဈ)(ဋ)(ဌ)(ဍ)(တ)(ထ)(ဖ)(လ)(အ)

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်

(ခ) လျှပ်စစ်ဆိုင်ရာလုပ်ငန်း ဆိုသည်မှာ လျှပ်စစ်ဓာတ်အား နှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ ဖလှယ်ခြင်း၊ ဓာတ်အားစနစ် ကွပ်ကဲခြင်း၊ လျှပ်စစ်စမ်းသပ် စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်း လုပ်ငန်းများကို ဆိုသည်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်း လုပ်ငန်းများကိုဆိုသည်။ဆိုတော့ လုပ်ငန်းတွေ ထပ်မနေဘူးလား။ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်းများကိုဆိုသည် ဆိုရင် ရပါတယ်။ နောက်ကလုပ်ငန်းတစ်ခုဖျက်လိုက်ရင်ရပါတယ်။

( င ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း ဆိုသည်မှာ နည်းပညာတစ်ခုခု အသုံးပြု၍ စွမ်းအင်အရင်းအမြစ် တစ်မျိုးမျိုးမှ စီးပွားဖြစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆိုသည်။

( စ ) လျှပ်စစ်ဓာတ်အား ရောင်းဝယ်ခြင်း ဆိုသည်မှာ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဖလှယ်ခြင်းကိစ္စရပ်များကို လျှပ်စစ်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူနှင့် ဆက်သွယ်၍ စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်းကို ဆိုသည်။

( ဆ ) လျှပ်စစ်ဓာတ်အားစနစ်ဆိုသည်မှာ မဟာဓာတ်အားလိုင်းစနစ်နှင့် ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားစနစ်တို့ကို ဆိုသည်။

( ဇ ) မဟာဓာတ်အားလိုင်းစနစ်ဆိုသည်မှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်နေသော တစ်နိုင်ငံလုံး နှင့်ဆိုင်သော စနစ်ကိုဆိုသည်။

( ဈ ) ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ်ဆိုသည်မှာမဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်မှုမရှိဘဲ နယ်နိမိတ်တစ်ခုအတွင်း၌ သီးခြားစနစ် တစ်ခုအဖြစ် ဓာတ်အားပေးနေသော လျှပ်စစ် ဓာတ်အားစနစ်ကို ဆိုသည်။

(တ) ဓာတ်အားစနစ် ကွပ်ကဲခြင်း ဆိုသည်မှာ မဟာ ဓာတ်အားလိုင်းစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို နည်းပညာစံချိန်စံညွှန်းနှင့်အညီ စီမံကွပ်ကဲခြင်းကို ဆိုသည်။

(ထ) လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်း ဆိုသည်မှာ လျှပ်စစ်စူးစမ်းရှာဖွေခြင်း၊ ဓာတ်အားကွပ်ကဲခြင်း လုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ရောင်းဝယ်ခြင်းလုပ်ငန်းတို့မှ အပ အခြားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရန် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းကို ဆိုသည်။

( ဖ ) လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့တစ်ခုခုနှင့်သော်လည်းကောင်း၊ ဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းတစ်ခုခုနှင့် သော်လည်းကောင်း ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်တို့ အစုစပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းတည်ထောင်ထားသော လုပ်ငန်းကို ဆိုသည်။

(လ) လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ် ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို တည်ဆောက်ပြီးသည့်အခါ လျှပ်စစ်ဓာတ်အား အသုံးပြုချိန်၌ လျှပ်စစ်

အန္တရာယ်ဖြစ်နိုင်မှု ရှိ၊ မရှိ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး စစ်ဆေးရေးမှူးချုပ်က ထုတ်ပေး သည့် လက်မှတ်ကို ဆိုသည်။

(အ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ဆိုသည်မှာ သတ်မှတ်ထားသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ရန်စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးထားသော လျှပ်စစ်နှင့်စပ်လျဉ်း၍ ကျွမ်းကျင်ကြောင်း လက်မှတ်ကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ခ)(င)(ဈ)(ဋ) (ဌ)(ဍ)(တ)(ထ)(ဖ)(လ)(အ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ခ)(င)(ဈ) (ဋ)(ဌ)(ဍ)(တ)(ထ)(ဖ)(လ)(အ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၃(က)(ဂ)(ဃ)(စ)(ဆ)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လျှပ်စစ်ဆိုင်ရာကိစ္စရပ်များကို စနစ်တကျ စီမံခန့်ခွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စေရန်နှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်၊

( ဂ ) လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာနှင့် ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန်၊

(ဃ) လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်စေရန်၊

( စ ) ခေတ်နှင့်လျော်ညီသော လျှပ်စစ်ဓာတ်အားခ နှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် မျှတသော၊ ပွင့်လင်းမြင်သာသော၊ ကျိုးကြောင်းဆီလျော်သော နည်းဥပဒေများ၊ စည်းမျဉ်းများ ရေးဆွဲပြဋ္ဌာန်း ပေးနိုင်ရန် ဟု ပြင်ဆင်ထားပါတယ်။

(ဆ) လျှပ်စစ်ဓာတ်အား သုံးစွဲသူများသည် စံချိန် စံညွှန်းနှင့် ကိုက်ညီသော ဗို့အားနှင့် ကြိမ်နှုန်းရှိသည့် လျှပ်စစ် ဓာတ်အားကို အသုံးပြုခွင့်ရရှိစေရန်နှင့် စံချိန်စံညွှန်း

မကိုက်ညီသော လျှပ်စစ်ခတ်အားကြောင့် သုံးစွဲသူများ၏ လျှပ်စစ်ပစ္စည်းများ ပျက်စီး ဆုံးရှုံးရခြင်းမှ အကာအကွယ် ပေးနိုင်ရန်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ဂ)(ဃ) (စ)(ဆ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(ဂ)(ဃ)(စ)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၅(ဇ)(ဍ)(ထ)၊ အပိုဒ် ၆

အခန်း(၃)

လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှု ကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော် သမ္မတက တာဝန်ပေးအပ်သော ပြင်ပပုဂ္ဂိုလ် တစ်ဦးအား ဥက္ကဋ္ဌ အဖြစ် ဦးဆောင်စေလျက် သက်ဆိုင်ရာပညာရှင်များ ပါဝင်သော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရယူ၍ ဖွဲ့စည်း ရမည်။

( ခ ) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ် အဖြစ် သတ်မှတ်ပေးရမည်။

( ဂ ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ကော်မရှင်တွင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ငါးဦး သို့မဟုတ် ခုနစ်ဦးဖြင့် ဖွဲ့စည်းရမည်။

(ဃ) ကော်မရှင်၏ သက်တမ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ကော်မရှင်အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။

၅။ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

( ဇ ) လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်စေရန် လိုအပ်သော နည်းပညာများနှင့် အတတ်ပညာများ ရရှိစေရေးအတွက် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းရယူခြင်း၊

( ဈ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ၏ ဆောင်ရွက်ချက်များမှရရှိလာသည့် သတင်းအချက်အလက်များအနက် ပြည်သူလူထုသိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှု ရှိစေရေးအတွက် ပြည်သူလူထုသို့ အသိပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှု ကော်မရှင်သည် လုပ်ငန်းများဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိဘဲ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း။

၆။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှု ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၅(ဇ)(ဈ)(ည)၊ အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(က)(ခ)(ဂ) (ဃ)၊ အပိုဒ် ၅(ဇ)(ဈ)(ည)၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၇(က)၊ အပိုဒ် ၈(က)(ခ)(ဂ)(ဃ)(၁)၊(င)၊ အပိုဒ် ၉(ဂ)၊ အပိုဒ် ၁၀(ခ)

၇။ အောက်ဖော်ပြပါအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအား ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူများအဖြစ် သတ်မှတ်သည် -

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊

**ဥက္ကဋ္ဌ**။ ။ဘယ်လိုဖြစ်တာလဲ။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနဆိုတာ။ သက်ဆိုင်ရာဝန်ကြီးဌာနများမဟုတ်ဘူးလား။

**ဒေါက်တာမြတ်ဉာဏစိုး**။ ။ လျှပ်စစ်ဝန်ကြီးဌာနကို ဆိုလိုတာပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီလေ။ ဝန်ကြီးဌာနဆိုသည်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန-----

**ဒေါက်တာမြတ်ဉာဏစိုး**။ ။ ဟုတ်ပါတယ်ခင်ဗျ။ ဒါကိုဆိုလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါဆိုအခြားသက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သွားမှာပေါ့။ ဟုတ်တယ်မဟုတ်လား။

**ဒေါက်တာမြတ်ဉာဏစိုး**။ ။ ဟုတ်ပါတယ်ခင်ဗျ။ မှန်ပါတယ်ခင်ဗျား။

၈။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ညီချက်ဖြင့် -

(က) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်ခွင့် ရှိသည်။

(ခ) လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသူများအား ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ခွင့်ပြုမိန့် ရုပ်သိမ်းခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်နိုင်သည်။

(ဂ) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အားနှင့် စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းကို ဖွဲ့စည်းနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ကို ဖွဲ့စည်းရာတွင် -

(၁) သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနက ပိုင်ဆိုင်သောငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုသော်လည်းကောင်း ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက ဆက်ခံရမည်။

**ဥက္ကဋ္ဌ**။ ။ ဆရာကြီး ဦးဝင်းမောင်။ လည်းကောင်းနဲ့ သော်လည်းကောင်းနဲ့ မှန်ရဲ့လား။ သော် ပိုသွားတာလား။ ပိုသွားရင် ဖြုတ်ပေါ့။

(င) ပုဒ်မခွဲ(ဂ)အရ ဖွဲ့စည်းသော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန် အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် သင့်လျော်သည့် အချိန်တွင် တည်ထောင်ဆောင်ရွက်ခွင့်ရှိသည်။

၉။ (က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ)တို့အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုလျှပ်စစ်ဓာတ်အား

ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ လုပ်ငန်းများနှင့်ဆက်စပ်ပါက ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၀။ (ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်သက်ရောက်မှုတို့ကို ဆန်းစစ်ခြင်း၊ ထိခိုက်မှုအနည်းဆုံး နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ ထိခိုက်မှုများအတွက် ပြန်လည်ပေးလျော်ခြင်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေ ထည့်ဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်။ ယင်းအချက်များကို ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူများလည်း လိုက်နာဆောင်ရွက် ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇(က)၊ အပိုဒ် ၈ (က)(ခ)(ဂ)(ဃ)(၁)(င)၊ အပိုဒ် ၉(ဂ)၊ အပိုဒ် ၁၀(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇(က)၊ အပိုဒ် ၈(က)(ခ)(ဂ)(ဃ)(၁)(င)၊ အပိုဒ် ၉(ဂ)၊ အပိုဒ် ၁၀(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၁၈၊ အပိုဒ် ၂၁(က)(ခ)၊ အပိုဒ် ၂၂(က)(ခ)၊

အပိုဒ် ၂၃(က)(ခ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၆(က)(ခ)(၁)(၂)(၃)၊ အပိုဒ် ၂၇

၁၈။ ခွင့်ပြုမိန့် ရရှိသူသည် စစ်ဆေးရေးမှူးချုပ်ထံမှ လျှပ်စစ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ရရှိမှသာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

၂၁။ (က) ခွင့်ပြုမိန့်ရရှိသူသည် ဤဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း၊ သတ်မှတ် ထားသည့် အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် သော်လည်းကောင်း၊ လူပုဂ္ဂိုလ် သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက် နစ်နာဆုံးရှုံးမှု ဖြစ်ပွားစေပါက ဥပဒေအရ တာဝန် ရှိစေရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် အပိုဒ်ခွဲ(က)ပါကိစ္စရပ်များအတွက် အရေးယူရန် လုပ်ထုံးလုပ်နည်းများကို တိကျစွာ သတ်မှတ်ပြဌာန်းရမည်။

၂၂။ (က) ခွင့်ပြုမိန့်ရရှိသူသည် မိမိ၏ ပေါ့ဆစွာ ဆောင်ရွက်မှုကြောင့် လူပုဂ္ဂိုလ် သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်း တစ်ခုခုကို ထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်ပွားစေပါက ဥပဒေအရ တာဝန်ရှိစေရမည်။

( ခ ) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ လုပ်ထုံးလုပ်နည်းများတွင် တိကျစွာ ဖော်ပြ သတ်မှတ်ရမည်။

၂၃။ (က) ခွင့်ပြုမိန့်ရရှိသူများဆောင်ရွက်နေသော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ အပါအဝင် မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုခုကြောင့် လူပုဂ္ဂိုလ် သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်း တစ်ခုခုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားစေပါက ဥပဒေအရ တာဝန်မရှိစေရ။

( ခ ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့် သက်ဆိုင်သည့် မလွန်ဆန်နိုင်သော ဖြစ်ရပ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနက နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများတွင် တိကျစွာ ဖော်ပြ သတ်မှတ်ရမည်။

၂၄။ လျှပ်စစ်ဓာတ်အားသုံးစွဲသူ တစ်ဦးဦး၏ ပေါ့ဆမှုကြောင့် အခြားသောလျှပ်စစ်ဓာတ်အားသုံးစွဲသူကိုဖြစ်စေ၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်း တစ်ရပ်ရပ်ကိုဖြစ်စေ နစ်နာပျက်စီးဆုံးရှုံး စေပါက ထိခိုက်ဆုံးရှုံးသည့် တန်ဖိုးအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း တွက်ချက်ထားသည့် နစ်နာကြေးကို ပေးလျော် ရမည်။

၂၆။ ခွင့်ပြုမိန့် ရရှိသူသည် အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည် -

(က) လျှပ်စစ်ဓာတ်အား ရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

( ခ ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းများတွင်-

(၁) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၌ လျှပ်စစ်ဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်လုပ်ရမည်။

(၂) လျှပ်စစ်ဓာတ်အားအတွက် အသုံးပြုသည့် လျှပ်စစ်ဓာတ်အား တိုင်းတာရေး ပစ္စည်းကိရိယာများ၊ အကာအကွယ်ပြု ပစ္စည်းကိရိယာများကို စနစ်တကျ တပ်ဆင်ထိန်းသိမ်းအသုံးပြုရမည်။

(၃) လျှပ်စစ်ဓာတ်အား တိုင်းတာရေးပစ္စည်း ကိရိယာများ တပ်ဆင်ခြင်းနှင့် ပတ်သက်၍ လျှပ်စစ်ဆိုင်ရာ စည်းကမ်းချက်များအရ လိုက်နာ ဆောင်ရွက်ရမည်။

၂၇။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းနှင့်ပတ်သက်၍ လူ သို့မဟုတ် တိရစ္ဆာန်ကို ဒဏ်ရာ အနာတရ ရရှိအောင်ဖြစ်စေ၊ ကိုယ်အင်္ဂါတစ်ခုခု မစွမ်းမသန် အောင်ဖြစ်စေ၊ သေဆုံးအောင်ဖြစ်စေ လျှပ်စစ်အန္တရာယ် မတော်တဆဖြစ်ပေါ်ခဲ့လျှင် လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့်ရရှိသူသည် စစ်ဆေးရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာန တာဝန်ခံထံ အမြန်ဆုံး အကြောင်းကြားရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ် ၂၀ (က)(ခ)၊ အပိုဒ် ၂၂(က)(ခ)၊ အပိုဒ် ၂၃(က)(ခ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၆(က)(ခ)(၁)(၂)(၃)၊ အပိုဒ် ၂၇ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ် ၂၀ (က)(ခ)၊ အပိုဒ် ၂၂(က)(ခ)၊ အပိုဒ် ၂၃(က)(ခ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၆(က)(ခ)(၁)(၂)(၃)၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**အချိန်၊ ၁၅း၃၃။**

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂၈၊ အပိုဒ် ၃၁

၂၈။ လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိသူများသည် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက် တို့ကို လိုက်နာရမည်။

၃၁။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်း စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာ စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ စစ်ဆေးရေးမှူးချုပ် တစ်ဦးကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန် ပေးရမည်။ စစ်ဆေးရေးမှူးချုပ် သည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ တစ်နည်းနည်းဖြင့် လုပ်ကိုင် ဆောင်ရွက်နေသူ မဖြစ်စေရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၃၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၃၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃၂(ခ)(ဂ)(ဆ)

၃၂။ စစ်ဆေးရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(ခ) ခွင့်ပြုမိန့်ရရှိသူက ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းများနှင့်ချုပ်ဆိုထားသော စာချုပ်များတွင်ပါရှိသည့် စည်းကမ်းများကို အသိပညာ ပေးခြင်းနှင့် လိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) မည်သည့်ဒေသတွင်မဆို လျှပ်စစ်ဆိုင်ရာ လုပ်ငန်း စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာ စစ်ဆေးခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ရန် လျှပ်စစ်ဆိုင်ရာလုပ်ငန်း တစ်ခုခုကို စီးပွားရေးအလို့ငှာ တစ်နည်းနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူ မဟုတ်သည့် စစ်ဆေးရေးမှူးများအားတာဝန် ပေးအပ်ခြင်း၊

(ဆ) ဝန်ကြီးဌာနနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်း ကြီးကြပ်မှု ကော်မရှင်တို့က ပေးအပ်သော စစ်ဆေးခြင်းဆိုင်ရာ အခြားတာဝန်များဆောင်ရွက်ခြင်း ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၂(ခ)(ဂ)(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၂(ခ)(ဂ)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃၅(က)

၃၅။ ဝန်ကြီးဌာနသည် -

(က) နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို စီမံခြင်းနှင့် ဓာတ်အားစနစ် ကွပ်ကဲခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အား ကွန်ယက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် သင့်လျော်သည့်နေရာများတွင် လျှပ်စစ်ဓာတ်အား ကွပ်ကဲရေးဌာနများကို လိုအပ်သလို ဖွဲ့စည်းရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၅(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၅(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊

အပိုဒ် ၅၉၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃

၅၄။ မည်သူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၅။ ခွင့်ပြုမိန့် ရရှိသူ မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ် ငါးသိန်း အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၆။ မည်သူမဆို ပုဒ်မ ၄၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသောင်း မှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

၅၇။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်း အထိ ငွေဒဏ် ချမှတ်ရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၄၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းသုံးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သော ပစ္စည်းများကို ဖျက်ဆီးရမည်။

၅၉။ ခွင့်ပြုမိန့် ရရှိသူ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံ ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၀။ ခွင့်ပြုမိန့် ရရှိသူ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ် ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၂။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ် ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ် လည်း ချမှတ်နိုင်သည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၈(က)(ခ)

၆၅။ ပုဒ်မ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂ နှင့် ၆၃ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် မိမိ၏ကျူးလွန်မှုကြောင့် ခွင့်ပြုမိန့် ရရှိသူတွင် ထိခိုက်ဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းထိခိုက်ဆုံးရှုံးသည့် တန်ဖိုးအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းအတိုင်း တွက်ချက်ထားသည့် နစ်နာကြေးကို ပေးလျော်ရမည်။

၆၆။ ပုဒ်မ ၆၅ အရ သတ်မှတ်သည့် နစ်နာကြေးကို သတ်မှတ်ချက်နှင့်အညီ ကောက်ခံခွင့်ရှိစေရမည်။

၆၈။ (က) ထိခိုက်နစ်နာသူသည် ၁၉၂၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးအက်ဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသောလျော်ကြေး၊

( ခ ) ထိခိုက်နစ်နာသူသည် ၁၉၂၃ ခုနှစ်၊ အလုပ်သမား လျော်ကြေး အက်ဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက ဤဥပဒေအရ ထုတ်ပြန်သည့် လျော်ကြေးဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမားလျော်ကြေး အက်ဥပဒေက ၁၉၂၃ ခုနှစ်ဆိုတော့ ဒါ အဲဒီဥပဒေပြင်တဲ့အချိန်ကျရင် ဒီဥစ္စာက လိုက်ပြင်ရမယ့်သဘောဖြစ်သွားမယ်။ တည်ဆဲ အလုပ်သမားအက်ဥပဒေဆိုလို့ရှိရင်တော့ ဘယ်လိုပဲပြင်ပြင် ဒီဥပဒေက ခိုင်မာနေမှာပဲနော်။ ၁၉၂၃ ဆိုတာလေး ဖျက်လိုက်ပါ။ တည်ဆဲပေါ့၊

**ဦးဇော်မြင့်ဖေ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ နည်းဥပဒေအရထုတ်ပြန်သော နည်းဥပဒေအရ သတ်မှတ်သည့် လျော်ကြေးဆိုတာ၊ နည်းဥပဒေ ဒီမှာ လျော်ကြေးမသတ်မှတ်သေးဘူး။

**ဥက္ကဋ္ဌ**။ ။ ကျန်နေခဲ့တာ။

**ဦးဇော်မြင့်ဖေ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်တယ်။

**ဥက္ကဋ္ဌ**။ ။ နည်းဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေအရ၊ နှင့်သောသတိ၊ နောက်က သောပါနေတာ။ (၆၈) ပြန်ဖတ်ပြပါ့မယ်။

၆၈။ (က) ထိခိုက်နစ်နာသူသည် ၁၉၂၃ ခုနှစ်၊ အလုပ်သမား လျော်ကြေးအက်ဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသောလျော်ကြေး၊

( ခ ) ထိခိုက်နစ်နာသူသည် ၁၉၂၃ ခုနှစ်၊ အလုပ်သမားလျော်ကြေးအက်ဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက ဤဥပဒေအရထုတ်ပြန်သည့် ဟုတ်တယ်နော်၊ (ဟုတ်ပါတယ်)

ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေအရ သတ်မှတ်သော လျော်ကြေးဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၈(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၈(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၆၉၊ အပိုဒ် ၇၀

၆၉။ ပုဒ်မ ၆၅၊ ၆၆ နှင့် ၆၇ တို့အရ ချမှတ်သည့် နစ်နာကြေး သို့မဟုတ် လျော်ကြေး ပေးဆောင်ရန် အမိန့်နှင့် စပ်လျဉ်း၍ မကျေနပ်သူသည် အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၇၀။ ပုဒ်မ ၆၉ ပုဒ်မခွဲ (က)အရ အယူခံမှုတွင် ဝန်ကြီးသည် အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း နှင့် အတည်ပြုခြင်းတို့ ပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၉၊ အပိုဒ် ၇၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၉၊ အပိုဒ် ၇၀ သည် ဤဥပဒေကြမ်း၏ အစိတ် အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၇၃၊ အပိုဒ် ၇၄

၇၃။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥပဒေနှင့် ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေ (ဥပဒေအမှတ် ၇/၁၉၈၄) အရပြုလုပ်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၇၄။ ၁၉၈၄ ခုနှစ်၊ လျှပ်စစ်ဥပဒေ (ဥပဒေအမှတ်၇/၁၉၈၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇၃၊ အပိုဒ် ၇၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇၃၊ အပိုဒ် ၇၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၃(ခ)၊ အပိုဒ် ၆၃(ခ)၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇ တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အပိုဒ် ၂(င)(စ)(ဇ)(ဎ)(ဏ)(လ)(ဝ)(အ)(က-၁)(က-၄)(က-၇)၊ အပိုဒ် ၃(စ)(ဆ) (ဇ)(ဈ)၊ အပိုဒ် ၇(ဃ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၄၊ အပိုဒ် ၆၈ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက သဘောတူထား ပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့်-

အခန်း(၁)၊ အပိုဒ် ၂(ဂ)(ဃ)၊

အခန်း(၂)၊ အပိုဒ် ၃(ဇ)၊

အခန်း(၃)၊ အပိုဒ် ၅(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဈ)(ည)(ဋ)(ဌ)(ပ)(ဏ)(တ)၊

အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၈(ဃ)(၂)၊ အပိုဒ် ၁၀(ဂ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊

အခန်း(၅)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊

အခန်း(၇)၊ အပိုဒ် ၃၂(က)(င)(စ)၊

အခန်း(၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၅(ခ)၊

အခန်း(၁၀)၊ အပိုဒ် ၄၂၊ အခန်း(၁၁) အခန်းခေါင်းစဉ်တို့နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၁)၊ အပိုဒ်၂(စ)(ဒ)(ဓ)(န)(ပ)(ဗ)(ဟ)(ဠ)၊

အခန်း(၂)၊ အပိုဒ် ၃(င)၊

အခန်း(၄)၊ အပိုဒ် ၉(က)(ခ)၊

အခန်း(၅)၊ အပိုဒ် ၂၅၊

အခန်း(၆)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊

အခန်း(၇)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊

အခန်း(၈)၊ အပိုဒ် ၃၆၊

အခန်း(၉)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊

အခန်း(၁၀)၊ အပိုဒ် ၄၁၊

အခန်း(၁၁)၊ အပိုဒ် ၄၃၊

အခန်း(၁၂)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂၊

အခန်း(၁၃)၊ အပိုဒ် ၆၄၊ အပိုဒ် ၆၇၊

အခန်း(၁၄)၊ အပိုဒ် ၆၈၊

အခန်း(၁၆)၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အတည်ပြုထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုထားရှိချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၅:၄၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နောက်ထပ်အတည်ပြုဖို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ စတာတွေ ရှိပါသေးတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ (၄)နာရီကျော်အောင် ဆောင်ရွက်ရန် ခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။ အခုလွှတ်တော်ကို (၁၀)မိနစ် ခဏနားပါမယ်။

**အချိန်၊ ၁၅:၅၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၅:၅၀)နာရီတွင်ရပ်နားပြီး (၁၆:၀၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။

**အချိန်၊ ၁၆:၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၆း၀၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကိုဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များအား လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အခါအားလျော်စွာ စစ်ဆေးခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ်၄ တို့ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်း အတည်ပြုထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၆း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂(ဇ)(ည)(ဌ)(ပ)(ဏ)(တ)

၂။ (ဇ) ဗိသုကာ ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာပညာဘွဲ့ရရှိသူကို ဆိုသည်။

(ည) မှတ်ပုံတင်လက်မှတ် ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ကျွမ်းကျင်မှတ်ပုံတင် လက်မှတ်နှင့် ဗိသုကာ မှတ်ပုံတင် လက်မှတ်တို့ကို ဆိုသည်။

(ဌ) ဗိသုကာမှတ်ပုံတင်လက်မှတ် ဆိုသည်မှာ ဤဥပဒေ အရ ကောင်စီ ကထုတ်ပေးသော မှတ်ပုံတင် ဗိသုကာ လက်မှတ် ၊ ဗိသုကာ လိုင်စင်၊ အကြီးတန်း ဗိသုကာ လိုင်စင်နှင့် နိုင်ငံခြားသား ဗိသုကာ မှတ်ပုံတင် လက်မှတ်များကို ဆိုသည်။

(ဎ) ဗိသုကာလိုင်စင်ဆိုသည်မှာ မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိပြီး ဗိသုကာပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကိုအောင်မြင်၍ သတ်မှတ် အရည်အချင်းများနှင့် ပြည့်မီသော ဗိသုကာပညာရှင်အား ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြု လိုင်စင်ကိုဆိုသည်။

(ဏ) အကြီးတန်းဗိသုကာလိုင်စင်ဆိုသည်မှာ ဗိသုကာလိုင်စင် ရရှိပြီး သတ်မှတ်အရည်အချင်း များနှင့် ပြည့်မီသော ဗိသုကာပညာရှင်အား ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြု လိုင်စင်ကိုဆိုသည်။

(တ) နိုင်ငံခြားသားဗိသုကာမှတ်ပုံတင်လက်မှတ် ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသား ဗိသုကာပညာရှင်အား လုပ်ကိုင်ခွင့် ပြုထားသည့် ဗိသုကာပညာ အမျိုးအစား၊ အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသည့် နေရာဒေသနှင့် အချိန်ကာလကန့်သတ်ချက်များဖြင့် ကောင်စီက ထုတ်ပေးသော အသိအမှတ် ပြုလက်မှတ်ကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဇ)(ည)(ဌ)(ဎ) (ဏ)(တ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဇ)(ည)(ဌ)(ဎ)(ဏ)(တ)သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၄(ဂ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၅၊ အပိုဒ် ၇(က)(ဃ)(စ)၊

၄။ တာဝန်ခံဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြန်မာနိုင်ငံ ဗိသုကာ ကောင်စီကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

**(ဂ)** နေပြည်တော် စည်ပင်သာယာရေး ၁ ဦး
ကော်မတီမှ သင့်လျော်သော ဗိသုကာ

(ဃ) ရန်ကုန်မြို့တော် စည်ပင်သာယာရေး ၁ ဦး
ကော်မတီမှ သင့်လျော်သော ဗိသုကာ

( င ) မန္တလေးမြို့တော် စည်ပင်သာယာရေး ၁ ဦး
ကော်မတီမှ သင့်လျော်သော ဗိသုကာ

(စ) အစိုးရမဟုတ်သော ဗိသုကာပညာရပ် ၁၈ ဦး
ဆိုင်ရာအသင်းအဖွဲ့များမှအရွေးကောက်ခံ ဗိသုကာပညာရှင်ဟု ပြင်ဆင်ထားပါတယ်။

(ဆ) ဝါရင့်ဗိသုကာပညာရှင်ကြီး ၃ ဦး ဟု ဖြည့်စွက်ထားပါတယ်။

၅။ ကောင်စီဝင်များသည် ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦးနှင့် ဘဏ္ဍာရေးမှူး တစ်ဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့ကောင်စီဝင်များအထဲမှ ရွေးကောက် တင်မြှောက်ရမည်။

၇။ (က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့မှစ၍ လေးနှစ်ဖြစ်သည်။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်အထိ ဆောင်ရွက်နိုင်သည်။

( စ ) ပုဒ်မခွဲ (င) အရ ဖြည့်စွက်ထမ်းဆောင်သော ကာလ သည် ပုဒ်မခွဲ(ဂ)နှင့် (ဃ)ပါ သက်တမ်းနှင့် သက်ဆိုင်ခြင်း မရှိစေရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(ဂ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၅၊ အပိုဒ် ၇ (က)(ဃ)(စ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(ဂ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၅၊ အပိုဒ် ၇(က)(ဃ)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်- အပိုဒ် ၈(ခ)(စ)(ဘ)၊ အပိုဒ် ၉(က)(ဈ)၊ အပိုဒ် ၁၁

**ဥက္ကဋ္ဌ**။ ။(က)၊ (ဈ)လား။ အပိုဒ် ၉(က)(ဈ)ဖြစ်နေတယ်။ (ဈ)လား၊ (ဂ)လား။ (ဈ) ဟုတ်ပြီ။ အပိုဒ်ခွဲငယ်(ဈ)၊ အပိုဒ် ၁၁

၈။ (ခ) နိုင်ငံတကာ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေးအတွက် ဗိသုကာ ပညာနှင့် သက်ဆိုင်သော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ပညာရေးအဖွဲ့များကို အသိအမှတ်ပြု အမည်စာရင်းထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ် သော အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ဗိသုကာပညာရှင်၊ ဗိသုကာဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူ များ၏ အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်း မြှင့်တင်နိုင်ရန် လေ့လာဆန်းစစ် ခြင်း၊ စိစစ်ခြင်းနှင့် လိုအပ်ပါက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ် သော အဖွဲ့ အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(တ) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၉။ (က) အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်း တာဝန်များကို သတ်မှတ်ခြင်း-

(ဈ) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

၁၁။ ကောင်စီသည် ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။ ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် မှတ်ပုံတင်အရာရှိတစ်ဦး ဦးဆောင်သော ရုံးအဖွဲ့ခွဲများကိုလည်း ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈(ခ)(စ)(တ)၊ အပိုဒ် ၉(က)(ဈ)၊ အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(ခ)(စ)(တ)၊ အပိုဒ် ၉(က)(ဈ)၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်-

အပိုဒ် ၁၂(ခ)

၁၂။ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

( ခ ) ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် ခွင့်ပန်ကြားခြင်းမရှိဘဲ သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်

အပိုဒ် ၁၅

ကောင်စီသည် မိမိ၏ ဆောင်ရွက်ချက်များကို တာဝန်ခံ ဝန်ကြီးဌာနသို့ ခြောက်လလျှင် တစ်ကြိမ် အသိပေးတင်ပြရမည်။ လိုအပ်ပါက အခါအားလျော်စွာ အသိပေးတင်ပြနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်

အပိုဒ် ၁၇(က)(ခ)

၁၇။ ကောင်စီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြား ရပ်တည်ရမည်။

(ခ) ရန်ပုံငွေ လုံလောက်မှုမရှိပါက တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်- အပိုဒ် ၂၃(က)(ခ)၊ အပိုဒ် ၂၄(က)(ခ)

၂၃။ (က) နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလပြည့်မြောက်ပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင် လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားသူအား ဗိသုကာအထူးပြုပညာရပ်အလိုက် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုများ ပြုလုပ်၍ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၄။ (က) ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလ ပြည့်မြောက်ပါက မှတ်ပုံတင်ဗိသုကာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားသူအား ဗိသုကာအထူးပြုပညာရပ်အလိုက် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှု

များ ပြုလုပ်၍ မှတ်ပုံတင်ဗိသုကာ လက်မှတ်ကို ထုတ်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၃(က)(ခ)၊ အပိုဒ် ၂၄(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃(က)(ခ)၊ အပိုဒ် ၂၄(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်

အပိုဒ် ၂၇(က)(ခ)၊ အပိုဒ် ၂၈(က)(ခ)၊ အပိုဒ် ၂၉(ခ)၊

အပိုဒ် ၃၀(က)(ခ)(ဂ)

၂၇။ (က) မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလ ပြည့်မြောက်သည့်အခါ ဗိသုကာလိုင်စင် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ဗိသုကာပညာအလိုက် ကောင်စီကကျင်းပသော စစ်ဆေးမှုများကိုအောင်မြင်၍ သတ်မှတ်အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး ဗိသုကာလိုင်စင် ထုတ်ပေးရမည်။

၂၈။ (က) ဗိသုကာလိုင်စင် ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်သည့်အခါ အကြီးတန်း ဗိသုကာလိုင်စင် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင် အဖွဲ့သည် သတ်မှတ် အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်၍ အကြီးတန်း ဗိသုကာလိုင်စင် ထုတ်ပေးရမည်။

၂၉။ (ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရလျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပါက လျှောက်ထားသူအား သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေရမည်။

၃၀။ (က) နိုင်ငံခြားသားဗိသုကာပညာရှင်သည် နိုင်ငံခြားသားဗိသုကာ မှတ်ပုံတင်လက်မှတ်ကို ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး နိုင်ငံခြားသားဗိသုကာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) နိုင်ငံခြားသားဗိသုကာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး လုပ်ကိုင်ခွင့်ပြု သည့် ဗိသုကာပညာအမျိုးအစား၊ လုပ်ကိုင်ခွင့် ပြုသည့် နေရာဒေသ၊ အချိန်ကာလ ကန့်သတ်ချက်နှင့် အခြားလိုအပ်သော စည်းကမ်းချက်များကို ဖော်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၇(က)(ခ)၊ အပိုဒ် ၂၈(က)(ခ)၊ အပိုဒ် ၂၉(ခ)၊ အပိုဒ် ၃၀(က)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၇(က)(ခ)၊ အပိုဒ် ၂၈(က)(ခ)၊ အပိုဒ် ၂၉(ခ)၊ အပိုဒ် ၃၀(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်-

အခန်း(၁၀) အခန်းခေါင်းစဉ်

အခန်း(၁၀)

မှတ်ပုံတင် လက်မှတ်ရရှိသူ၏

တာဝန်နှင့် ရပိုင်ခွင့်များ

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အခန်း ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အခန်း ခေါင်းစဉ် သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်-

အပိုဒ် ၃၂

မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင် ရရှိသူ မည်သူမဆို မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါအရေးယူမှု တစ်ရပ်ရပ်ကို ပြုလုပ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်- အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅

၃၃။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေး ဆိုင်ရာ အရေးယူမှု သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော အရေးယူမှု သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၃၄။ ပုဒ်မ ၃၃ အရ အယူခံမှုတွင် ကောင်စီသည် အလုပ်အမှုဆောင် အဖွဲ့၏ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

၃၅။ ပုဒ်မ၃၄ အရ ချမှတ်သောကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်- အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈(ခ)

၃၆။ နိုင်ငံ့ဝန်ထမ်း ဗိသုကာများက တာဝန်အရ ဆောင်ရွက်ခြင်း မှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ဗိသုကာဆိုင်ရာလုပ်ငန်းနှင့်နည်းပညာ ဆိုင်ရာ လုပ်ငန်းများကို ကောင်စီက ထုတ်ပေးသော မှတ်ပုံတင် လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်း မပြုရ။

၃၇။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို မိမိရရှိသည့် အဆင့်အတန်းနှင့် မလျော်ညီသော အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲ၍ သုံးနှုန်းခြင်း မပြုရ။

၃၈။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို -

(ခ) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့် အရေးယူမှု သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါ အရေးယူမှု သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက် ခြင်း မရှိစေရဟု ပြင်ဆင်ထားပါတယ်။

**အချိန်၊ ၁၆း၂၄။**

**ဥက္ကဋ္ဌ။** ။ ကောင်စီသို့၊ ကောင်စီသို့ နှစ်ခါထပ်နေတယ်။ ဆရာကြီး တွေ့လားမသိဘူး။ မိမိ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့် အရေးယူမှု သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း ခံရပါက ဤဥပဒေနှင့်အညီ ဆိုပြီးတော့ ကောင်စီသို့ဆိုပြီးတော့ တစ်လုံး၊ အဲဒီ ကောင်စီသို့က ပိုနေတယ်။ အဆိုပါ အရေးယူမှု သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက် ခြင်း မရှိစေရ ဒုတိယကောင်စီသို့ကတော့ ပါရမှာပါ။ ရှေ့ကတစ်လုံးပိုနေတာ ဖျက်လိုက်ပါ့မယ်။ ဖျက်လိုက်တော့ ပြည်သူ့လွှတ်တော်ကလာတဲ့ အထဲမှာ အဲဒီလိုကောင်စီသို့ (၂)လုံးထပ်နေလား။ ထပ်တယ်ဆိုရင် ဒါ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အနေနဲ့ ကောင်စီသို့ တစ်လုံးကို ဖျက်ရမှာ။

ဒေါက်တာမြတ်ဉာဏစိုး၊ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။ ကွဲလွဲတဲ့ အနေအထား မျိုး ဖြစ်သွားပါမယ်ခင်ဗျား။ ဒါကတော့ အရေးအသားပဲ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အရေးသား ပြင်ဆင်ချက်အနေနဲ့ပဲ ပြင်ဆင်လိုက်ပါ့မယ်ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်- အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂

၃၉။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သည့်မှတ်ပုံတင် လက်မှတ် ရရှိသူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၁။ မည်သည့်မှတ်ပုံတင် လက်မှတ်ရရှိသူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၄၂။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများနှင့် အမိန့်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**အချိန်၊ ၁၆း၂၈။**

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်- အပိုဒ် ၄၃၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၅၂(ခ)

၄၃။ နိုင်ငံ့ဝန်ထမ်း၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာ ကျွမ်းကျင်သူများသည် မှတ်ပုံတင်လက်မှတ် ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

၄၇။ မြန်မာ့ရိုးရာဗိသုကာပညာရှင်နှင့်အင်ဂျင်နီယာတို့သည် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေဖြင့်သတ်မှတ်ထားသော လုပ်ငန်းများနှင့် အများပြည်သူ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဗိသုကာလုပ်ငန်းများမှအပ၊ မိမိတို့၏ လုပ်ငန်းများကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု ဖြည့်စွက်ထားပါတယ်။

၄၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။

၅၂။(ခ) ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၃၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၅၂(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၃၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၅၂(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက်-

ပြည်သူ့လွှတ်တော်က အပိုဒ် ၃၂ ကို ပယ်ဖျက်ထား ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက်ကို သဘောတူထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၆း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၃၂။**

**ဗိုလ်မှူးချုပ်ကျော်ဦးလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံ ကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်ခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ -
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က (၂၁-၁-၂၀၁၄)ရက်နေ့တွင် အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေး နိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အသေးစားနှင့်

အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို (၁၈-၇-၂၀၁၄) ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ (၂၄-၇-၂၀၁၄) ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော်၊ အစည်းအဝေးတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသန့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်နှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်တို့က အကြံပြု ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာမှု ပြုလုပ်ရန် လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတို့သည် ၂၄-၇-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောတူညီခဲ့ပါသည် -

(က) မူလဥပဒေကြမ်းပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)တွင် ပါရှိသော သက်ဆိုင်သည့် တည်ဆဲဥပဒေများ အရ မှတ်ပုံတင်ထားသည့် လုပ်ငန်းဆောင်ရွက်သူများ၏ အကျိုးအမြတ်မယူသော အသင်းအဖွဲ့ ဆိုသည့် စကားရပ်ကို အဓိပ္ပာယ်ပိုမိုရှင်းလင်းစေရန်အတွက် လုပ်ငန်း ဆောင်ရွက်သူများက တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အကျိုးအမြတ် မယူသည့် အသင်းအဖွဲ့ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(တ)တွင် ပါရှိသော ဆန်းသစ်အသုံးပြုမှုနှင့် စွန့်ဦးတီထွင်မှု ဆိုသည့် စကားရပ်ကို စွန့်ဦးတီထွင်မှု ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(စ)တွင် ပါရှိသော ကုန်စည်များ နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ရေး ဆိုသည့် စကားရပ်ကို ကုန်စည်များထုတ်လုပ်ရေး နှင့် ဝန်ဆောင်မှုများတိုးတက်စေရေး၊ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)တွင် ပါရှိသော ကျေးလက်ဒေသအထိ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းဈေးကွက်များ ဖွံ့ဖြိုးရေးအားပေးမြှင့်တင်ခြင်း၊ ဆိုသည့် စကားရပ်ကို အသေးစား နှင့် အလတ်စားစီးပွားရေး လုပ်ငန်းဈေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေး အားပေးမြှင့်တင်ခြင်း၊ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဠ)တွင် ပါရှိသော အေဂျင်စီ၊ ရန်ပုံငွေစီမံ ခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးဦးစီး ဌာနတို့အား ဖွဲ့စည်းခွင့်ပြုခြင်း။ ဆိုသည့်စကားရပ်ကို အေဂျင်စီ၊ ရန်ပုံငွေစီမံ ခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သော အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဇ) တွင်ပါရှိသော ဗဟိုကော်မတီ ၏ သဘောတူညီချက်ဖြင့် အေဂျင်စီနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လိုအပ်သည်များကို လမ်းညွှန်ခြင်း၊ ဆိုသည့်စကားရပ်ကို ဗဟိုကော်မတီ၏ သဘော တူညီချက်ဖြင့် အေဂျင်စီဒါရိုက်တာ အဖွဲ့၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လိုအပ်သည်များ ကိုလမ်းညွှန်ခြင်း၊ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေပုဒ်မ ၁၀ ကို ပုဒ်မ ၉ အဖြစ် ပြောင်းလဲ

အမှတ်စဉ်ပြီး ယင်းတွင် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးဦးစီးဌာနဆိုသည့်စကားရပ် ကို လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ) ကို ပုဒ်မ ၁၁ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ပါရှိသော နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ပုဂ္ဂိုလ်တစ်ဦးက ဆိုသည့်စကားရပ်ကို နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သောပုဂ္ဂိုလ်ကဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ခ) မူလဥပဒေကြမ်း၏ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၁ ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

(ဂ) မူလဥပဒေကြမ်း၏ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ည) တွင်ပါရှိသော အငြင်းပွားမှုများကို အကြံပေးခြင်း၊ ညှိနှိုင်း ဖြန်ဖြေပေးခြင်းနှင့် စီးပွားရေးဆိုင်ရာ ခုံသမာဓိရုံးများ ပေါ်ပေါက်လာရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ကူညီဆောင်ရွက်ပေးခြင်း ဆိုသည့် စကားရပ်ကို အငြင်းပွားမှုများကို ညှိနှိုင်းဖြန်ဖြေပေးနိုင်သည့် ခုံသမာဓိရုံးများ ပေါ်ပေါက်လာရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၅ တွင် ပါရှိသော အေဂျင်စီရုံးခွဲများသည် သက်ဆိုင်ရာ နယ်မြေအတွင်းရှိ ဆိုသည့်စကားရပ်ကို အေဂျင်စီရုံးခွဲများသည် သက်ဆိုင်ရာနယ်မြေအတွင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၀ တွင်ပါရှိသော ဗဟိုကော်မတီနှင့် အခြားဆက်စပ်သည့် အဖွဲ့အစည်းများနှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ရမည်။ ဆိုသည့် စကားရပ်ကို လုပ်ငန်းကော်မတီ၊ အခြားဆက်စပ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီဆောင်ရွက် ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၁ တွင် ပါရှိသော လိုအပ်သော သုံးသပ်အကြံပြုချက်များကို ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီသို့ တင်ပြခွင့်ရှိသည် ဆိုသည့်စကားရပ်ကို လိုအပ်သော သုံးသပ်အကြံပြုချက်များကို လုပ်ငန်းကော်မတီသို့ တင်ပြခွင့်ရှိသည်။ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၃ ၏ ပုဒ်မခွဲ(ဃ)ကို ပုဒ်မခွဲ(င)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော နစ်နာမှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် အေဂျင်စီသို့ ရုံးခွဲမှတစ်ဆင့် တင်ပြခွင့်ရှိခြင်း ဆိုသည့်စကားရပ်ကို နစ်နာမှုများနှင့် စပ်လျဉ်း၍ အေဂျင်စီရုံးခွဲမှ တစ်ဆင့် အေဂျင်စီသို့ တင်ပြခွင့်ရှိခြင်း ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၂ တွင်ပါရှိသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနများသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ဃ) မူလဥပဒေကြမ်း၏ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)၏အောက်တွင် ပုဒ်မခွဲ(ဃ)အဖြစ် အသစ်ဖြည့်စွက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည် -

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လုပ်ငန်းဆိုင်ရာအခက်အခဲ များနှင့် အဟန့်အတားများကို တတ်နိုင်သမျှ လျှော့ပါးစေရန်

(င) မူလဥပဒေကြမ်း၏ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော ဈေးကွက်များ ချဲ့ထွင်နိုင်ရေးအတွက် ဆိုသည့်စကားရပ်၏နောက်တွင် ပြည်တွင်းပြည်ပဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(ဆ)တွင် ပါရှိသော အခြားသင့်လျော်သူများနှင့် ဖွဲ့စည်း၍ လိုအပ်သည့်ဆိုသည့် စကားရပ်၏နောက်တွင် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ အကြံဉာဏ်များရယူခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၂ တွင်ပါရှိသော ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများအကြား ဆိုသည့်စကားရပ်၏နောက်တွင် အချိတ်အဆက်မိစေရန် လုပ်ငန်းကော်မတီသို့ လိုအပ်သော အကြံဉာဏ်များတင်ပြခြင်း၊ ကူညီဆောင်ရွက်ခြင်းတို့ ပြုလုပ်ခွင့်ရှိသည်။ ဆိုသည့်စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၃၅ တွင်ပါရှိသော တာဝန်ခံဝန်ကြီးဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဆိုသည့် စကားရပ်၏နောက်တွင် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၆ တွင်ပါရှိသော ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အေဂျင်စီဒါရိုက်တာအဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင် ဆိုသည့်စကားရပ်၏နောက်တွင် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ဝင် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးဖြည့်စွက်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

(စ) လုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်နှင့် အခွင့်အရေးများကို ဆီလျော်ညီညွတ်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း ပုဒ်မ ၂၃ ၏ ပုဒ်မခွဲ(ဈ)အား ပုဒ်မခွဲ(ဂ)အဖြစ်လည်းကောင်း၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)ကို ပုဒ်မ ၁၀ အဖြစ်လည်းကောင်း၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)ကို ပုဒ်မ ၁၂ အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်သင့်ပြီး ကျန်ရှိသည့် ပုဒ်မများကို အမှတ်စဉ်များ ပြန်လည်စီစဉ်သင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၃)ဦး၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တို့နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ပြန်လည်အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အချိန်၊ ၁၆း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီးက ဒီဥပဒေကြမ်းအတွက်လာစောင့်တာ၊ နောက်ကျတော့ ဟိုရုံးအဖွဲ့က Agenda မရောက်ခင် မနက်ကတည်းက လာစောင့်ရတဲ့အခါကျတော့ အလုပ်ပျက်တာပေါ့၊ မိနစ်(၃၀)လောက် ကြိုရောက်လို့ရှိရင် ရပါတယ်။ ဝန်ကြီးဌာနနှင့် ချိတ်ထားပြီးတော့ ဘယ်အချိန်ရောက်အောင်လာပါ။ ဒီမှာ အစီအစဉ်တော့ ဘယ်လောက်ရောက်နေပြီဆိုတဲ့ ဆက်သွယ်ညှိနှိုင်းမှု၊ ညှိနှိုင်းရေးအတွက် တစ်ယောက်ထားလိုက်၊ အဲဒီတော့ အဆင်ပြေတာပေါ့၊ အခု ဒီဥစ္စာကို အဆုံးအဖြတ်ယူတဲ့အခါမှာ သဘောမတူတဲ့သူ ရှိပါသလားဆိုရင် ဝန်ကြီးအပိုင်းက ကန့်ကွက်စရာရှိလည်း ကန့်ကွက်ပါ။ ဟိုဟာ ဥပဒေကြမ်းကော်မတီကလည်း အခုမှ မှားတာတွေ့လို့ရှိရင်လည်း ငြိမ်မနေနဲ့၊ ဥက္ကဋ္ဌမမြင်ဘူး ငြိမ်နေလိုက်မယ်ဆိုတာမျိုးတော့ မလုပ်နဲ့၊ ဥပဒေဆိုတာ ပြန်ကြည့်ရင်လည်း တွေ့တယ်။ ပြန်ကြည့်ရင်လည်း တွေ့တာပဲ။ သတ်ပုံ၊ သတ်ညွှန်းမှားနေတာကို မမြင်သွားလို့ရှိရင်လည်း ပြောလို့ရတယ်။ အဲဒါ ထပြောပါ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၆း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၁)၊ အပိုဒ် ၂(ဃ)(တ)

၂။ (ဃ) စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်သူများက တည်ဆဲဥပဒေများနှင့် အညီ ဖွဲ့စည်းထားသော အကျိုးအမြတ် မယူသည့် အသင်းအဖွဲ့ ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသော အဖွဲ့အစည်း၊ တစ်ဆင့်ခံအဖွဲ့အစည်းနှင့် အဖွဲ့ခွဲ တစ်ခုခုကို ဆိုသည်။

(တ) စွန့်ဦးတီထွင်မှုဆိုသည်မှာ ဈေးကွက်ဝင် ပိုမိုအသုံးတည့်သော နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို ဆန်းသစ်တီထွင် ဖန်တီးနိုင်မှုကိုဆိုသည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဃ)(တ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂ (ဃ)(တ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အခန်း(၂)၊ အပိုဒ် ၃

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ဃ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် အဟန့်အတားများကို တတ်နိုင်သမျှ လျော့ပါးစေရန်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ်၃(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၃)၊ အပိုဒ် ၄(စ)

စီးပွားရေးလုပ်ငန်းရှင်များကို ဆန်းသစ်တီထွင်သည့် ကုန်စည်များ ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုများ တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းရည် တိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဖြန့်ဝေမှုတို့တွင် ခေတ်မီနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကို လိုက်လျောညီထွေ အသုံးပြုရေးတို့အတွက် အားပေးတိုက်တွန်းခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄(စ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၄)၊ အပိုဒ် ၆(ဃ)(ဋ)

၆။ (ဃ)အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဈေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေး အားပေး မြှင့်တင်ခြင်း၊

( ဋ ) အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သော အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၆ (ဃ)(ဋ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၆ (ဃ)(ဋ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၅)၊ အပိုဒ် ၈(ခ)(ဆ)(ဇ)၊ အပိုဒ် ၁၀

၈။ ( ခ) ဈေးကွက်များ ချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပ စီးပွားရေးဈေးကွက်များ နှင့် ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ရေးကို ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဆ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအကြံပေးအဖွဲ့ကို ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ လုပ်ငန်းရှင်ကိုယ်စားလှယ်များ၊ အခြားသင့်လျော်သူများနှင့် ဖွဲ့စည်း၍ လိုအပ်သည့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ အကြံဉာဏ်များ ရယူခြင်း၊

(ဇ) ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အေဂျင်စီ ဒါရိုက်တာအဖွဲ့၊ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လိုအပ်သည်များကို လမ်းညွှန်ခြင်း။

၉။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၈(ခ) (ဆ)(ဇ)၊ အပိုဒ် ၁၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၈(ခ) (ဆ)(ဇ)၊ အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အခန်း(၆)၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(ည)၊ အပိုဒ် ၁၅

၁၁။ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ပုဂ္ဂိုလ်က အေဂျင်စီဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ အေဂျင်စီဒါရိုက်တာ အဖွဲ့ဥက္ကဋ္ဌသည် ဒုတိယဝန်ကြီး အဆင့် ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၃။ (ည) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော အငြင်းပွားမှုများကို ညှိနှိုင်းဖြန်ဖြေပေးနိုင်သည့် ခုံသမာဓိရုံးများ ပေါ်ပေါက်လာရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ခြင်း၊

၁၅။ အေဂျင်စီရုံးခွဲများသည် သက်ဆိုင်ရာနယ်မြေအတွင်း တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့များ၏ လုပ်ငန်း ဆောင်ရွက်မှုများကို တာဝန်ခံရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(ည)၊ အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၃(ည)၊ အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၈)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃(ဃ)

၂၀။ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသည် ဤဥပဒေပါ အခြေခံမူများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ၊ အခြားဆက်စပ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီဆောင်ရွက်ရမည်။

၂၁။ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သုံးသပ်အကြံပြုချက်များကို လုပ်ငန်းကော်မတီသို့ တင်ပြခွင့်ရှိသည်။

၂၂။ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများအကြား အချိတ်အဆက်မိစေရန် လုပ်ငန်းကော်မတီသို့ လိုအပ်သောအကြံဉာဏ်များ တင်ပြခြင်း၊ ကူညီဆောင်ရွက်ခြင်းတို့ ပြုလုပ်ခွင့်ရှိသည်။

၂၃။ လုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(င) နစ်နာမှုများနှင့်စပ်လျဉ်း၍ အေဂျင်စီရုံးခွဲမှတစ်ဆင့် အေဂျင်စီသို့ တင်ပြခွင့်ရှိခြင်း ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၁၄)၊ အပိုဒ် ၃၂

၃၂။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေရာ တည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်း ရှိသော ဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများ ပေးအပ်၍ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော အဖွဲ့များတွင် ပူးတွဲတာဝန်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၃၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၁၅)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် တာဝန်ခံဝန်ကြီးဌာနသည် ဗဟို ကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ အေဂျင်စီရုံးခွဲနှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောအဖွဲ့တို့၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည့် အပြင် ကုန်ကျစရိတ်များကို ကျခံရမည်။

၃၆။ တာဝန်ခံဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်း ကော်မတီအဖွဲ့ဝင်၊ အေဂျင်စီ ဒါရိုက်တာအဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေး အဖွဲ့ဝင်နှင့် အကြံပေးအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘော တူညီချက်ဖြင့် သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် မူလဥပဒေကြမ်း၏ အပိုဒ် ၉ နှင့် အပိုဒ် ၁၁ ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက မူလ ဥပဒေကြမ်း၏ အပိုဒ် ၁၂(က)၊ အပိုဒ် ၁၂(ဂ)၊ အပိုဒ် ၂၃(ဈ) တို့ကို အပိုဒ် ၁၀၊ အပိုဒ် ၁၂၊ အပိုဒ် ၂၃(ဂ)တို့အဖြစ် ပြောင်းလဲ အမှတ်စဉ် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြောင်းလဲအမှတ်စဉ်ထားသည့် ပြင်ဆင်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၆း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၅၅။**

**ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမျိုးအောင် ဖြစ်ပါတယ်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေတဲ့ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို စက်မှုဝန်ကြီးဌာနမှ မူကြမ်းရေးဆွဲပြီး အမျိုးသားလွှတ်တော်ကို ဖေဖော်ဝါရီလ (၃)ရက်နေ့က အဆိုပြုတင်သွင်းခဲ့ပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဥပဒေမူကြမ်းကော်မတီ အစည်းအဝေးမှာလည်း အကြိမ်ကြိမ် ဆွေးနွေးခဲ့ပြီး ဖြစ်ပြီး ကနေ့အနေနဲ့ဆိုရင် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြား တင်သွင်းသွားပြီးတော့ ထပ်မံဆွေးနွေးအတည်ပြုချက်များလည်း ပြုလုပ်ပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဆိုပါ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၆:၅၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၆:၅၅။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမိုးမြင့် ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက တင်သွင်းသော အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အတည်ပြုရန်အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၆:၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်သင့်ကြောင်း ပြည်ထောင်စုလွှတ်တော်မှ အကြောင်းကြားလာသည့်ကိစ္စအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၆:၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဥပဒေအမှတ် ၂/၂၀၁၀)ကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်သင့်ကြောင်း ပြည်ထောင်စု လွှတ်တော်မှ အကြောင်းကြားလာသည့်ကိစ္စအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၅၇။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ အားလုံး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ ကိုယ်စား အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀ ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန်ကိစ္စရပ်အပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို တင်ပြ သွားမှာ ဖြစ်ပါ တယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏
နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့်
ဥပဒေကြမ်းကို အတည်ပြုရန် ကိစ္စရပ် အပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁) ၁/၂၀၁၄-
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ရက်

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ ထို့နောက် ပြည်သူ့ လွှတ်တော်က ပြန်လည်ပေးပို့လာသည် ပြင်ဆင်ချက်များအတိုင်း သဘောတူလက် ခံအတည်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပေးပို့ခဲ့ပါသည်။ ဤဥပဒေကြမ်းကို အတည်ပြု ရန် ကိစ္စအပေါ် စိစစ်အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က ၁၆-၆-၂၀၁၄ ရက်စွဲပါစာအမှတ် ၂/ပထ(ကော်မတီ-၂)/၂၀၁၄-၁၁၂ဖြင့် အကြောင်းကြား လာပါသည်။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက ယင်းကိစ္စရပ်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရန် တာဝန်ပေးအပ်ချက် အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၅ - ၇- ၂၀၁၄ ရက်နေ့တွင် အစည်းအဝေး ကျင်းပခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၂၆- ၈ -၂၀၁၃

ရက်နေ့တွင် တင်သွင်းခဲ့ပါသည်။ ပထမအကြိမ်အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး၏ (၂၃)ရက်မြောက်နေ့ဖြစ်သော ၁၂ - ၃ -၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၅)ဦးက ဥပဒေကြမ်းအပေါ်အကြံပြုဆွေးနွေးခဲ့ကြပြီး (၂၈)ရက်မြောက်နေ့ အစည်းအဝေးကျင်းပသည့် ၂၀ - ၃ - ၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် လွှတ်တော်က အတည်ပြုခဲ့ပါသည်။ ထို့နောက် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ၂၁ - ၃ - ၂၀၁၄ ရက်စွဲပါစာအမှတ် ၁/ အမ (ကော်မတီ-၁)၁/၂၀၁၄-၁၄၃ ဖြင့် ပေးပို့ခဲ့ပါသည်။

၃။ ပြည်သူ့လွှတ်တော်က ဤဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ နဝမအကြိမ် အစည်းအဝေး (၃၁) ရက်မြောက်နေ့ ဖြစ်သည့် ၂၅ - ၃ - ၂၀၁၄ ရက်နေ့တွင် ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် သဘောတူခဲ့ပါသည်။ ထိုသို့ ပြင်ဆင်ချက်များဖြင့် သဘောတူညီကြောင်းကို ၂၆-၃-၂၀၁၄ ရက်စွဲပါစာအမှတ် ၀၅/ပသ(ကမတ) ၁/၂၀၁၄-၁၈၂ ဖြင့် အမျိုးသားလွှတ်တော်သို့ အကြောင်းကြားခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့်အပေါ် ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ ဒသမပုံမှန် အစည်းအဝေး၊ ပဥ္စမမြောက်နေ့ ဖြစ်သည့် ၄-၆ -၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က ထပ်မံ အကြံပြု ဆွေးနွေးခဲ့ကြပြီး ၁၁-၆-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံကြောင်း အတည်ပြုခဲ့ပါသည်။ ယင်းသို့ အတည်ပြုခဲ့ခြင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ၁၂ - ၆ - ၂၀၁၄ ရက်စွဲပါစာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၂၂၁ဖြင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ နှင့် အညီအကြောင်းကြားခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအတိုင်း သဘောတူ အတည်ပြုခဲ့ခြင်းဖြစ်ပါသဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို (နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂ / ၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ - ၉၅ (က) အရ လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုခဲ့ပြီးဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့်ဥပဒေကြမ်း တစ်ရပ်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

၆။ သို့ရာတွင် ၁၆ - ၆ - ၂၀၁၄ ရက်စွဲပါ စာအမှတ်-၂/ပထ(ကော်မတီ-၂) /၂၀၁၄-၁၁၂ ဖြင့် ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက မှ ဥပဒေကြမ်းအပေါ်တွင် အောက်ပါ အကြောင်းအရာများကို ပြင်ဆင်သင့်ကြောင်း တွေ့ရှိရပါသဖြင့် စိစစ်အတည်ပြု ပေးရန် အကြောင်းကြားလာခဲ့ပါသည်။

(က) ဥပဒေကြမ်းခေါင်းစဉ်နှင့် အပိုဒ်(၁) တို့တွင် ပါရှိသော (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀) ဟူသော စကားရပ်မှာ ထည့်သွင်းရေးသားသည့် အလေ့အထ မရှိသဖြင့် ပယ်ဖျက်သင့်ကြောင်း၊

(ခ) ဥပဒေကြမ်း၏ ခေါင်းစဉ်ကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၄) ဟု ရေးသားမည့်အစား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ဟု ပြင်ဆင်သင့်ကြောင်း၊

(ဂ) အပိုဒ်-၃၊ စာကြောင်းရေ (၂) တွင် ထုထောင် အစား တည်ထောင် ဟု လည်းကောင်း စာကြောင်းရေ (၃) တွင် မွေးသက္ကရာဇ် အစား မွေးနေ့သက္ကရာဇ် ဟု လည်းကောင်း၊ စာကြောင်းရေ (၄) တွင် နိုင်ငံသားပြုခွင့်လက်မှတ် အစား နိုင်ငံသားပြုခွင့် လက်မှတ် အမှတ် ဟု လည်းကောင်း ပြင်ဆင်သင့်ကြောင်း၊

(ဃ) အပိုဒ်-၄၊ စာကြောင်းရေ (၂) တွင် ကိုင်ဆောင်သူ အစား ကိုင်ဆောင်ထားသူ ဟု ပြင်ဆင် သင့်ကြောင်း၊

(င) အပိုဒ်-၅ ပါ ပုဒ်မ-၂၅ က တွင် ဥပဒေကြမ်းခေါင်းစဉ်၊ အပိုဒ်-၁ တို့နှင့် ညီညွတ်စေရန် အစားထိုးပြင်ဆင်သင့်ကြောင်း၊

၇။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်သင့်ကြောင်း ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကမှ အကြောင်းကြားလာသည့်ကိစ္စအပေါ် အမျိုးသားလွှတ်တော်က သာမန်အားဖြင့် ဆောင်ရွက်ပေးရန် အခြေအနေမရှိသဖြင့် အထူးကိစ္စရပ်အဖြစ် သီးခြားဆောင်ရွက်ရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက သဘောထားရရှိခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၈။ သို့ဖြစ်ပါ၍ (နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့်ဥပဒေကို အတည်ပြုရန်ကိစ္စရပ်အပေါ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက မှ စိစစ်အတည်ပြုပေးပါရန် အကြောင်းကြားလာခြင်းကိစ္စအပေါ် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ခံယူဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**အချိန်၊ ၁၇း၀၄။**

**ဥက္ကဋ္ဌ**။ ။တကယ်တော့ လွှတ်တော်(၂)ရပ်လုံးက သဘောတူထားပြီးတဲ့အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူသည်ဟု မှတ်ယူရမယ့်အဆင့်ကိုရောက်တဲ့ ဥပဒေကြမ်းများဟာ အတည်ပြုပြဋ္ဌာန်းတဲ့အဆင့်ကို ရောက်သွားပါပြီ။ နိုင်ငံတော်သမ္မတ လက်မှတ် မထိုးရင်တောင်မှဘဲ အတည်ပြုပြီးသားဆိုတဲ့ အဆင့်ရောက်သွားတဲ့အတွက် ဒီလိုလွှတ်တော်(၁)ရပ်ကနေပြီးတော့ ဥပဒေကြမ်း ကော်မတီခြင်း ညှိနှိုင်းပြီးတော့ ပြင်မယ်ဆိုလို့ရှိရင် လုပ်ထုံးလုပ်နည်းအရ မသင့်လျော်ဘူး။ မှားယွင်းတဲ့ အနေအထားရှိပါတယ်။ သို့သော်လည်းပဲ ကောင်းမွန်တဲ့ စေတနာနဲ့လုပ်တဲ့ အတွက် ဒါကို အထူးကိစ္စ အနေနဲ့ လွှတ်တော်က လက်ခံဆွေးနွေးသင့်တယ်လို့ ယူဆတဲ့အတွက် တင်ပြတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလိုထပ်မံပြင်ဆင်သင့်တဲ့ အချက်တွေနဲ့ပတ်သက်လို့ ပြည်ထောင်စု လွှတ်တော်ကအကြောင်းကြားလာတဲ့ကိစ္စအပေါ်မှာ အထူးကိစ္စတစ်ရပ်အဖြစ်ဆောင်ရွက်ရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အထူးကိစ္စရပ်အဖြစ် ဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၇း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးမယ့် အမည်စာရင်းတောင်းခံခြင်း၊ ဆွေးနွေးခြင်း၊ ပြန်လည်ဆုံးဖြတ်ခြင်းတို့ ဆောင်ရွက်ရ လောက်တဲ့ အနေအထားလည်းမရှိတဲ့အတွက် တစ်ပါတည်းပဲ ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်သည့် အထူးကိစ္စတစ်ရပ် အဖြစ်ဆောင်ရွက်ရန် လွှတ်တော်က သဘောတူတဲ့အတွက် အခုလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါ့ မယ်။

(က) ဥပဒေကြမ်းခေါင်းစဉ်နှင့် အပိုဒ်(၁)တို့တွင်ပါရှိသော (နိုင်ငံတော်အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၂/၂၀၁၀)ဟူသော စကားရပ်မှာ ထည့်သွင်း ရေးသားသည့် အလေ့အထ မရှိသဖြင့်ပယ်ဖျက်သင့်ကြောင်း၊

(ခ) ဥပဒေကြမ်း၏ခေါင်းစဉ်ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင် သည့်ဥပဒေ (၂၀၁၄)ဟု ရေးသားမည့်အစား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ပြင်ဆင်သင့်ကြောင်း၊

(ဂ) အပိုဒ် (၃) စာကြောင်းရေ (၂)တွင် ထူထောင်အစား တည်ထောင်ဟု လည်းကောင်း၊ စာကြောင်းရေ(၃)တွင် မွေးသက္ကရာဇ်အစား မွေးနေ့သက္ကရာဇ်ဟု လည်းကောင်း၊ စာကြောင်းရေ (၄) တွင် နိုင်ငံသားပြုခွင့် လက်မှတ်အစား နိုင်ငံသားပြုခွင့် လက်မှတ် အမှတ်ဟု လည်းကောင်း ပြင်ဆင်သင့်ကြောင်း၊

(ဃ) အပိုဒ်(၄)စာကြောင်းရေ(၂)တွင် ကိုင်ဆောင်သူအစား ကိုင်ဆောင်ထားသူဟု ပြင်ဆင် သင့်ကြောင်း၊

(င) အပိုဒ်(၅)ပါ ပုဒ်မ ၂၅(က)တွင် ဥပဒေကြမ်းခေါင်းစဉ် အပိုဒ် ၁ တို့နှင့် ညီညွတ် စေရန် အစားထိုးပြင်ဆင်သင့်ကြောင်း တင်ပြလာခြင်းကို လွှတ်တော်က သဘောတူ ပါသလား ခင်ဗျား။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ (င)နဲ့ ပတ်သက်လို့ အစားထိုးပြင်ဆင်သင့်ကြောင်းဆိုတာ ဘယ်လိုပြင်ဆင်ဖို့ တောင်းဆိုတာလဲ။

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အဲဒီ့ ကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀ ဆိုတာကို အဲဒီနေရာမှာလည်း ပယ်ဖျက်ပေးဖို့ အကြံပြု ထားတာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ အချက်(၅)ချက် ဖြစ်ပါတယ်။ အချက်(၅)ချက်နဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်က ပြင်ဆင်ရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၇း၀၇။**

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချက်လေးပါပဲခင်ဗျား။ ဒုတိယအချက်ပါခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၄ ဆိုတာက အခုလက်ရှိတောက်လျှောက် သုံးနှုန်းနေတဲ့ အသုံးအနှုန်းဖြစ်ပါတယ် ခင်ဗျား။ ဒီနေ့ပဲ အတည်ပြုခဲ့တဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဆိုရင်လည်း ၂၀၁၃ ခုနှစ်မှာ ဒုတိယအကြိမ် ပြင်ဆင်ခဲ့ပြီးသား ဖြစ်ပါတယ်။ ဒီမှာလည်း ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ၂၀၁၄ လို့ပဲ သုံးနှုန်းခဲ့တာ ဖြစ်ပါတယ်။ တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေလို့ မသုံးနှုန်းခဲ့ပါဘူးခင်ဗျား။ အဲဒီတော့ ဒီနေရာမှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမှာလည်း ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေလို့ မသုံးနှုန်းဘဲနဲ့ ၂၀၁၄ ခုနှစ်လို့ပဲ ပြင်ဆင်ခဲ့ပါတယ်။ အဲဒီတော့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့တဲ့ဥပဒေတွေ တော်တော်များများမှာ ပြင်ဆင်တဲ့ ခုနှစ်အလိုက်ကိုပဲ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေ၊ ပြည်သူ့လွှတ်တော်ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေတွေကအစ ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေနဲ့ ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေလို့ပဲ ပြင်ဆင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီနေရာမှာ ဒါကို ဒုတိယအကြိမ်လို့ သုံးနှုန်းခဲ့မယ်ဆိုရင် ယခင်ပြင်ဆင်ခဲ့တဲ့ ဥပဒေတွေနဲ့ ကွဲလွဲမှုရှိနေမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေ ၂၀၁၄ လို့ပဲ ဒီ တစ်ချက်ကိုတော့ ဆက်လက်ထားရှိသင့်ကြောင့် လေးစားစွာ တင်ပြလိုပါတယ် ခင်ဗျား။

**အချိန်၊ ၁၇း၀၈။**

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ ပတ်သက်ပြီးတော့ နည်းနည်းလေး ရှင်းပြပါမယ်။ အရင်ပြောဖူးပါတယ်။ ဥပဒေရေးထုံးမှားနေတဲ့ ကိစ္စပေါ့၊ ခုနှစ်၊ သက္ကရာဇ်တွေထည့်တာ မလိုအပ်ဘဲ မထည့်ရဘူး။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၂၀၀၈၊ စပြီးတော့ ပုံနှိပ်တဲ့ အချိန်မှာ အဲဒီပုံနှိပ်တဲ့ တာဝန်ခံတဲ့ ဝန်ကြီးဌာနက မှားလိုက်တဲ့အခါမှာ အဲဒီ၂၀၀၈ ကြီးပါနေတာပါ။ တကယ်တမ်း ၂၀၀၈ ကြီး မလိုပါဘူး။ (၄၇) ဥပဒေလို့ခေါ်ပေမယ့် (၄၇)လို့ မထည့်ပါဘူး။ မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပဲ ပြဋ္ဌာန်းတဲ့ ရက်တွေသာ (၄၇) ဖြစ်တာပါ။ (၇၄)ဆိုလည်း (၇၄)လို့ မထည့်ပါဘူး ဥပဒေ ခေါင်းစဉ်တွေမှာ။ အလားတူပဲ ဥပဒေခေါင်းစဉ်တွေမှာ ခုနှစ်၊ သက္ကရာဇ်ထည့်လေ့မရှိဘူး။ ဒီခုနှစ်ထဲမှာ နောက်တစ်ကြိမ်၊ နောက်တစ်ကြိမ်၊ နောက်တစ်ကြိမ် ထပ်ပြင်ရင်လည်း ပြင်မှာပဲ။ ဒုတိယ၊ တတိယအကြိမ်၊ စတုတ္ထအကြိမ်၊ ဒါဒီဥစ္စာပို့တဲ့အရာ မှန်ပါတယ်။ ၂၀၁၄ ကို ဖြုတ်သင့်တယ်ဆိုတာ မှန်ပါတယ်။ အဲဒီတော့ ကျန်တာတွေက အမှားတွေ ဖြစ်နေတယ်။ နောင် မမှားနဲ့ပေါ့၊ ဟုတ်ပြီနော်။ ကျန်တာမရှိဘူးလား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်သင့်ကြောင်း တင်ပြချက်များကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၆)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၃၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၇း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ၁၇း၁၁ နာရီ အချိန်တွင် ရပ်နားပါသည်။]